ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 10 July 2020 ၁၀၀၆၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

Covid တားဆီးရေး၊ ကုသရေးဆေးတွေ မထုတ်လုပ်နိုင်တဲ့ကာလအတွင်း လိုအပ်ချက်တွေနဲ့အညီ လူနေမှုစနစ်တစ်ခုလုံး ပြောင်းလဲတာအထိမဟုတ်ဘဲ နေပုံထိုင်ပုံအပြောင်းအလဲအချို့တော့ လိုပါလိမ့်မယ်ဟု ရေးသားဖော်ပြ

နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid တားဆီးရေး၊ ကုသရေးဆေးတွေ မထုတ်လုပ်နိုင်တဲ့ကာလအတွင်း လိုအပ်ချက်တွေနဲ့အညီ လူနေမှုစနစ်တစ်ခုလုံး ပြောင်းလဲတာအထိမဟုတ်ဘဲ နေပုံထိုင်ပုံ အပြောင်းအလဲအချို့တော့ လိုပါလိမ့်မယ်ဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "New Normal" ဆိုတဲ့အသုံးအနှုန်းက စဉ်းစားစရာ ဖြစ်ပါကြောင်း၊ 'နေထိုင်မှုပုံစံအသစ်'လို့အဓိပ္ပာယ်ဖော်ရမလား၊ Covid ကြောင့် ကမ္ဘာကြီးက ပြန်မပြောင်းနိုင်တော့တဲ့အနေအထား ရောက်သွားလို့ ပုံစံအသစ်နဲ့ အားလုံးနေသွားကြရမဲ့သဘောလား၊ ဒီအချိန်မှာတော့ ဆုံးဖြတ်ဖို့စောသေးပါကြောင်း။

- **"New Normal" ဆိုတဲ့အသုံးအနှုန်းက စဉ်းစားစရာ ဖြစ်**
- **'နေထိုင်မှုပုံစံအသစ်'လို့ အဓိပ္ပာယ်ဖော်ရမလား၊ Covid ကြောင့် ကမ္ဘာကြီးက ပြန်မပြောင်းနိုင်တော့တဲ့ အနေအထားရောက်သွားလို့ ပုံစံအသစ်နဲ့ အားလုံးနေသွားကြရမဲ့သဘောလား၊ ဒီအချိန်မှာတော့ ဆုံးဖြတ်ဖို့ စောသေး**

မိမိတို့ကမ္ဘာလူသားတွေဟာ သမိုင်းတစ်လျှောက် ကပ်ရောဂါကြီးများနဲ့ ရင်ဆိုင်ခဲ့ရပါကြောင်း၊ (၁၄) ရာစုနှစ်အတွင်း ရိုက်ခတ်သွားတဲ့ ပလိပ်ရောဂါကပ်ကြီးကြောင့် လူတွေသန်းရာနဲ့ချီတဲ့အထိ သေဆုံးခဲ့တယ်လို့ ခန့်မှန်းကြပါကြောင်း၊ အကျိုးဆက်အနေနဲ့ လူ့အသိုင်းအဝိုင်းအချို့မှာ လူမှုရေး၊ စီးပွားရေးပုံစံတွေပြောင်းလဲသွားခဲ့ပေမဲ့ လူသားတွေနေထိုင်မှုပုံစံတွေ ပြောင်းသွားတယ်လို့တော့ မဆိုနိုင်ပါကြောင်း။

သတ္တန္တရကပ်ကြီးတွေဖြစ်တဲ့ ပထမ၊ ဒုတိယ ကမ္ဘာစစ်ကြီးများရဲ့အကျိုးဆက်လို့ဆိုရမဲ့ နိုင်ငံတကာ ဆက်ဆံရေးပုံစံသစ်အချို့ဟာဆိုရင် ယခုအဟောင်းတွေလိုတောင် ဖြစ်နေပြီဖြစ်ပါကြောင်း။

စက်မှုတော်လှန်ရေး၊ ဆက်သွယ်ရေးနည်းပညာတော်လှန်ရေးတွေကြောင့်လည်း မိမိတို့တွေရဲ့ နိစ္စဓူဝဘဝတွေ ပြောင်းလဲရပါကြောင်း၊ အခုလို မိမိ Facebook မှတစ်ဆင့် ဆက်သွယ်နေနိုင်တာကလည်း ဒီအပြောင်းအလဲကြောင့်ပဲ ဖြစ်ပါကြောင်း။

လူသားတွေဟာ အခြေအနေလိုအပ်ချက်နဲ့ညီအောင်နေနိုင်စွမ်းကို မှီပြီး ရှင်သန်ကြရပါကြောင်း၊ Covid တားဆီးရေး၊ ကုသရေးဆေးတွေ မထုတ်လုပ်နိုင်တဲ့ကာလအတွင်း လိုအပ်ချက်တွေနဲ့အညီ လူနေမှုစနစ်တစ်ခုလုံး ပြောင်းလဲတာအထိမဟုတ်ဘဲ နေပုံထိုင်ပုံ အပြောင်းအလဲအချို့တော့ လိုပါလိမ့်မယ်ဟု ရေးသားထားသည်။

မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၈၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၉

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၈၃ ဦးသည် မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ◆

ကြေးမုံ ယနေ့ ဖတ်စရာ

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ရှောင်တခင်စစ်ဆေး ဆောင်ရွက်သွားမည်

စာမျက်နှာ » ၅

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

ဆောင်းပါး စာမျက်နှာ » ၆

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အသိတရားဖြင့် ရောဂါဘေးအန္တရာယ်ရှင်း

ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်မှုနှင့် ပတ်သက်၍ ဇူလိုင်လ ၉ ရက်နေ့ ည ၈ နာရီအထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၃၁၉ ဦးရှိပြီး ယင်းတို့အနက် လူနာ ၂၅၄ ဦးမှာ ရောဂါသက်သာပျောက်ကင်းသွားပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စိုးရိမ်ဖွယ်ရာလူနာ အထူးအထွေမရှိသဖြင့် တစ်စတစ်စရောဂါပါးလျား ကင်းရှင်းသွားမည့်သဘောဖြစ်သည်။

လောကသဘောတရားများတွင် ရေများရေနိုင်၊ မီးများမီးနိုင် ဆိုသကဲ့သို့ ရောဂါကူးစက်မှု များလျှင်များသလောက် အစုလိုက်အပြုံလိုက် မနိုင်မနင်းဖြစ်နိုင်ပြီး ရောဂါကူးစက်မှု နည်းလျှင်နည်းသလောက် ရောဂါကင်းစင်သွားအောင် ပြုလုပ်နိုင်သည်ကို ယနေ့ကမ္ဘာ့နိုင်ငံများ ရောဂါကူးစက်ဖြစ်ပွားနေပုံကို လေ့လာကြည့်လျှင် သိသာနိုင်ပေသည်။ ကိုဗစ်-၁၉ ရောဂါ ကမ္ဘာတွင်ဖြစ်ပွားသည့် အချိန်မှစလျှင် ယခုအခါ နှစ်ဝက်ကျော်ကာလသို့ပင်ရောက်ရှိနေပြီ ဖြစ်သည်။ နှစ်ဝက်ကျော်ကာလတွင် ရောဂါအရှိန်အဟုန်မှာ တဖြည်းဖြည်းလျော့နည်းလာရန်သင့်သော်လည်း အမေရိကန်၊ ဘရာဇီး၊ ဗြိတိန်စသည့်နိုင်ငံကြီးများတွင် ရောဂါအရှိန်အဟုန် ပို၍ပင်မြင့်မားနေသည်ကို ယနေ့လက်ရှိအချိန်အထိ တွေ့မြင်နေရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကို အတော်အသင့်ထိန်းချုပ်ထားနိုင်ပြီ။ ရောဂါကူးစက်ပျံ့နှံ့မှု မရှိသလောက်နည်းပါးပြီး ပိုးတွေ့လူနာများကို နိုင်နိုင်နင်းနင်းကုသပေးနိုင်သဖြင့် ရောဂါဖြစ်ပွားသူ တစ်စတစ်စလျော့ပါး ကင်းစင်သွားမည့်သဘောဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းနေ ပြည်သူအချင်းချင်း ရောဂါကူးစက်ဖြစ်ပွားမှု မရှိသလောက်ဖြစ်နေပြီး ပိုးတွေ့လူနာထပ်တိုးသည်မှာ ပြည်ပမှရောက်ရှိလာသူများမှ ဖြစ်ပေါ်သည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်ပမှရောက်ရှိလာသူများအား ရောဂါရှာဖွေစစ်ဆေးကာ ကာကွယ်မှု၊ ထိန်းချုပ်မှု၊ ကုသမှုအပိုင်းများကို လက်ရှိအခြေအနေအတိုင်း ဆက်လက်ထိန်းသိမ်းထားနိုင်ပါက ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးပြီး ပုံမှန်နေထိုင်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအနေအထားအရ သတိထားရမည့်အချက်မှာ ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို လျှော့ချမပစ်ရေးနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား စနစ်တကျစစ်ဆေးစောင့်ရှောက် ကာကွယ်၊ ကုသမှုများ ပေးနိုင်ရေးဖြစ်သည်။ ရောဂါဖြစ်ပွားခြင်း၏ အဓိကအချက်မှာ ပြည်ပမှရောက်ရှိလာခြင်းဖြစ်၍ မည်သည့်လမ်းကြောင်းမှဖြစ်စေ တရားဝင်စနစ်တကျ ပြန်လည်ဝင်ရောက်ကြရန်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်၊ စစ်ဆေးချက်များကို ကြည်ကြည်ဖြူဖြူ လက်ခံဆောင်ရွက်ကြဖို့ဖြစ်သည်။

ယနေ့ကာလအထိ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြသော နိုင်ငံသားများမှာ အတိုင်းအတာတစ်ခုသာရှိသေးပြီး ပြည်ပနိုင်ငံအသီးသီးတွင် မြန်မာနိုင်ငံသားများ အမြောက်အမြားရှိနေသည့်အတွက် မြန်မာနိုင်ငံသို့ ပြန်လာလိုသော နိုင်ငံသားများအား ကူညီစောင့်ရှောက်မှုပေးရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။ ယခုအခါ ပြည်ပနိုင်ငံအချို့တွင် ရောဂါဖြစ်ပွားနှုန်း မြင့်မားနေသဖြင့် ထိုနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများထံမှ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် ကြိုတင်ပြင်ဆင်ကာ ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်လျက်ရှိသည်။ ထိုနိုင်ငံအားလုံး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲဖြစ်ပြီး မြန်မာနိုင်ငံသို့ပြန်လာပါက နယ်စပ်ဂိတ်များမှတစ်ဆင့် ဥပဒေနှင့်အညီ စနစ်တကျပြန်လည်ဝင်ရောက်ကြရန် ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ထိတွေ့သောနယ်စပ်များမှာ ရှည်လျားကျယ်ပြန့်လှသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မည့်အန္တရာယ်ကို ဝိုင်းဝန်းတားဆီးပေးရန်လိုအပ်သည်။ တရားမဝင် ဝင်ရောက်လာသူတွင် ရောဂါပိုးပါရှိလာပါက နိုင်ငံအတွက် ကြီးမားသောအန္တရာယ် ကျရောက်လာနိုင်သဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုကို သက်ဆိုင်ရာတာဝန်ရှိသူများအားဖြင့် မလုံလောက်ဘဲ နယ်စပ်နေ တိုင်းရင်းသားပြည်သူများကပါ အသိတရားဖြင့် ပါဝင်ကူညီသတင်းပေးဆောင်ရွက်တတ်ရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဘေးအန္တရာယ် ကင်းဝေးစေနိုင်သည့် အနေအထားကောင်းများ ရရှိထားပြီးဖြစ်သည်။ ဆက်လက်၍ ပိုမိုစိတ်ချပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနေထိုင်လုပ်ကိုင်နိုင်စေရန် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး ရောဂါဘေးကင်းဝေးရေးအတွက် အသိတရားဖြင့် အလေးအနက်ထား၍ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

နေပြည်တော် ဇူလိုင် ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၈၂ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁ ရက်၊ ဇူလိုင် ၂၀ ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည် ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ဇူလိုင် ၁၉ ရက် မွန်းလွဲ ၃နာရီ နောက်ဆုံးထား၍ ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟကျောင်းဆောင်ရှိ စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပို့တော်မူကြပါရန် ပင့်လျှောက်လွှာများ ဆက်ကပ်ပြီးဖြစ်ပါသည်။

ပင့်လျှောက်လွှာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်အတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟကျောင်းဆောင်ရှိ စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပို့တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

စာအုပ်စာပေ လူ့မိတ်ဆွေ

ပညာလို အိုသည်မရှိ

မစ္စတာ မာကာရိမိ အဘီဆိုလာ အဒီချောင်ဘူ အား မြန်မာနိုင်ငံဆိုင်ရာ ဘီနင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ မာကာရိမိ အဘီဆိုလာ အဒီချောင်ဘူ အား တိုကျိုမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘီနင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူပြီးဖြစ်သည်။

မစ္စတာ မာကာရိမိ အဘီဆိုလာ အဒီချောင်ဘူသည် ကုတ်ဒီဗွားနိုင်ငံ အဘစ်ဂျန်တက္ကသိုလ်မှ ၁၉၇၉ ခုနှစ်တွင် အသုံးချစီးပွားရေးပညာဘွဲ့နှင့် ၁၉၈၀ ပြည့်နှစ်တွင် အသုံးချစီးပွားရေး ပညာမဟာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ ဆီနီဂေါနိုင်ငံနှင့် တိုဂိုနိုင်ငံတို့ရှိ United Nations Capital Development Fund (UNCDF) ၌ ရာထူးတာဝန် အသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်းနစ်ဘာ့ခ်မြို့ရှိ အာဖရိကတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသဆိုင်ရာ UNCDF ၏ အကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အီသီယိုပီးယားနိုင်ငံ အဒစ်အာဘာဘာမြို့ရှိ အာဖရိကတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသဆိုင်ရာ UNCDF ၏ အကြီးအကဲအဖြစ်လည်းကောင်း၊ ဆီနီဂေါနိုင်ငံ ဒတ်ကာမြို့နှင့် တောင်အာဖရိကနိုင်ငံ ဂျိုဟန်းနစ်ဘာ့ခ်မြို့တို့၌ အာဖရိကဒေသဆိုင်ရာ UNCDF အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အာဖရိကဖွံ့ဖြိုးရေးဘဏ် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပြည်ပြည်ဆိုင်ရာရန်ပုံငွေနှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အောက်ရှိ ငွေကြေးထည့်ဝင်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် နိုင်ငံတကာကျွမ်းကျင်ပညာရှင်/ အကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် မစ္စတာ မာကာရိမိ အဘီဆိုလာ အဒီချောင်ဘူ သည် ဂျပန်နိုင်ငံနှင့် အာရှနှင့် သမုဒ္ဒရာကျွန်းစုနိုင်ငံပေါင်း ၁၄ နိုင်ငံဆိုင်ရာ ဘီနင်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး ငါးဦးရှိသည်။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၇-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၅၀၀	၁၀,၅၀၀	၇၀၀	၇,၃၅၀,၀၀၀
MTSH	၃,၈၅၀	၃,၈၀၀	၃၆၈	၁,၄၁၁,၈၀၀
MCB	၈,၁၀၀	၈,၁၀၀	၂၅	၂၀၂,၅၀၀
FPB	၂၂,၀၀၀	၂၃,၀၀၀	၃,၄၀၆	၇၅,၉၆၉,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၅၀၀	၁,၃၇၅,၀၀၀
EFR	၂,၇၀၀	၂,၇၀၀	၁၁၀	၂၉၇,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၉

ရန်ကုန်(ရွှေဈေး) ၁၂၃၄၅၀၀ မန္တလေး(ရွှေဈေး) ၁၂၃၄၅၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်	မန္တလေး
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၄၀/၅၇၅ ကျပ်	၅၈၀/၅၉၅ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၃၀/၅၆၀ ကျပ်	၅၆၅/၅၈၀ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၁၀/၆၂၅ ကျပ်	၆၇၀/၆၉၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၈၀/၅၁၀ ကျပ်	၅၅၀/၅၆၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၆၅/၄၈၅ ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၆၅/၄၉၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၂၀/၄၆၅ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၈.၆
(ခ) ဥရောပ	တစ်ယူရို	=	၁၅၄၉.၅
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၅.၈၃
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၈၈၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၁.၁၉
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၂၃၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၉၅၅.၅၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၈၂.၉၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၇၅.၃
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၄.၅၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၂၈ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁ /၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

ကြည်း ၂၅၈၀၄ ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် အစား ကြည်း ၃၀၅၆၃ ဒုတိယဗိုလ်မှူးကြီးအေးရွှေ

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၂၉ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆) နှင့် ၁၅-၁-၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

(၁) ကြည်း ၃၈၀၅၁ ဗိုလ်မှူးထက်လင်း အစား ကြည်း ၂၉၈၆၆ ဗိုလ်မှူးတင်နိုင်ဦး
(၂) ကြည်း ၃၈၀၆၆ ဗိုလ်မှူးတင်အောင်ဟိန်း အစား ကြည်း ၃၈၁၄၀ ဗိုလ်မှူးဖြိုးစည်သူဝင်း

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သားတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၃၀ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယ အကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော် သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ် (၁၀) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက် အမှတ် (၃/၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက် အမှတ် (၂၈/၂၀၁၆)၊ ၁၆-၅-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/၂၀၁၇)၊ ၆-၁၁-၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) နှင့် ၁၅-၁-၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆/၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
(၁) ကြည်း ၃၈၈၀၉ ဗိုလ်မှူး သက်ဝင်း အစား ကြည်း ၄၁၉၆၁ ဗိုလ်မှူး လှထွဋ်နောင်
(၂) ကြည်း ၄၈၇၆၆ ဗိုလ်ကြီး ရာဇာထက် အစား ကြည်း ၅၄၂၀၄ ဗိုလ်ကြီး ရန်ကျော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၃) ကြည်း ၃၇၁၆၄ ဗိုလ်မှူး ပြည့်ဖြိုးဇော် အစား ကြည်း ၃၈၁၀၂ ဗိုလ်မှူး တင်နိုင်ဝင်း

မကွေးတိုင်းဒေသကြီးလွှတ်တော်
(၄) ကြည်း ၅၁၈၄၉ ဗိုလ်ကြီး နေလွင်ထူး အစား ကြည်း ၅၁၈၄၇ ဗိုလ်ကြီး လှိုင်မြင့်ထွန်း

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်
(၅) ကြည်း ၂၇၇၆၈ ဗိုလ်မှူး အောင်သန်းဝင်း အစား ကြည်း ၃၇၇၀၃ ဗိုလ်မှူး မျိုးမင်းထွန်း
(၆) ကြည်း ၃၉၀၂၈ ဗိုလ်မှူး ငြိမ်းချမ်းအောင် အစား ကြည်း ၄၂၅၂၄ ဗိုလ်မှူး ကျော်စွာဝင်း
(၇) ကြည်း ၃၉၀၆၇ ဗိုလ်မှူး ဟိန်းဇော် အစား ကြည်း ၄၅၅၈၄ ဗိုလ်မှူး ကြည်ဖေလင်း

ရှမ်းပြည်နယ်လွှတ်တော်
(၈) ကြည်း ၁၉၀၃၅ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို အစား ကြည်း ၃၂၀၃၇ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ထွန်း
(၉) ကြည်း ၃၀၅၈၉ ဗိုလ်မှူး စိုးသူထွန်း အစား ကြည်း ၂၉၇၇၇ ဗိုလ်မှူး စိုးသူ

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်
(၁၀) ကြည်း ၃၃၅၃၅ ဗိုလ်မှူး နိုင်ထူးအေး အစား ကြည်း ၃၈၅၀၅ ဗိုလ်မှူး မွန်မြတ်သူစိုး

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အသိပေးကြော်ငြာခြင်း

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်)အား COVID – 19 ရောဂါဖြစ်ပွားနေခြင်းကြောင့် ခေတ္တပိတ်ခြင်းဖြစ်ပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ခွင့်ပြုချိန်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါသည်။

သို့သော် ၁၉-၇-၂၀၂၀ ရက်နေ့တွင် ကျရောက်မည့် (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်(နတ်မောက်)တို့အား (၁၆-၇-၂၀၂၀) နေ့တွင် https://www.nationalmuseumyangon.gov.mm Website တွင် လည်းကောင်း၊ https://www.facebook/nationalmuseumyangon/တွင် လည်းကောင်း၊ https://www.generalaungsanmuseum.com တွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
အမျိုးသားပြတိုက် (ရန်ကုန်)**

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း ၃၉ ကျောင်းတွင် လက်ဆေးဘေစင်များ တပ်ဆင်

ရန်ကုန် ဇူလိုင် ၉
မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ပြန်လည်စတင်တော့မည်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်ခြေကို လျှော့ချနိုင်ရန် အခြေခံပညာကျောင်းများတွင် ပိုစတာများ၊ ဗီနိုင်းကပ်ခြင်းနှင့် လက်ဆေးဘေစင်များ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ဂျာမန်ကြက်ခြေနီအသင်း၏ အထောက်အပံ့ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အခြေခံပညာကျောင်း ရှစ်ကျောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် အခြေခံပညာကျောင်း သုံးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် အခြေခံပညာကျောင်း လေးကျောင်း၊ ခရမ်းမြို့နယ်တွင် အခြေခံပညာကျောင်း ၁၃ ကျောင်း၊ သန်လျင်မြို့နယ်တွင် အခြေခံပညာကျောင်း ၁၀ ကျောင်းတို့တွင် လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးပိုစတာနှင့် ဗီနိုင်းကပ်ခြင်းများကို ဇူလိုင် ၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျောင်းများတွင် လက်ဆေးဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ လက်သန့်ဆေးရည်များ ထောက်ပံ့ခြင်းနှင့် မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း စသည့် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဝင်းအောင်(MRCS)

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၁၃)ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၉

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၁၃)ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Motegi Toshimitsu နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pham Binh Minh တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အဓိကဆွေးနွေး

အစည်းအဝေးတွင် ဝန်ကြီးများက မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် လူတိုင်းကျန်းမာရေးဝန်ဆောင်မှုရရှိစေရေး (Universal Health Coverage) ရည်မှန်းချက်ရရှိစေရန် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စနှင့် ကိုဗစ်-၁၉ အလွန်ကာလ မဲခေါင်ဒေသတွင်း၌ စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို အဓိက ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မဲခေါင်ဒေသတွင်း နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု နည်းအောင် ထိန်းချုပ်နိုင်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဩနစ်ဦးပိုင်းမှစ၍ စောစီးစွာ စတင်စောင့်ကြည့်ခဲ့မှု၊ “တစ်နိုင်ငံလုံးပါဝင်သည့် ချဉ်းကပ်ပုံစံ” ဖြင့် ပြည်သူလူထုနှင့် စေတနာရှင်များ၏ ပါဝင်ကူညီမှုကို ရယူဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် ကပ်ရောဂါကို ယနေ့အထိ ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဘဏ္ဍာရေးနှင့် လူမှုစီးပွား ထိခိုက်မှုများအပေါ် ကူညီပံ့ပိုးပေးရေးအတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးနှင့် မဲခေါင်ဒေသစီးပွားရေး ပြန်လည်ကောင်းမွန်ရေးတို့အတွက် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စများအား ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင် SDG Goal 3 ဖြစ်သည့် “လူတိုင်းကျန်းမာရေးဝန်ဆောင်မှုရရှိရေး (UHC)” ကိစ္စအား ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ကြရန် ကိုဗစ်-၁၉ မဖြစ်ပွားမီကပင် သဘောတူထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) တွင်လည်း ၂၀၃၀ ပြည့်နှစ်တွင် UHC အောင်မြင်နိုင်ရေး ရည်မှန်းချက်ထည့်သွင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဂျပန်ယန်း နှစ်ဘီလီယံတန်ဖိုးရှိ ဆေးဝါးကုသမှုဆိုင်ရာပစ္စည်းနှင့် အသုံးအဆောင်များ ထောက်ပံ့ခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းအတွက် ဆေး၊ ကိုဗစ်-၁၉ စစ်ဆေးရေးကိရိယာ၊ ဓာတ်ပြုပစ္စည်းများနှင့် Avigan ဆေးဝါးများ ပေးအပ်ခြင်းတို့အတွက် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထုတ်ပြန်

အစည်းအဝေးအပြီးတွင် “လူတိုင်းကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်မှုအောင်မြင်ရေးနှင့် စီးပွားရေးဆက်ဆံမှု ကျစ်လျစ်ခိုင်မာစေရေးအတွက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု” နှင့် ပတ်သက်သည့် ပူးတွဲသဘာပတိကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းပူးတွဲကြေညာချက်အရ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အတွေ့အကြုံကို အသုံးချပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်မျှဝေသွားရန်၊ ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်နှင့် အမျိုးသားကျန်းမာရေးစနစ်ခိုင်မာစေရေး တည်ဆောက်သွားရန်လည်း သဘောတူခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ လိုအပ်ချက်နှင့် အကြံပြုချက်များ သိရှိနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ စေတနာ့ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ လိုအပ်ချက်နှင့် အကြံပြုချက်များကို သိရှိနိုင်ရေး အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့နံနက်ပိုင်း၌ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ဂုဏ်ယူအသိအမှတ်ပြု

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ဖြစ်စဉ်တစ်လျှောက်လုံး ပြည်သူလူထုအနေဖြင့် စေတနာ့ဝန်ထမ်းအလုပ်များတွင် အားတက်သရောပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် နိုင်ငံတော်အနေဖြင့် ဂုဏ်ယူပါကြောင်း၊ အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် ယခုလိုတွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအား ရင်ထိုးတံဆိပ်များ၊ ဂုဏ်ပြုကတ်များကို ကိုယ်တိုင်ကိုယ်ကျ ပေးအပ်လိုသော်လည်း အခြေအနေအရ တစ်ဦးချင်း မပေးအပ်နိုင်သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တာဝန်ရှိသူများထံ ရောက်အောင်သွားပြီး ပေးအပ်ခဲ့ရပါကြောင်း၊ အဓိကအားဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များအနေဖြင့် မိမိတို့၏အတွေ့အကြုံများ၊ လိုအပ်ချက်များကို ဆွေးနွေးပေးစေလိုကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ယခုလို ပုံစံသစ်ဖြင့် ကိုယ်တိုင်မရောက်နိုင်သော်လည်း ဝေးလံသော ဒေသအသီးသီးရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များနှင့် အချိန်တိုအတွင်း ဆွေးနွေးခွင့်ရခြင်းသည် အားသာချက်တစ်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြောကြား

ထို့နောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များက မြို့နယ်အလိုက် ဆွေးနွေးကြရာတွင် ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ကြရသူများအား အစားအသောက်စီစဉ်ကျွေးမွေးရာတွင် ကာလကြာမြင့်လာသည်နှင့်အမျှ ရန်ပုံငွေအခက်အခဲရှိမှု၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသူများအား ကြိုဆိုရေးနှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ရာတွင် နှာခေါင်းစည်း၊ လက်အိတ်၊ sugical gown များ လိုအပ်မှု၊ တရားဝင်ဖွင့်လှစ်ထားသည့် ဂိတ်များမှမဟုတ်ဘဲ ပြန်လည်ဝင်ရောက်လာကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ တရားမဝင် ပြန်လည်ဝင်ရောက်မှုများ မရှိစေရေး နယ်စပ်ဂိတ်များကို သေချာ စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးစေလိုမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များသည် ပြည်ပမှပြန်လည်ဝင်ရောက်လာကြသူများအား အမြန်လမ်း သုညမိုင်နှင့် ဘူတာကြီးတို့၌ သွားရောက်ကြိုဆိုရာတွင် အခက်အခဲကြုံတွေ့ရမှု၊ ရထားဖြင့်ပြန်လာကြသည့် ပြည်ပပြန်များအား ရထားတွဲသီးခြားခွဲ၍ စီစဉ်ပေးလိုက်သော်လည်း ဘူတာကြီးသို့ ဆိုက်ရောက်ချိန်တွင် ပုံမှန်ခရီးသွားသူများနှင့် ရောနှောမှုများရှိနေ၍ စိုးရိမ်နေရမှု၊ ပြည်ပပြန်များအား သက်ဆိုင်ရာ မြို့နယ်များအလိုက် သွားရောက်ကြိုဆိုကြရာတွင် လမ်းစရိတ်များ၊ စက်သုံးဆီများ လိုအပ်မှု၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ပြီး၍ မိမိဒေသသို့ ပြန်ရမည့် တချို့သူများတွင် လမ်းစရိတ်လိုအပ်မှုများ၊ လူအများစုက နှာခေါင်းစည်းတပ်ခြင်းနှင့် ခပ်ခွာခွာနေခြင်းတို့ အားနည်းလာမှု၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသိပညာပေးဆောင်ရွက်မှု၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် Mask Campaign(ကမ်ပိန်း)၊ လက်ဆေးခြင်း Campaign(ကမ်ပိန်း)များ ဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ ကျောင်းသားကျောင်းသူများ၏ မိဘများအား စိတ်ပူပန်မှုများ လျှော့ချပေးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းစီစဉ်နေမှု၊ ကျောင်းများ ပြန်ဖွင့်ပါက ဆရာ ဆရာမများအနေဖြင့် စာသင်ကြားရေးအပြင် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးကိုပါ ကျောင်းအတွင်း၌ ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် ၎င်းတို့အား အထောက်အကူဖြစ်စေရန် မြို့နယ်အလိုက် ပညာရေးအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းပေးစေလိုမှုများနှင့် ဂုဏ်ပြုလွှာများမရရှိသေးသည့် ထပ်တိုးစေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များအတွက် ဆောင်ရွက်ပေးစေလိုမှုများကို ပြောကြားခဲ့ကြသည်။

ဆောင်ရွက်ပေးရန် တင်ပြ

ထို့အပြင် သဘာဝဘေးအန္တရာယ် နှစ်စဉ်ကြုံတွေ့ရသည့် ဒေသများရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များက ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အအုံများ၊ အသက်ကယ်လှေများ၊ အသက်ကယ်အင်္ကျီများ ပံ့ပိုးပေးစေလိုခြင်းနှင့် ဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ရာတွင်လည်း ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးစေလိုခြင်း ကိစ္စများကို တင်ပြခဲ့ကြသည်။

ဆက်လက်ကူညီ

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် တိုက်ရိုက်ကူညီပံ့ပိုးနိုင်သည့် ကိစ္စများကို အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းပေးရမည့်ကိစ္စများကိုလည်း တိုက်တွန်းညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဂုဏ်ပြုလွှာများ မရရှိသေးသည့်သူများအတွက်လည်း စာရင်းများပေးပို့စေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေးနှင့်ပတ်သက်သည့်ကိစ္စများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများအား အမြန်ဆုံး ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးမှုများ၊ အကြံပြုချက်များသည် များစွာအကျိုးရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာလ ပြီးဆုံးခြင်းမရှိသေးသည့်အတွက် အားလုံးက ဆက်လက်ဝိုင်းဝန်း ကူညီပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြ

ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီး ပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြပါစို့။

(၁၉၄၉ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ရှောင်တခင် စစ်ဆေးဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန
စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍
ရှောင်တခင်စစ်ဆေးမည့် ညွှန်ကြားချက်
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀-၄-၂၀၂၀ ရက်နေ့မှစ၍ စစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပါသည်။

၂။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ စစ်ဆေးခဲ့ရာ စစ်ဆေးရန် ကျန်ရှိသည့် အလုပ်ဌာနများအနေဖြင့်လည်း လုပ်သားလူအင်အားနည်းပါးသည့် ကိုယ်ပိုင်လုပ်ငန်းများ၊ အသေးစားတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများဖြစ်၍ ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသော Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၁၆-၅-၂၀၂၀ ရက်နေ့မှစ၍ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၃။ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး လိုက်နာမှု ရှိ၊ မရှိကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသော Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ရှောင်တခင်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ILO Virtual Global Summit on COVID-19 and the world of work အစည်းအဝေးတွင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြား

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ILO Virtual Global Summit on COVID-19 and the world of work အစည်းအဝေးတွင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၉

ILO Virtual Global Summit on COVID-19 and the world of work အစည်းအဝေး၏ Constituents' Day အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နေပြည်တော်မှ ပါဝင်တက်ရောက်၍ Pre-recorded Video ပေးပို့ပြီး မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder နှင့်အတူ ILO အဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ အလုပ်ရှင်၊ အလုပ်သမားခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်အကိုင်လောကအပေါ် သက်ရောက်မှုများအား အနာဂတ် အလုပ်အကိုင်ဆိုင်ရာ ILO ရာပြည့် ကြေညာချက်ကို အခြေခံ၍ တုံ့ပြန်ရေးနည်းလမ်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အထောက်အကူဖြစ်စေနိုင်မည်

Constituents' Day အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိန့်ခွန်းပြောကြားရာတွင် ဤထိပ်သီးညီလာခံက ကမ္ဘာ့အလုပ်အကိုင်လောက ရှေ့ဆက်နိုင်ရေး တွန်းအားပေးရန်နှင့် အလွန်အရေးပါသော လမ်းညွှန်မှုများချမှတ်နိုင်ရန် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့၏ ကိုဗစ်-၁၉ နှင့် အလုပ်အကိုင်လောကအပေါ် မူဝါဒရေးရာ အကျဉ်းချုပ်တွင် ဖော်ပြထားသည့်အတိုင်း အလုပ်သမားများ၏ ကျန်းမာရေးကို တစ်ဖက်တွင် စောင့်ရှောက်ကာကွယ်ပေးပြီး တစ်ပြိုင်နက်တည်းတွင် လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရေး အစီအမံများ သေချာစွာ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်မှုများအား အကျဉ်းချုပ်ပြောရလျှင် မြန်မာအစိုးရအနေဖြင့် ပါဝင်သက်ဆိုင်သူအားလုံးတို့နှင့်အတူ ရောဂါကိုရင်ဆိုင်ရန် ကပ်ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေး ဆောင်ရွက်ချက်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်မှုနည်းလမ်း (A Whole of Nation Approach) ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ILO က အကြံပြုခဲ့သော ကိုဗစ်-၁၉ တုံ့ပြန်ရေးမူဝါဒရေးရာမူဘောင်နှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ရန်နှင့် ပြန်လည်ကုစားနိုင်ရန်အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ထိခိုက်မှုအများဆုံးခံနေရသော အဓိက စီးပွားရေးလုပ်ငန်းအမျိုးအစား သုံးမျိုးကို ကူညီပံ့ပိုးပေးရန် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ခဲ့ကြောင်း၊ ဘဏ်အတိုးနှုန်းများ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်များကိုလည်း လျှော့ချပေးခဲ့ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများကို လူမှုဖူလုံရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် အထောက်အပံ့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များဖြင့် ပြန်လည်ခေါ်ယူပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမားများကို နယ်စပ်ဂိတ်များတွင် ကြိုဆို၍ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများသို့ ပို့ဆောင်ခြင်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကပ်ရောဂါ မရောက်ရှိမီကတည်းက ILO နှင့်ပူးပေါင်း၍ သုံးပွင့်ဆိုင်အစည်းအဝေးများ ကျင်းပခဲ့ကြောင်း၊ အနာဂတ်တွင် ဆောင်ရွက်မည့် အစီအမံများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးသွားမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ကျန်းမာရေးနှင့် စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ လုပ်ငန်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါသည် လူ့အသက်ပေါင်းများစွာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေရုံသာမက စီးပွားရေး၊ လူမှုရေးတို့ကိုလည်း ဆုံးရှုံးမှုများစွာ ဖြစ်စေခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ သို့သော်ကံကောင်းထောက်မစွာဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို တွန်းလှန်တိုက်ဖျက်နိုင်ရန်အတွက် ကမ္ဘာပေါ်ရှိ လူသားများသည် ပိုမိုစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်လာကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးဟူသည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြပြီး ကမ္ဘာကြီးသည် တစ်ခုတည်းသောလူမှုအဖွဲ့အစည်းအဖြစ် ပိုမိုစည်းလုံးလာသည်ကို တွေ့ရကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျန်ရစ်မနေစေရဟူသည့် စကားရပ်အတိုင်း ပုံမှန်လူနေမှုဘဝအသစ်ကို အမြန်ဆုံးရရှိပြီး ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သော ပုံမှန်လူနေမှုဘဝဆီသို့ တက်လှမ်းနိုင်ရန် မိမိတို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကို အောင်မြင်စွာ ကျော်လွှားဖြတ်သန်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း ထည့်သွင်းပြောကြားသည်။

သတင်းစဉ်

ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅ - ၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း
(၁၉၁၅ – ၁၉၄၇)

မြန်မာ့လွတ်လပ်ရေးကို နောက်ဆုံး ဦးဆောင်အရယူပေးခဲ့သည့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် မော်ကွန်းထိုးခံရသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(တကသ)ဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ(ဗကသ)ဥက္ကဋ္ဌ၊ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး၊ ဗမာ့ထွက်ရပ်ဂိုဏ်း အထွေထွေအတွင်းရေးမှူး၊ ဂျပန် စစ်ပညာသင် ရဲဘော်သုံးကျိပ်ခေါင်းဆောင်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ) စစ်သေနာပတိ၊ စစ်ဝန်ကြီး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်ရေးခေါင်းဆောင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ဥက္ကဋ္ဌ၊ ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီ ဒုတိယဥက္ကဋ္ဌ (ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်အဖြစ် ပြည်မနှင့်တောင်တန်း တညီတညွတ်တည်း လွတ်လပ်ရေးယူမည့် သမိုင်းဝင် “ပင်လုံစာချုပ်”၊ မြန်မာ့လွတ်လပ်ရေး၏ အခြေခံအုတ်မြစ် “အောင်ဆန်း – အက်တလီ စာချုပ်”တို့ကို ဦးဆောင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းသမိုင်းပါမောက္ခ ဂျီ၊ အိပ်ချ်လူ့စ်က “မြန်မာ့သမိုင်းတွင် ကျန်စစ်သားနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လက်နက်အင်အားမပါဘဲ ပထမဆုံး စွမ်းဆောင်ပေးခဲ့သူ”ဟု ဗိုလ်မှူးဘရှင်၏ “မြန်မာနိုင်ငံတော်သမိုင်း” (၁၉၄၈)အမှာ၌ မှတ်တမ်းတင်ခဲ့သည်။ လွတ်လပ်ရေးအတွက် တစ်ခုတည်းသောစိတ်ဖြင့် ကိုယ်ကျိုးစွန့်ကြိုးပမ်းခဲ့သော်လည်း စစ်ပြီးစ ခေတ်ပြိုင် စီနီယာ နိုင်ငံရေးသမားတစ်ဦး၏ “ဂျပန်အဝင် လူသတ်မှုတစ်ခုကို ကိုယ်တိုင်ကျူးလွန်ခဲ့သူ”ဟု လူသိရှင်ကြား စွပ်စွဲခံရသည်။ ထိုစွပ်စွဲချက်ကို “ကျွန်ုပ်၏ လိပ်ပြာကား လုံးဝသန့်ရှင်းလျက်ရှိသည်။ ကျွန်ုပ်၏ လိပ်ပြာတည်းဟူသော ကိုယ်စောင့်နတ်ရှေ့တွင် ကျွန်ုပ်သည် အမြဲအားဖြင့် စေ့စေ့ကြည့်ကာ တည့်တည့်ဖြေဆိုနိုင်သည်။ ကျွန်ုပ်တို့အား ပုတ်ခတ်စွပ်စွဲသူများသည် မိမိတို့၏လိပ်ပြာကိုယ်စောင့်နတ် တရားခုံတွင် ရှေးဦးစွာ မိမိတို့ကိုယ်ကို မိမိတို့အစစ်ဆေးခံပြီးမှ သူတစ်ပါးတို့အား စွပ်စွဲကြရန် အကြံပေးလိုသည်” ဟူသော ကိုယ်တိုင်ဖြေရှင်းချက်ကို ၁၉၄၆ ခု၊ ဧပြီလ ၁၂ ရက် သတင်းစုံဂျာနယ်၌ မှတ်တမ်းတင်ထားသည်။ ထိုသို့ လွတ်လပ်ရေးရအံ့ဆဲဆဲ ပန်းတိုင် အဝင် နိုင်ငံ့တာဝန် ထမ်းဆောင်နေစဉ် မသမာသူ အကြမ်းဖက်လူတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည်။ ဤကြေကွဲဖွယ် ဖြစ်ရပ်ကြီးကို တို့ဗမာအစည်းအရုံးနာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းက… အာဇာနည် ဗိမာန် ပုထိုးကိုဖြင့် ပါရမီ အဓိဋ္ဌာန်တစ်မျိုးရယ်နှင့် ရှိခိုးကာ ဆရာ ကန်တော့ချင်ပါရဲ့ … ဟု ဖွဲ့ဆိုခဲ့ပါသည်။

(၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့တွင် မကွေးခရိုင် နတ်မောက်မြို့ တောင်ရွာကြီး၌ မွေးဖွားသည်။ အဖ ရှေ့နေ ဦးဖာ၊ မိခင် ဒေါ်စုဖြစ်သည်။ မွေးချင်း ကိုးယောက်တွင် အငယ်ဆုံးဖြစ်ပြီး ဇာတာအမည် ထိန်လင်းဖြစ်သည်။ အစ်ကိုဖြစ်သူ အောင်သန်း အမည်လိုက်ကာ “အောင်ဆန်း”ဟု တွင်သည်။ မိခင်ဘက်က အဘိုးမှာ မြို့လုလင်သူကြီး ဦးမင်းရောင်ဖြစ်သည်။ ပါတော်မူစဉ်က နတ်မောက်မြို့လုလင်မှ “ရွှေလရောင်”အမည်ဖြင့် ဗြိတိသျှနယ်ချဲ့တို့ကို ခုခံခဲ့သူ မျိုးချစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

အသက် ၈ နှစ်တွင် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ဘကြီးဘုန်းကြီး ဦးသောဘိတ၏ မြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ယူသည်။ ၁၃ နှစ်တွင် အစ်ကိုကြီး ဦးဘဝင်း (အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း)ရှိရာ ရေနံချောင်းမြို့ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ၁၉၃၀ ပြည့်နှစ် အစိုးရစစ်သတ္တမတန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး နဝမ၊ ဗုဒ္ဓဘာသာစာသင်ကျောင်းများနှင့် အမျိုးသားကျောင်းများ၌ ပထမရသည်။ ဦးရွှေခိုဆု ချီးမြှင့်ခံရသည်။ အစိုးရစကောလားရှစ် ပညာသင်ဆု တစ်လ ၁၀ ကျပ် သုံးနှစ်ဆက်တိုက်ရသည်။ ၁၉၃၂ခုနှစ် ဆယ်တန်းစာမေးပွဲတွင် မြန်မာစာ၊ ပါဠိ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်သည်။

၁၉၃၂–၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်သင်ယူသည်။ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၇–၃၈ ခုနှစ်တွင် ဥပဒေပညာဆက်လက်ဆည်းပူးသည်။ တက္ကသိုလ်ပညာသင်ယူနေစဉ် ၁၉၃၅–၃၆ ခုနှစ်တွင် တကာသအမှုဆောင်၊ ပြန်ကြားရေးတာဝန်ခံ၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၃၆–၃၇ ခုနှစ်တွင် တကာသဒုတိယဥက္ကဋ္ဌ၊ ပဲခူးဆောင် သဟာယနှင့်စာဖတ်အသင်း ဥက္ကဋ္ဌ၊ သားအထက်တန်းကျောင်း၌ ဒုတိယအကြိမ် ဗကသညီလာခံ ကျင်းပရာ သဘာပတိအဖြစ် ဆောင်ရွက်သည်။ အိန္ဒိယ ကွန်ဂရက်ပါတီခေါင်းဆောင် ဂျဝါဟာလာနေရူးနှင့် သမီးအင်ဒီရာတို့ ညီလာခံတက်ရောက်ကြသည်။ ညီလာခံက ဗကသ ဥက္ကဋ္ဌတာဝန်နှင့်တက္ကသိုလ် အက်ဥပဒေပြင်ဆင်ရေး ကော်မတီဆော်ဩသူအဖြစ် ခန့်အပ်ခဲ့သည်။ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဝတ်လုံတော်ရ ဦးကျော်မြင့်၊ အဖွဲ့ဝင်အဖြစ် အမ်အေ ရာရှစ်၊ သခင် သိန်းမောင်၊ နယူးဘားမား ဦးတင်မောင်တို့ ပါဝင်သည်။“ဆော်ဩသူ အောင်ဆန်း”အမည်နှင့်“တက္ကသိုလ် ကျောင်းသားများ သမဂ္ဂအသင်းမှ ခန့်အပ်ထားသော တက္ကသိုလ်ပြင်ဆင်ရေးကော်မတီ၏ မှတ်တမ်း” Memorandum on the Report of the University Act Enquiry Committee ကို အင်္ဂလိပ် – မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

သခင်အမည်ခံယူ

၁၉၃၇–၃၈ ခုနှစ် ဥပဒေတန်းတက်စဉ် နယူးဘားမား အင်္ဂလိပ်သတင်းစာ၌ အချိန်ပိုင်း အယ်ဒီတာအဖြစ် သတင်းစာခေါင်းကြီးများ ရေးသား

၁၉၃၅–၃၆ ခုနှစ် တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်း၊ ကိုသိန်းတင်(အိုးဝေဦးညိုမြ)နှင့် အိုးဝေမဂ္ဂဇင်းကော်မတီအဖွဲ့ဝင်များအား တွေ့ရစဉ်။

၁၉၃၇–၃၈ ခုနှစ်တွင် တကာသ အရန်အလုပ်အမှုဆောင်၊ ဗကသ ဥက္ကဋ္ဌ၊ ၁၉၃၈ ခုနှစ် နိုဝင်ဘာလအထိ တကာသဥက္ကဋ္ဌနှင့် ဗကသ ဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်ခဲ့သည်။

“ပဲခူးကဝေ” အမည်ဖြင့် ဘာသာပြန်ဆုရခဲ့

ရန်ကုန်တက္ကသိုလ် ဥပစာတန်း ပညာသင်နေစဉ် ၁၉၃၃ ခုနှစ် ဂန္ထလောကမဂ္ဂဇင်း ဘာသာပြန်ပြိုင်ပွဲ အမှတ် ၄၁ တွင် “ပဲခူးကဝေ” အမည်ဖြင့် ဘာသာပြန်ဆု ရခဲ့သည်။ မူရင်းစာမှာ လန်ဒန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံနှင့် ဘောဂဗေဒပညာရှင် ဟာရိုဂျေလက် စကီ၏ စာဖြစ်သည်။ ၁၉၃၅ ခုနှစ် မေလနှင့် ဇူလိုင်လ ဂန္ထလောကမဂ္ဂဇင်း အင်္ဂလိပ်စာကဏ္ဍတွင် အမည်ရင်းဖြင့် ကျောင်းများ၌ တူညီဝတ်စုံ ဝတ်သင့်ကြောင်း ဆောင်းပါးရေးသားသည်။ ပန်းတနော်ဦးသန့်၏ ဂန္ထလောကမဂ္ဂဇင်း အင်္ဂလိပ်စာကဏ္ဍပါ“ကျောင်းများတွင် ကျောင်းသားများ လွတ်လပ်စွာ ဝတ်စားဆင်ယင်သင့်ကြောင်း” ဆောင်းပါးကို ပြန်လည်ဝေဖန်ခြင်းဖြစ်သည်။ သူရိယမဂ္ဂဇင်းတွင်လည်း“အညာသားလေး” အမည်ဖြင့် “မင်းကြီးဦးမင်းရောင်” ဆောင်းပါးရေးသားခဲ့သည်။

၁၉၃၆ ခုနှစ် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ် မဂ္ဂဇင်းပါ "Hell Hound at Large" (ငရဲခွေးကြီး လွတ်နေပြီ) ပေးစာရေးသူ အမည်ကို ထုတ်ဖော်ပြောရန် ငြင်းဆန်သဖြင့် ကျောင်းထုတ်ခံရသည်။ သမဂ္ဂ ဥက္ကဋ္ဌ ကိုနုနှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း ကျောင်းထုတ်ခံရသည့်အတွက် ၁၉၃၆ ကျောင်းသားသပိတ်ပေါ်ပေါက်လာသည်။ သပိတ်တွင် သပိတ်မှောက်ကျောင်းသားများကောင်စီ ပြန်ကြားရေးတာဝန်ခံအဖြစ် တာဝန်ယူခဲ့သည်။ သပိတ်မှောက်ပြီး ၁၉၃၆ ခုနှစ် မေလ ၈ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ဗကသ တည်ထောင်ရာ တည်ထောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၃၇ ခုနှစ် မေလ ၉ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့ ဗဟိုအမျိုးသည်။ ၁၉၃၈ ခုနှစ် နွေရာသီကျောင်းပိတ်ရက် ဧပြီ ၂၄ နှင့် ၂၅ ရက်တို့တွင် ပုသိမ်မြို့၌ ကျင်းပသော တတိယအကြိမ် ဗကသ ညီလာခံကို တက်ရောက်သည်။ ဩဂုတ်လ ပထမနှစ်ဝက် ကျောင်းပိတ်ရက်တွင် ဥပဒေတန်းကို စွန့်၍ ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့သည်။ စက်တင်ဘာလတွင် “တိုင်းပြည်အကျိုး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် တက္ကသိုလ်မှ ထွက်ခဲ့ကြောင်း” သတင်းစာများ၌ ကြေညာခဲ့သည်။ အောက်တိုဘာလတွင် ကိုနုနှင့်အတူ တို့ဗမာအစည်းအရုံးဝင်၍ သခင်အမည်ခံယူသည်။ သခင်ကိုယ်တော်မှိုင်း၏ အမိန့်ဖြင့် တို့ဗမာအစည်းအရုံး ဌာနချုပ်အလုပ်အမှုဆောင်၊ ဝါဒဖြန့်ချိရေးတာဝန်ခံ ဖြစ်လာသည်။

၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် တကာသနှင့် ဗကသ ဥက္ကဋ္ဌရာထူးနှစ်ရပ်ကို စွန့်လွှတ်သည်။ နိုဝင်ဘာ ၂၆ ရက်တွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရွှေတိဂုံအလယ်ပစ္စယာ၌ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးဖွဲ့စည်းခဲ့ရာ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တို့ဗမာအစည်းအရုံး ဌာနချုပ်အလုပ်အမှုဆောင်များနှင့်အတူ အရေးပေါ်လုံခြုံရေးဥပဒေအရ သီတင်းနှစ်ပတ် ဖမ်းဆီးခံရသည်။ ၁၉၃၉ ခုနှစ် ဧပြီလ ၇ ရက်မှ ၁၀ ရက်အထိ မော်လမြိုင်တွင် ကျင်းပသော စတုတ္ထအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးညီလာခံတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ညီလာခံက ဌာနချုပ် အလုပ်အမှုဆောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်သည်။ မှတ်တမ်းတင်သူ သခင်အောင်ဆန်း အမည်ဖြင့် “မော်လမြိုင် ညီလာခံသဘင်မှတ်တမ်း”ကို တို့ဗမာအစည်းအရုံးက ထုတ်ဝေသည်။

စာမျက်နှာ ၇ သို့❖

❖ စာမျက်နှာ ၆ မှ

ညီလာခံအပြီး ဇွန်လတွင် ဌာနချုပ်အလုပ်အမှုဆောင်များနှင့် ညှိနှိုင်း၍ "တို့ဗမာဝါဒနှင့် စည်းမျဉ်း"ကို ပြန်လည်ရေးဆွဲသည်။ ဇူလိုင်လတွင် တို့ဗမာအစည်းအရုံး နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံအဖြစ် ပူးတွဲဆောင်ရွက်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီကို လျှို့ဝှက်ဖွဲ့စည်း

၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ရန်ကုန်မြို့ မြေနီကုန်း မြေနုလမ်း အမှတ် ၁၄ ကိုဗဟိန်းနေအိမ်၌ သခင်လှဖေ (ဗိုလ်လက်ျာ)၊ ကိုဗဟိန်း၊ ရဲဘော်နတ်(ဂ်)၊ သခင်စိုးတို့နှင့်အတူ "ဗမာပြည်ကွန်မြူနစ်ပါတီ"ကို လျှို့ဝှက်ဖွဲ့စည်းပြီး အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ဗမာ့ထွက်ရပ်ဂိုဏ်း အထွေထွေအတွင်းရေးမှူး၊ နိုဝင်ဘာ ၁၈ ရက်တွင် မြေအောက်တော်လှန်ရေးအဖွဲ့ (နောင်ပြည်သူ့အရေးတော်ပုံပါတီ)၏ နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်သည်။

၁၉၄၀ ပြည့်နှစ် မတ်လ ၁၂ ရက်တွင် အိန္ဒိယကွန်ဂရက်ပါတီ၏ ဖိတ်ကြားချက်အရ သခင်တင်မောင် (ပန်းတနော်)၊ သခင်သန်းထွန်း၊ သခင်ခင်အောင်၊ သခင်အုန်းဖေ (ဝါးခယ်မ)၊ သခင်အုန်းမြင့်တို့ ပါဝင်သော တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ အိန္ဒိယနိုင်ငံ ရမ်းဂါးညီလာခံ တက်ရောက်ခဲ့သည်။ ညီလာခံအပြီး ပြည်နယ်အချို့ကို လေ့လာရေးခရီးဆက်ထွက်၍ အိန္ဒိယနိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ မေလ ၁ ရက်တွင် ရန်ကုန်ပြန်ရောက်သည်။

ပထမဆုံး ရွေးချယ်တင်မြှောက်ခံရ

၁၉၄၀ ပြည့်နှစ် မေလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သာယာဝတီမြို့၌ ကျင်းပသော ပဉ္စမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးညီလာခံ၌ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ညီလာခံက ဌာနချုပ်အမှုဆောင်အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက်တာဝန်ပေးအပ်သည်။ ဇွန်လ ၅ ရက်တွင် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့၌ ရန်ကုန်တက္ကသိုလ် ကျောင်းသားများကိုယ်စားလှယ်အဖြစ် ပထမဆုံး ရွေးချယ်တင်မြှောက်ခံရသည်။ ဇွန်လ ၁၅ ရက်တွင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် တက္ကသိုလ်သမဂ္ဂခန်းမ၌ မိန့်ခွန်းပြောသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၉ ရက်တွင် ဟင်္သာတစီရင်စုရာဇဝတ်ဝန်ဇေဗီးယား (D.W Harrison Xavier) က သခင်အောင်ဆန်းအား ဟင်္သာတစီရင်စု ဇလွန်မြို့နယ် ဒေါင့်ကြီးရွာ ဇွန်လ ၁ ရက် ညတရားပွဲ၌ အစိုးရကို အကြည်ညိုပျက်ရန် ဟောပြောမှုအတွက် ရာဇသတ်ပုဒ်မ ၁၂၄(က)အရ ဆုငွေ ငါးကျပ် ဝရမ်းထုတ်ခဲ့သည်။ အဖမ်းမခံဘဲ တိမ်းရှောင်နေစဉ် တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ နိုင်ငံခြားအကူအညီရှာရန် သခင်လှမြိုင်(ဗိုလ်ရန်အောင်)နှင့်အတူ ဩဂုတ်လ ၈ ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ တရုတ်နိုင်ငံ အမွိုင်သို့ နော်ဝေပိုင် ဟိုင်လီသင်္ဘောဖြင့် လျှို့ဝှက်ထွက်ခွာခဲ့သည်။ ဩဂုတ်လ ၁၄ ရက်တွင် အမွိုင်သို့ရောက်သည်။ အမွိုင်တွင် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်မရဘဲ သောင်တင်နေသည်။ ထိုစဉ် တို့ဗမာအစည်းအရုံးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း အလုပ်အမှုဆောင် ဒေါက်တာသိန်းမောင်၏ ကြိုးပမ်းမှုဖြင့် တိုင်ပေ ဂျပန် စစ်ဌာနချုပ်နှင့် အဆက်အသွယ်ရသည်။ နိုဝင်ဘာလ ၁၂ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်သည်။ ဂျပန် စစ်အာဏာပိုင်များထံ "လွတ်လပ်သော မြန်မာပြည် ပြန်လည်ထူထောင်ရေးစီမံကိန်း" ကို ရေးဆွဲတင်ပြသည်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း

စစ်ပညာသင်ကြားခဲ့

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် မြန်မာနိုင်ငံကို ရေကြောင်းမှ လျှို့ဝှက်ပြန်လာသည်။ မတ်လ ၃ ရက်တွင် ပုသိမ်မှတစ်ဆင့် ရန်ကုန်ရောက်သည်။ မြေအောက်တော်လှန်ရေးအဖွဲ့ခေါင်းဆောင် သခင်မြ၊ သခင်ချစ်တို့နှင့် ဆွေးနွေးပြီး ရဲဘော်သုံးကျိပ် ပထမအသုတ်အဖြစ် ကျောင်းသားခေါင်းဆောင် ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ တို့ဗမာအစည်းအရုံးမှ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်အေးမောင်(ဗိုလ်မိုး)၊ သခင်ဗဂျမ်း (ဗိုလ်လရောင်) တို့နှင့်အတူ မတ်လ ၁၁ ရက်တွင် ရေကြောင်းမှ ဂျပန်နိုင်ငံသို့ လျှို့ဝှက်ထွက်ခွာခဲ့သည်။ တို့ဗမာအစည်းအရုံးနှစ်ခုမှ လူငယ် ၂၇ ဦးတို့ကို ဦးဆောင်၍ ဟိုင်နန်ကျွန်း "စန်ယ" စစ်ပညာသင်ကျောင်းတွင် ဧပြီလ ၂၅ ရက်မှစတင်၍ စစ်ပညာသင်ကြားခဲ့သည်။ အောက်တိုဘာလ ၅ ရက်တွင် ထိုင်ဝမ်ကျွန်း တာမာဆာတိုမြို့ သင်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ယူသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မီနာမီကီကန် (Minami Kikan) အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးဆူဇူကီး (ဗိုလ်မိုးကြိုး)၏ အကူအညီဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ဦးဆောင်ဖွဲ့စည်းသည်။ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ရန် စစ်ကြောင်းများ သတ်မှတ်တာဝန်ပေးသည်။ ဒီဇင်ဘာလ ၃၁ ရက်တွင် ဗန်ကောက်မြို့ ဘော်နီယိုကုမ္ပဏီဝင်း အတွင်း၌ စစ်ရေးပြအခမ်းအနား ကျင်းပပြီး ဗိုလ်မှူးကြီး ဆူဇူကီးနှင့်အတူ မိန့်ခွန်းပြောခဲ့သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဂျပန်တပ်မတော်နှင့်အတူ ဘီအိုင်အေသည် စစ်ကြောင်းသုံးကြောင်းဖြန့်လျက် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ခဲ့သည်။ ဘီအိုင်အေ ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင် စစ်ဦးစီးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဩဂုတ်လ ၁ ရက်တွင် ဘီအိုင်အေကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ် ပြောင်းလဲပြီး ဗိုလ်မှူးကြီးရာထူးဖြင့် ဘီဒီအေ စစ်သေနာပတိချုပ်ဖြစ်လာသည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် မြောင်းမြမြို့ ဦးဘိုးညွင်း၊ ဒေါ်ဘွားစုတို့၏သမီး သူနာပြုဆရာမ မခင်ကြည်နှင့် စစ်ဆေးရုံ(ရန်ကုန်စစ်ရုံးချုပ်)၌ လက်ထပ်သည်။ သား အောင်ဆန်းဦး၊ (အောင်ဆန်းလင်း)နှင့် သမီး အောင်ဆန်းစုကြည် (ယခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်) တို့ ထွန်းကားသည်။

ဂျပန်ဘုရင်၏ တက်နေဝန်းတံဆိပ် ချီးမြှင့်ခံရ

၁၉၄၃ ခုနှစ်တွင် ဗိုလ်ချုပ်ရာထူးဖြင့် ဘီဒီအေ စစ်သေနာပတိ၊ ၁၉၄၃ ခုနှစ် မတ်လ ၈ ရက်တွင် ဗမာ့လွတ်လပ်ရေးစီစဉ်မှုကော်မရှင် အဖွဲ့ဝင်၊ ၁၉၄၃–၄၅ ခုနှစ်တွင် လွတ်လပ်သော ဗမာနိုင်ငံအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီး၊ စစ်သေနာပတိ တာဝန်ယူခဲ့သည်။ ဒေါက်တာဘမော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်သည်။ ဂျပန်ဘုရင်၏ တက်နေဝန်းတံဆိပ်(Order of the Rising Sun) ချီးမြှင့်ခံရသည်။ ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၄ ရက်တွင် ဂျပန်ဘုရင်၏ ပထမဆင့် ဆုတံဆိပ်(Order of the Sacred Treasure First Class) ထပ်မံ ချီးမြှင့်ခံရသည်။

၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၇ ရက်အထိ ပဲခူးမြို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော၏ ဘီဒီအေ စံပြတပ်ရင်းတွင် မြေအောက်ကွန်မြူနစ်ပါတီမှ သခင်စိုး၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီး သခင်သန်းထွန်းတို့နှင့် လျှို့ဝှက်တွေ့ဆုံ၍ ဖက်ဆစ်တော်လှန်ရေးကိစ္စများ ဆွေးနွေးသည်။ ဆွေးနွေးပွဲမှ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေးနှင့် "နယ်ချဲ့ဖက်ဆစ်ဓားပြ ဂျပန်လူရိုင်းများကို မောင်းထုတ်"ဟူသော ကြေညာစာတမ်းအမှတ် ၁ ကို လက်ခံအတည်ပြုခဲ့သည်။ ဩဂုတ်လ ၂၃ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်နေအိမ်၌ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် (ဖတဖ) Anti–Fascist Organization(AFO)ကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အထိ ဗိုလ်ချုပ်နေအိမ်တွင် ဖတဖ ခေါင်းဆောင်များ ထပ်မံတွေ့ဆုံပြီး ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်ကို ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ)အမည်သို့ပြင်ဆင်၍ ဖတပလ၏ဗဟိုစစ်ကောင်စီ စစ်ရေးခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် စစ်တိုင်းကြီးများ၊ စစ်နယ်မြေများနှင့် ဦးစီးခေါင်းဆောင်များ သတ်မှတ်သည်။ ဖက်ဆစ်တော်လှန်ရေးကို ဧပြီလ ၂ ရက်တွင် စတင်ရန် ဆုံးဖြတ်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် တစ်နိုင်ငံလုံး ဖက်ဆစ်တော်လှန်ရေး စတင်သည်။ ဗိုလ်ချုပ်သည် သရက်မြို့ အနောက်ဘက် သရက်ချောင်းရွာ ရှေ့တန်းစစ်ဦးစီးချုပ်ရုံးက ဦးဆောင်သည်။ ဖက်ဆစ်တော်လှန်ရေးအပြီး ဩဂုတ်လ ၁၉ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီး နေသူရိန်ကဇာတ်ရုံ၌ ဖတပလက ကြီးမှူး၍ လူထု အစည်းအဝေး (နေသူရိန်ညီလာခံ) ကျင်းပသည်။ ညီလာခံက ဖတပလ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။

ကန္ဒီသဘောတူညီချက်စာချုပ်ကို ဦးဆောင်လက်မှတ်ရေးထိုးခဲ့

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ဗမာ့မျိုးချစ်တပ်မတော်ကို အမြဲတမ်းတပ်မတော်ဖွဲ့စည်းရေးအတွက် အရှေ့တောင်အာရှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး လော့မောင့်ဘက်တန်နှင့် "ကန္ဒီသဘောတူညီချက်စာချုပ်"ကို ဦးဆောင်လက်မှတ်ရေးထိုးခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်တွင် အသစ်ဖွဲ့စည်းသော ဗမာ့တပ်မတော်၌ ဗိုလ်မှူးချုပ်အဆင့်ဖြင့် လက်ထောက်စစ်ဆေးရေးအရာရှိချုပ် ရာထူးကို မောင့်ဘက်တန်က ကမ်းလှမ်းရာ ငြင်းပယ်ခဲ့သည်။

ဖတပလ ဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒအရ တပ်မှထွက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဖတပလ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ ဒီဇင်ဘာလ ၁ ရက်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဦးဆောင်ဖွဲ့စည်း၍ ဥက္ကဋ္ဌ၊ စစ်သေနာပတိတာဝန်ယူခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်တွင် ဖတပလကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖဆပလ) Anti Fascist and People's Freedom League (AFPFL) အမည် ပြင်ဆင်ခဲ့သည်။

စွပ်စွဲချက်ကို ရှင်းလင်းချေပခဲ့

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၌ ဖဆပလ အဖွဲ့ချုပ်ကြီး၏ ပထမအကြိမ် ပြည်လုံးကျွတ်ညီလာခံ ကျင်းပရာ သဘာပတိအဖြစ်ဆောင်ရွက်သည်။ မတ်လ ၂၁ ရက် ဘုရင်ခံ၏ဥပဒေပြု လွှတ်တော်အစည်းအဝေးတွင် သခင်ထွန်းအုပ်၏ "ဂျပန်အဝင်တွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် လူသတ်မှုတစ်မှု၌ ပါဝင်ကြောင်း" စွပ်စွဲပြောကြားခံရသည်။ ဧပြီလ ၆ ရက်တွင် ဗိုလ်ချုပ်က "ကျွန်ုပ်၏ လိပ်ပြာကား အမြဲသန့်ရှင်းစင်ကြယ်လျက်" ခေါင်းစဉ်ဖြင့် ကြေညာချက် တစ်စောင်ထုတ်၍ စွပ်စွဲချက်ကို ရှင်းလင်းချေပခဲ့သည်။ စက်တင်ဘာလ ၂၆ ရက်တွင် ဘုရင်ခံ၏ ဖိတ်ခေါ်ချက်ကို လက်ခံ၍ အမှုဆောင်ကောင်စီ (အစိုးရဝန်ကြီးအဖွဲ့) ဒုတိယသဘာပတိ၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန ဝန်ကြီး ရာထူးဖြင့် အမျိုးသားယာယီ အစိုးရကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီ၏ ဖိတ်ခေါ်ချက်အရ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ အင်္ဂလန်နိုင်ငံသို့ သွားရောက်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် အောင်ဆန်း – အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရှမ်းပြည် ပင်လုံမြို့၌ တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များနှင့် သမိုင်းဝင် ပင်လုံစာချုပ်ကို မြန်မာအစိုးရကိုယ်စားလှယ်အဖြစ် ဦးဆောင်လက်မှတ် ရေးထိုးခဲ့သည်။ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ယာယီအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး ဒုတိယဥက္ကဋ္ဌ(ဝန်ကြီးချုပ်)၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ စတင်ကျင်းပသည်။ ရန်ကုန်မြို့မ (လမ်းမတော်) မဲဆန္ဒနယ်မြေမှ ပြိုင်ဘက်မရှိ ရွေးကောက်တင်မြှောက်ခံရသည်။ တစ်နိုင်ငံလုံး ၂၅၅ နေရာအနက် ဖဆပလ အဖွဲ့ချုပ်က ၂၄၈ နေရာ (၉၅ ဒသမ ၃ ရာခိုင်နှုန်း) အနိုင်ရသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်မှ ၁၈ ရက် အထိ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကို ကိုယ်တိုင်တင်သွင်းခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် မသမာသူလူတစ်စု၏ လုပ်ကြံမှုဖြင့် လုပ်ဖော်ကိုင်ဖက်ဝန်ကြီး ခြောက်ဦး၊ အတွင်းဝန် တစ်ဦး၊ သက်တော်စောင့် တစ်ဦးတို့နှင့်အတူ ကျဆုံးခဲ့ပါသည်။ ။

တက္ကသိုလ်ပညာသင်ယူနေစဉ်
၁၉၃၅-၃၆ ခုနှစ်တွင် တကသအမှုဆောင်၊
ပြန်ကြားရေးတာဝန်ခံ၊ အိုးဝေမဂ္ဂဇင်း
အယ်ဒီတာ၊ ၁၉၃၆-၃၇ ခုနှစ်တွင်
တကသ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးဆောင်သဟာယနှင့်
စာဖတ်အသင်းဥက္ကဋ္ဌ၊ ၁၉၃၇-၃၈ ခုနှစ်တွင်
တကသ အရန်အလုပ်အမှုဆောင်၊
ဗကသ ဥက္ကဋ္ဌ၊ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလအထိ
တကသဥက္ကဋ္ဌနှင့် ဗကသ ဥက္ကဋ္ဌ တာဝန်များ
ထမ်းဆောင်ခဲ့

■ ကျောဖုံးမှ

ကူညီဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ် (၂၁)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အလှည့်ကျအိမ်ရှင်အဖြစ် ဘရူနိုင်းနိုင်ငံက ဦးဆောင်၍ Virtual Conferencing စနစ်ဖြင့် အစည်းအဝေးကျင်းပရန်နှင့် COVID-19 ကူးစက်ပြန့်ပွားမှု အခြေအနေများကြောင့် အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(AARM XXX) အား ကျင်းပခြင်းမပြုရန် ညှိနှိုင်းဆွေးနွေး သဘောတူဆုံးဖြတ်ကြသည်။

ဆက်လက်၍ ၂၀၂၁ ခုနှစ်အတွက် (၂၂)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို အလှည့်ကျသည့်မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ဆွေးနွေးညှိနှိုင်းပြီးနောက် ကျင်းပပြုလုပ်ရန် သဘောတူဆုံးဖြတ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်ကလည်း (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(ACAMM XIV)နှင့် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (AARM XXIII)ကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီးဖြစ်ကာ ၂၀၂၁ ခုနှစ်တွင် အလှည့်ကျစနစ်အရ အိမ်ရှင်အဖြစ် ထပ်မံလက်ခံကျင်းပသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများ၏ ကျောင်းအုပ်ကြီးများနှင့် သက်မွေးပညာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်လေ့ကျင့်ပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။

ကျွမ်းကျင်လုပ်သားများစွာလို

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇူလိုင် ၄ ရက်တွင် ကျင်းပခဲ့သည့် ကိုဗစ်-၁၉ နှင့် ဆောက်လုပ်ရေး ကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ Video Conferencing ဖြင့် ဆွေးနွေးခြင်းအစီအစဉ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က "အသက်မွေးဝမ်းကျောင်းပညာကျောင်းများကို မိမိအနေဖြင့် အားပေးလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာကို ဖွံ့ဖြိုးတိုးတက်သည့် ကဏ္ဍတစ်ခု ဖြစ်သွားစေလိုပါကြောင်း၊ ကမ္ဘာကြီးရှိအတိုးတက်ဆုံးနိုင်ငံတချို့တွင် အသက်မွေးဝမ်းကျောင်းပညာသည် တက္ကသိုလ်ပညာနှင့် တန်းတူအဆင့်ရှိပါကြောင်း၊ ပြည်သူများသည် အသက်မွေးဝမ်းကျောင်းပညာကျောင်းထွက်ဆိုသည်မှာ တက္ကသိုလ်ဘွဲ့ရများနှင့် တန်းတူ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် တန်းတူသတ်မှတ်ထားခြင်းရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကျွမ်းကျင်လုပ်သားများရှိရန် များစွာလိုအပ်ပါကြောင်း၊ မိမိတို့ပြည်သူများ၏ အလုပ်အကိုင် အရည်အချင်း၊ ကျွမ်းကျင်မှုကို မြှင့်တင်ပေးသည့်ပုံစံမျိုးဖြင့် လုပ်စေချင်ပါကြောင်း"ဟု လမ်းညွှန်မှုပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းကျွမ်းကျင်သူများစွာ အမှန်တကယ်လိုအပ်လျက်ရှိပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လုပ်အားခလစာများသည် ကျွမ်းကျင်မှုအပေါ် မူတည်နေပါကြောင်း၊ လူငယ်လူရွယ်များကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျွမ်းကျင်သူများဖြစ်လာအောင် လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာကဏ္ဍဆိုင်ရာ သက်မွေးသင်တန်းများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဒီပလိုမာအဆင့်နှင့် အောင်လက်မှတ်အဆင့်သင်တန်းများဖြင့် စနစ်တကျလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ သက်မွေးပညာသင်တန်းကျောင်းများဖြစ်သည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း၊ ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်သာယာ)တို့မှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ အထည်ချုပ်သင်တန်းများ၊ အစားအစာနှင့် ဖျော်ရည်ပြုလုပ်ခြင်း သင်တန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လေ့ကျင့်မွေးထုတ်လျက်ရှိပါကြောင်း။

သို့ရာတွင် လုပ်ငန်းခွင်တွင် ကျွမ်းကျင်သူလိုအပ်ချက် မြင့်မားနေ၍ လိုအပ်ချက်ပြည့်မီစေရေး ကျွမ်းကျင်မှုသင်တန်းများကို ပိုမိုဖွင့်လှစ်လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ လူငယ်လူရွယ်များ ကျွမ်းကျင်မှုတစ်ခုခုကိုရရှိပြီး လုပ်ငန်းခွင်တွင် ပါဝင်လုပ်ကိုင်နိုင်မှ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများ ယာယီပိတ်ထားရသည့် အခြေအနေတွင် ဆရာ ဆရာမများ၊ နည်းပြများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးမြင့်မားစေရေးသင်တန်းများကို အွန်လိုင်းစနစ် သော်လည်းကောင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်များ(Physical Distancing နှင့် လိုက်နာဆောင်ရွက်ရန် အချက်များ)နှင့်အညီ သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပေးရန် အရေးကြီးပါကြောင်း။

ဆောင်ရွက်ရမည်

လတ်တလောကာလတွင် လုပ်ငန်းခွင်လိုအပ်ချက်ဖြစ်နေသော Banking၊ Accounting၊ Logistic နှင့် ဘာသာစကားသင်တန်းများကို အွန်လိုင်းစနစ်အသုံးပြု၍ လေ့ကျင့်ပေးရန်နှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် အလုပ်သင်သင်တန်းများ လေ့ကျင့်ပေးနိုင်ရေးကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ညှိနှိုင်းပြီး သင်တန်းများ အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း(Pre-Service၊ In-Service)၊ ကာလတို၊ ပုံမှန်လုပ်ငန်းခွင်နှင့်ဆက်စပ်၍ အကျိုးရှိမည့် သင်တန်းများ၊ ပေါင်းကူး၍ တစ်သက်တာသင်ယူနိုင်သော အခွင့်အလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးဥပဒေ(မူကြမ်း)အား အမြန်ပြုစုရန် လိုအပ်ပါကြောင်း၊ TVET Report များအား စုစည်းလေ့လာသုံးသပ်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များအား အစီအစဉ်ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကျောင်းများအားလုံးတွင် Website၊ Email ရှိစေရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ဆောင်ရွက်မည့် ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် ကျောင်းအုပ်ကြီးများက ဆောင်ရွက်နေသည့် ကာလတို၊ ကာလရှည်စီမံကိန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန "၂၀၂၀-၂၀၂၁ ပညာသင်နှစ်"အသိပေးကြေညာချက် စစ်ဆေးအကဲဖြတ်ခြင်းအစီအစဉ်များ

- ❖ အထက်တန်းဆင့်သင် သင်ရိုးသစ်(Grade-10) တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ လူမှုရေးသိပ္ပံ၊ သိပ္ပံ၊ ပထဝီ + သမိုင်း) ဘာသာရပ်များကိုသာ ကျောင်းတွင်းစစ် စာမေးပွဲဖြေဆိုရန်နှင့် ကျန်ဘာသာရပ်များကို လုပ်ဆောင်မှုအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း(Performance-based Assessment)ဆောင်ရွက်ရန်။
- ❖ အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-11) ကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ လူမှုရေးသိပ္ပံ၊ သိပ္ပံ၊ ပထဝီ + သမိုင်း) ဘာသာရပ်များကိုသာ ကျောင်းတွင်းစစ် စာမေးပွဲဖြေဆိုရန်နှင့် ကျန်ဘာသာရပ်များကို လုပ်ဆောင်မှုအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း(Performance-based Assessment) ဆောင်ရွက်ရန်။
- ❖ အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-12) ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်၍ အောက်ပါအတိုင်း သင်ကြားသင်ယူခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

အတန်း	သင်ကြားသင်ယူရမည့် ဘာသာရပ်များ	စစ်ဆေးအကဲဖြတ်ခြင်း	
Grade-12	STEAMS-1 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင် + သမိုင်း + ဘောဂဗေဒ) STEAMS-2 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ (ပထဝီဝင် + သမိုင်း) STAMS-1 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ+ဇီဝဗေဒ) STAMS-2 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ ပထဝီဝင်+သမိုင်း၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ)	ဘာသာရပ်အားလုံး အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ခြင်းအတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပရန်။	တက္ကသိုလ်ဝင်ခွင့်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပရန်။ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း+ ဘောဂဗေဒ)၊ (ပထဝီဝင်+ သမိုင်း)၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ဘာသာရပ်များအား ဖြေဆိုရန် မလိုပါ။

- ❖ အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-12) တွင် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ဘာသာရပ်များကို သင်ယူရန်မလိုပါ။
- ❖ အထက်တန်းဆင့်သင် သင်ရိုးဟောင်း (Grade-11) တွင် သင်ရိုးဟောင်း (Grade-10) တက်ရောက်စဉ်က သင်ယူခဲ့သော ဘာသာတွဲများအတိုင်း သင်ယူစေပြီး ဆန်းစစ်ချက် (၄)ကြိမ် ဖြေဆိုစေလျက် ၂၀၂၁ ခုနှစ်၊ မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရမည်။
- ❖ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် သင်ရိုးဟောင်း (Grade-11)တက်ရောက်နေသော ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်များကို စံသတ်မှတ်ချက်များအရ အရည်အသွေးအာမခံသော စိစစ်ရေးအဖွဲ့က စိစစ်ပြီး ချီးမြှင့်ပေးအပ်သွားမည်။

❂ **ထိုင်းနိုင်ငံမှ**

ပြန်လည်ဝင်ရောက်လာသူများအနက် မိုင်းလားမြို့နယ်မှ ရှစ်ဦး၊ မိုင်းယန်းမြို့နယ်မှ တစ်ဦးတို့အား ၎င်းတို့နေရပ်အသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးကာ ကျိုင်းတုံမြို့နယ်မှ ၂၉ ဦးအား အသွားအလာကန့်သတ်စောင့်ကြည့်မှု ဆက်လက်ထားရှိရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပြီး ကျန် ၁၇၄ ဦးအား ၎င်းတို့နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ပို့ဆောင်နိုင်ရေး တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဌာန၊ ယူနန်ပြည်နယ်အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့အကြား အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၉

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဌာန၊ ယူနန်ပြည်နယ်အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရတို့အကြား အွန်လိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အကျိုးတရားများ ရရှိလာမည်

ဆွေးနွေးပွဲပထမပိုင်းအစီအစဉ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သော သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖတ်ကြားရာ၌ ယနေ့ ဆွေးနွေးပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခြေခံပြီး ဆောင်ရွက်သည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်နေရသည့်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အစိုးရလုပ်ငန်းဆောင်တာများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် e-Government လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကပ်ရောဂါကာလ စိန်ခေါ်မှုများ၊ အခက်အခဲများကို အခွင့်အလမ်းများအဖြစ်အသုံးချလျက် အစိုးရဌာနများ၏ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်ပလက်ဖောင်းသို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းများ၊ ပြည်သူများအနေဖြင့် e-commerce စနစ်ကို အချိန်မီ လက်လှမ်းမီအသုံးပြု ဆောင်ရွက်နိုင်ရေးကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်အတူ လူနေမှုဘဝများ ပုံမှန်လည်ပတ်နိုင်ရေးဟူသည့် ကပ်ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သည့် New Normal အနေအထားတွင် အီလက်ထရွန်နစ် နည်းပညာ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းတို့သည် အချိန်ကိုက် ပေါ်ပေါက်လာသည့် ထွက်ပေါက်တစ်ပေါက်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို e-commerce စနစ်ကို တိုးမြှင့်အသုံးပြုခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အရှိန်မပြတ် ဆက်လက်လည်ပတ်နိုင်မည်ဖြစ်သလို ကုန်ကျစရိတ်များကို ချွေတာလျှော့ချနိုင်ခြင်း၊ ငွေကြေးကိုင်တွယ် စီမံခန့်ခွဲရန် ပိုမိုလွယ်ကူခြင်း၊ ဈေးကွက်ပိုမိုရရှိလာနိုင်ခြင်း၊ အချိန်နှင့် လူအင်အားအသုံးပြုရမှုများ လျှော့နည်းစေခြင်းစသည့် အကျိုးတရားများ ရရှိလာနိုင်မည် ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်ခြေလှမ်းသစ်

မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ယူနန်ပြည်နယ်အစိုးရတို့အကြား ကျင်းပသည့် ယနေ့ဆွေးနွေးပွဲမှသည် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်ခြေလှမ်းသစ်တစ်ရပ်ကို တက်လှမ်းနိုင်ကြပါစေကြောင်း၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများအား e-commerce စနစ်ဖြင့် ပေါင်းစည်းမြှင့်တင်နိုင်ကြပါစေကြောင်း၊ ကပ်ရောဂါ၏ စိန်ခေါ်မှုကို အတူတကွကျော်လွှားပြီး နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာစေမည့် လုပ်ငန်းစဉ်အသစ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်နိုင်ကြပါစေကြောင်း တိုက်တွန်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က လည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန (IDCPC) မှ ဝန်ကြီး Mr. Song Tao၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ဒုတိယဝန်ကြီး Mr. Guo Yezhou၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ကလည်းကောင်း အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲကို နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်များ အကောင်အထည်ဖော်ရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေအောက် စွမ်းဆောင်မှုအတွေ့အကြုံ ဆွေးနွေးရန်၊ ဒေသနှစ်ရပ် လက်တွေ့ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်၊ နှစ်နိုင်ငံနှင့် ဒေသနှစ်ခုအကြား BRI နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမှုဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံလူမှုစီးပွား လျင်မြန်စွာနာလန်ထူရန်၊ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား Digital economy၊ E-commerce၊ ဆင်းရဲမှုလျှော့ချရေးစသော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ အင်းစိန် ဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၉

လူ့အခွင့်အရေးချိုးဖောက်မှုများမရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးသည် အင်းစိန်အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူအိပ်ဆောင်များ၊ ရိက္ခာဂိုဒေါင်တွင် ပစ္စည်းများထားရှိမှုအခြေအနေများ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များနှင့် စားဖိုကြီး၊ သောက်ရေနှင့် သုံးရေကန်များ၊ ထောင်ဝင်စာအခန်းများနှင့် လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တစ်ဦးချင်းတွေ့ဆုံလိုသူ အကျဉ်းသားအကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းရှိ၊ မရှိ၊ ထောင်ဝင်စာတွေ့ဆုံရာတွင် အခက်အခဲများရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်းရှိ၊ မရှိ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများရရှိမှု ရှိ၊ မရှိတို့နှင့် စပ်လျဉ်း၍ မေးမြန်းကာ မှတ်တမ်းယူမှုများပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကြီး

ကျိုက်မရောမြို့နယ်ရှိ ကျေးရွာ ၁၃ ရွာ၌ Cash For Work စီမံကိန်း ဆောင်ရွက်မည်

ကျိုက်မရော ဇူလိုင် ၉

ကျိုက်မရောမြို့နယ်ရှိ ကျေးရွာ ၁၃ ရွာ၌ ကိုဗစ်-၁၉ ကာလအတွင်း လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများအား လျော့နည်းသက်သာစေရန်နှင့် ဒေသခံပြည်သူများ ဝင်ငွေရရှိစေရန် Cash For Work စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးလက်နေပြည်သူတွေ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေဖို့နဲ့ ဝင်ငွေရရှိစေဖို့ မြို့နယ်အတွင်းက ကျေးရွာ ၁၃ ရွာမှာ Cash For Work စီမံကိန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မယ့် ကျေးရွာတွေမှာ ကိုဗစ် -၁၉ ရောဂါကာလအတွင်း နိုင်ငံခြားမှာ အလုပ်မလုပ်နိုင်တော့လို့ ရွာပြန်လာတဲ့သူတွေ၊ ရပ်ဝေးဒေသတွေမှာ အလုပ်အကိုင် မကောင်းမွန်တာကြောင့် ပြန်လာကြသူတွေ၊ အလုပ်အကိုင်မဲ့နေသူတွေကို စီမံကိန်းလုပ်ငန်းတွေမှာ အလုပ်ဝင်ရောက်လုပ်ကိုင်စေပြီး ဝင်ငွေရရှိစေမှာ ဖြစ်ပါတယ်" ဟု ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုက ပြောသည်။

Cash for Work စီမံကိန်းသည် ကိုဗစ်ကာလအတွင်း နိုင်ငံတော်၏ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်တစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုခြင်း၊ ပြည်သူများ ချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

"ကျေးရွာတစ်ရွာကို ခွင့်ပြုငွေကျပ် သိန်းတစ်ရာ ချထားပေးမှာဖြစ်ပြီး ကျေးရွာမှာ လိုအပ်တဲ့ ရေနုတ်မြောင်း တူးဖော်တာ၊ ကျေးရွာသုံး သောက်ရေကန် တူးဖော်ပြုပြင်တာ၊ အခြေခံအဆောက်အအုံတွေဆောက်တာ စတဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့် လုပ်ငန်းက သုံးလတာကာလအတွင်း ပြီးစီးမယ့် လုပ်ငန်းမျိုးကို ရွေးချယ်ရမှာပါ။ စီမံကိန်းခွင့်ပြုငွေရဲ့ ၄၀ ရာခိုင်နှုန်းကို လုပ်အားခအဖြစ် သုံးစွဲမှာဖြစ်ပြီး ကျန်တဲ့ ၆၀ ရာခိုင်နှုန်းက လုပ်ငန်းအတွက် သုံးစွဲရမှာဖြစ်ပါတယ်။ တစ်နေ့တာ လုပ်အားခကို လူတစ်ဦး ငွေကျပ် ၄၈၀၀ ကနေ ၆၀၀၀ ကျပ် သတ်မှတ်ထားပါတယ်" ဟု ဦးပြည့်ဦးကိုကိုက ဆက်လက်ပြောကြားသည်။

ကျိုက်မရောမြို့နယ်ရှိ ငပုအင်းကျေးရွာအုပ်စု ငပုအင်းကျေးရွာ၊ နောင်နောင်ကုန်းကျေးရွာနှင့် လွှစင်ကုန်းကျေးရွာတို့အား ဇူလိုင် ၆၊ ၇၊ ၈ ရက်တို့တွင် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးရွာပြည်သူများ၏ ထောက်ခံဆန္ဒမဲများနှင့်အတူ ကော်မတီဖွဲ့စည်းခြင်းအား ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ စီမံကိန်းကျေးရွာ ငါးရွာအား မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Cash for Work စီမံကိန်းအား နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်သားအရေအတွက် ၂ ဒသမ ၇ သန်းအတွက် လုပ်အားခစုစုပေါင်း ငွေကျပ် ၁၄၉၂၈ သန်း ခန့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟန်လင်းနိုင်

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၂ တွင် ဖော်ပြပါရှိသည့် "နိုင်ငံတော်အစိုးရက ဒုတိယအကြိမ်ထောက်ပံ့သည့် ထောက်ပံ့ငွေများ ပြည်သူ့လက်ဝယ်အရောက်ပေးအပ်" သတင်းတွင် **အိမ်ထောင်စု ၁၀၈၄ စု** အစား **အိမ်ထောင်စု ၁၈၀၄ စု** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ခရိုင်(ပြန်/ဆက်)

ရှေ့နေလောက တစ်ခေတ်ဆန်းသစ်စေဖို့ တရားလွှတ်တော်ရှေ့နေများ(ဘား)ကောင်စီရွေးကောက်ပွဲမှာ ပါဝင်မဲပေးကြပါစို့

မောင်ဌေးဦး(စိန်ဂျွန်း)
တရားလွှတ်တော်ရှေ့နေ
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများကောင်စီခေါ် မြန်မာနိုင်ငံဘားကောင်စီ ရွေးကောက်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့တွင်မြန်မာနိုင်ငံအနှံ့အပြား၌ မဲရုံများဖွင့်လှစ်ကာ ကောင်စီဝင်လူကြီးများကို တရားလွှတ်တော်ရှေ့နေကြီးများကိုယ်တိုင် မဲပေး၍ ရွေးကောက်ပွဲ တင်မြှောက်ကြတော့မည် ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကာလက ယခုကဲ့သို့ ဘားကောင်စီအမှုဆောင်လူကြီးများကို ရှေ့နေကြီးများကိုယ်တိုင် ရွေးကောက်တင်မြှောက်ခဲ့ကြသော်လည်း ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံနောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ စစ်အစိုးရက ဘားကောင်စီဥပဒေကိုပြင်ဆင်ကာ အမှုဆောင်လူကြီးများကို အစိုးရခန့်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယခု ပြည်သူ့အစိုးရလက်ထက်တွင် ၂၀၁၉ ခုနှစ် ဘားကောင်စီဥပဒေကို ပြန်လည်ပြင်ဆင်ချက်အရ ဘားကောင်စီအမှုဆောင် ရွေးကောက်ပွဲကြီးကို ပြန်လည်ကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဘားကောင်စီ(သို့မဟုတ်)
တရားလွှတ်တော်ရှေ့နေများကောင်စီ

မြန်မာနိုင်ငံတွင် ဥပဒေဘွဲ့ရပြီးသူများအနေဖြင့် ရှေ့နေရှေ့ရပ်အဖြစ် ဆောင်ရွက်ရန် ဦးစွာအလုပ်သင်ရှေ့နေအဖြစ် သင်ယူကြရပြီးမှ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့် ရရှိကြပါသည်။ ထို့နောက်မှ အဆင့်မြင့်တရားရုံးများသို့ လိုက်ပါဆောင်ရွက်ခွင့်ရသည့် တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားရရှိကြရပါသည်။

ဘား(The Bar) ဆိုသည်မှာ အဆင့်မြင့်တရားရုံးများတွင် ရှေ့နေအဖြစ် အသက်မွေးမှုအလုပ်အကိုင်ဟူ၍လည်းကောင်း၊ အမျိုးမျိုးသော ရှေ့နေရှေ့ရပ်လုပ်ငန်းဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ကောင်စီဆိုသည်မှာ အုပ်ချုပ်ရေးအဖွဲ့အစည်းဟု ဆိုလိုပါသည်။

ထို့ကြောင့် ဘားကောင်စီဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ (သို့မဟုတ်) ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ပင် ဖြစ်ပါသည်။

အဆင့်မြင့်ရှေ့နေများ၏ အခေါ်အဝေါ်မှာ မြန်မာနိုင်ငံ အမြင့်ဆုံးတရားရုံး၏အခေါ်အဝေါ်များအတိုင်း တရားလွှတ်တော်ခေတ်များတွင် တရားလွှတ်တော်ရှေ့နေ၊ ဗဟိုတရားရုံးခေတ်တွင် ဗဟိုတရားရုံးရှေ့နေနှင့် တရားရုံးချုပ်ခေတ်တွင် တရားရုံးချုပ်ရှေ့နေဟူ၍ အမျိုးမျိုးခေါ်ဆိုခဲ့ကြသလို ဘားကောင်စီကိုလည်း တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ဗဟိုတရားရုံးရှေ့နေများကောင်စီနှင့် တရားရုံးချုပ်ရှေ့နေများကောင်စီဟူ၍ အမျိုးမျိုးခေါ်ဆိုခဲ့ကြပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ဘားကောင်စီဟု အမည်တူချင်မှတူမည်ဖြစ်သော်လည်း နိုင်ငံလုံးဆိုင်ရာ ရှေ့နေရှေ့ရပ်အဖွဲ့များ အသီးသီးရှိကြပါသည်။ နိုင်ငံအတွင်း၌ဖြစ်စေ၊ အခြားနိုင်ငံများနှင့် ယှဉ်၍ဖြစ်စေ အရေးအခင်းများ၊ ဥပဒေပြဿနာကြီးများ ပေါ်ပေါက်လာသည့်အခါ နိုင်ငံသားများနှင့်တကွ နိုင်ငံတကာကပါ ဘားကောင်စီကဲ့သို့ အဆိုပါရှေ့နေရှေ့ရပ် အဖွဲ့အစည်းများထံမှ အမှန်တရားနှင့် တရားမျှတမှုအတွက် ခိုင်မာစွာရပ်တည်ပေးရန် အားကိုးမျှော်လင့်စွာ တောင်းဆိုခြင်းများ ပြုကြလေ့ရှိပါသည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း (ဘားကောင်စီ) ဗဟိုတရားရုံး ရှေ့နေများကောင်စီမှ မဆလအစိုးရအပေါ် ထုတ်ပြန်ခဲ့သော ကြေညာချက်များသည် နိုင်ငံသားများ၏ အားကိုးခြင်းခံခဲ့ရသကဲ့သို့ နိုင်ငံတကာမှလည်း အလေးအနက်ထားယုံကြည်လေးစားခဲ့ကြပါသည်။ ဤသည်မှာ ဘားကောင်စီတစ်ခု၏ ဂုဏ်သိက္ခာ ဩဇာအရှိန်အဝါနှင့် တာဝန်တို့ကို သိသာထင်ရှားစေသော စံနမူနာတစ်ခုသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ လက်ရှိဘားကောင်စီသည် နိုင်ငံအတွင်း လိုက်ပါဆောင်ရွက်ကြမည့် ရှေ့နေရှေ့ရပ်များကို အသိအမှတ်ပြုပေးခြင်း၊ ကျင့်ဝတ်များသတ်မှတ်ပေးခြင်း၊ ထိန်းကျောင်းကြပ်မတ်၍ လိုအပ်သလို အရေးယူအပြစ်ပေးခြင်း စသည့်လုပ်ငန်းများသာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အမှန်စင်စစ် ရှေ့နေများ၏ နိုင်ငံလုံးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ဘားကောင်စီသည် မြန်မာနိုင်ငံအတွင်း ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာတိုးတက်မြင့်မားလာစေရေး၊ ရှေ့နေရှေ့ရပ်များ၏ ဥပဒေဆိုင်ရာအရည်အသွေးများ၊ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရေး၊ တရားရုံးတော်များနှင့် နိုင်ငံသားများ ရှေ့မှောက် ရှေ့နေရှေ့ရပ်များ၏ ဂုဏ်သိက္ခာအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများ မျှတမှန်ကန်စွာရရှိရေး၊ ကမ္ဘာ့တန်းဝင်ဥပဒေပညာရှင်များ ပေါ်ထွန်းလာစေရေး၊ ရှေ့နေရှေ့ရပ်များ၏ ကံကြမ္မာကို ရှေ့နေများကိုယ်တိုင် စီမံခန့်ခွဲခွင့်ရရှိရေး စသည်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ခေတ်ဟောင်းက သင်ခန်းစာများ

ရှေ့နေရှေ့ရပ် ဆရာ့ဆရာကြီးများက လက်ဆင့်ကမ်းဆုံးမသြဝါဒပေးခဲ့သည်မှာ ရှေ့နေရှေ့ရပ်လုပ်ငန်းသည် အလွန်မွန်မြတ်သန့်စင်လှသော အသက်မွေးဝမ်းကျောင်းပြုမှုတစ်ခု ဖြစ်ကြောင်း၊ လူ့သဘာဝ လောကသဘာဝကို အခြေပြု၍ အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေကာ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟများကို ငြိမ်းချမ်းသွားအောင် အကျိုးဆောင်ပေးရသည့် လုပ်ငန်းဖြစ်သောကြောင့် ဉာဏ်ပညာထက်မြက်ရုံမျှမက မြင့်မြတ်သည့် စိတ်ဓာတ်၊ မွန်မြတ်သည့် စေတနာနှင့် အများအကျိုးအတွက် ပေးဆပ်အနစ်နာခံလိုစိတ်လည်း ထားရှိကြရန်လိုကြောင်းဟူ၍ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းခြင်းနှင့်အတူ ဒီမိုကရေစီအခွင့်အရေးများ၊ လူ့အခွင့်အရေးများ ဖျက်သိမ်းခံခဲ့ကြရသကဲ့သို့ အမှန်တရားနှင့်တရားမျှတမှုအတွက် ပြောဆိုလုပ်ကိုင် ဆောင်ရွက်ခွင့်များမှာလည်း နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ညှဉ်းပန်းနှိပ်စက်မှုများအောက်မှ အလွန်ခက်ခဲစွာ ရုန်းကန်ခဲ့ကြရပါသည်။

တရားဥပဒေအထက်တွင် အာဏာရှင်များ၊ အမိန့်ညွှန်ကြားချက်များ၊ စီမံချက်များရှိခဲ့ကြပြီး ရှေ့နေရှေ့ရပ်လုပ်ငန်းများမှာ ပျက်ပြားမသွားရုံမျှသာ ရှင်သန်ခဲ့ကြရသည်။

ရှေ့နေရှေ့ရပ်တို့သည် အာဏာရှင်များ၏ ဘောင်ခတ်ထားသော ကျဉ်းမြောင်းသည့် အခွင့်အရေးလေးအတွင်း မရမကရပ်တည်၍ လုပ်ကိုင်ခဲ့ကြရခြင်းများရှိသလို ရေလိုက်ငါးလိုက် လုပ်ကိုင်ခဲ့ကြရခြင်းများလည်းရှိပါသည်။ အချို့မှာ အာဏာရှိသူများ၊ လုပ်ပိုင်ခွင့်ရှိသူများနှင့် ပူးပေါင်း၍ စီးပွားရှာခဲ့ကြသူများလည်း ရှိပါသည်။ အချို့မှာ မတရားမှုများအပေါ် သည်းမခံနိုင်ကြရာမှ ရှေ့နေလိုင်စင် အသိမ်းခံခဲ့ရသည့်အပြင် လူပါထောင်တန်းကျသည်အထိ ခါးသီးမှုများလည်း ကြုံတွေ့ခဲ့ကြရပါသည်။

မည်သို့ပင်ဆိုစေ အာဏာရှင်ခေတ်စနစ်တွင် ရှေ့နေရှေ့ရပ်လုပ်ငန်းများမှာ နိမ့်ကျသည်ထက် နိမ့်ကျအောင် ဖိနှိပ်ခံခဲ့ကြရသည်မှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များအတိုင်းသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်ပေါင်း ၅၀ ကျော် အာဏာရှင်ခေတ်ကာလများက ရှေ့နေရှေ့ရပ်မျိုးဆက်များသည် အကျပ်အတည်းများ၊ အခက်အခဲများ၊ အားနည်းချက်များ၊ အမှားအယွင်းများ၊ မပြည့်စုံမှုများ၊ ချို့တဲ့မှုများ၊ အဆင်မပြေမှုများ၊ ဖိနှိပ်မှုများကြားမှ မိမိတို့ရှင်သန်ရပ်တည်ရေး၊ တရားမျှတမှုရရှိရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တတ်စွမ်းသမျှ ရုန်းကန်ကြိုးပမ်းခဲ့ကြရာတွင် ဘားကောင်စီအနေဖြင့် ရှေ့နေများအပေါ် အရေးယူအပြစ်ပေးခြင်းများကိုသာ ကြားသိကြရပြီး ရှေ့နေလောကကြီး မြင့်မားတိုးတက်လုံခြုံစေရန် ခေတ်စနစ်အခြေအနေအရ လုပ်ခွင့်မသာခဲ့ကြောင်းတွေ့ရှိရသည်မှာလည်း သင်ခန်းစာရယူဖွယ်ဖြစ်ပါသည်။

သို့ပါသောကြောင့် ယနေ့ပြည်သူ့အစိုးရခေတ်တွင် ဘားကောင်စီဥပဒေကို ပြုပြင်ပြောင်းလဲနိုင်ခဲ့သလို ဖြစ်ပေါ်လာမည့် ဘားကောင်စီအသစ်မှလည်း ရှေ့နေရှေ့ရပ်လောကကို စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ဂုဏ်သိက္ခာပိုင်း၊ ဥပဒေပညာပိုင်းဆိုင်ရာ ကိစ္စအဝဝတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေး မြှင့်တင်အထောက်အကူပေးခြင်းဖြင့် မြန်မာနိုင်ငံရှေ့နေလောကကြီး တစ်ခေတ်ဆန်းသစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် အခွင့်အရေး ပေါ်ပေါက်လာပြီ ဖြစ်ပါသည်။

ရှေ့နေအားလုံး၏တာဝန်

ထို့ကြောင့် ရှေ့နေလောကကြီး မြင့်မားတိုးတက်စေရေးအတွက် အခွင့်အလမ်းကောင်းကို မှန်မှန်ကန်ကန် အသုံးချ၍ ကြိုးစားကြရမည့်တာဝန်မှာ ရှေ့နေရှေ့ရပ်အားလုံးအပေါ်တွင် ကျရောက်နေပြီဖြစ်ပါသည်။

ငွေဆရာ၊ ငွေအမျိုး၊ ငွေသူငယ်ချင်း၊ ငွေအသိကို ရွေးချယ်မဲပေးမည်ဟူသော အသိတရားမျိုးထက် ရှေ့နေလောကကြီးကို ပြုပြင်ပြောင်းလဲ တိုးတက်ပေးနိုင်စွမ်းရှိသော အတွေ့အကြုံရင့် နာမည်ဂုဏ်သတင်းကောင်းသူများကိုသာ ရွေးချယ်မည်ဟူသည့် မြင့်မားသည့် ရည်ရွယ်ချက်ဖြင့် ရွေးချယ်မဲပေးကြရန် လိုအပ်ပါသည်။

မဲပေးခွင့်ရှိသူများ

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် အမည်စာရင်းသွင်းထားသော တရားလွှတ်တော်ရှေ့နေများအနေဖြင့် ဘားကောင်စီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့် ရှိနိုင်မည်ဖြစ်သော်လည်း မဲစာရင်းတွင် စာရင်းပေးသွင်းခြင်းမရှိပါက မဲစာရင်း၌ မပါရှိနိုင်သောကြောင့် မဲပေးခွင့်ရမည်မဟုတ်ပါ။ ထို့ကြောင့် မဲစာရင်းပေးသွင်းရန် တရားလွှတ်တော်ရှေ့နေတစ်ယောက်သည် ခရိုင်ဥပဒေရုံးတစ်ခုခုတွင် ပုံစံ (၁) စာရွက်ကို တောင်းယူ၍ ၂-၈-၂၀၂၀ ရွေးကောက်ပွဲ ပြုလုပ်မည့်နေ့ရက်မတိုင်မီ စောနိုင်သမျှ ဆောလျင်စွာ မဲစာရင်းတွင် ဖြည့်သွင်းကြရန် လိုပါသည်။

ရွေးချယ်ခံပိုင်ခွင့်ရှိသူများ

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် အမည်စာရင်း တင်သွင်းထားသော တရားလွှတ်တော်ရှေ့နေများအနက်မှ တရားလွှတ်တော်ရှေ့နေလုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေတစ်ဦးသည် ဘားကောင်စီ အမှုဆောင်လူကြီးအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိမည် ဖြစ်ပါသည်။ ဥပဒေပါ ပြဋ္ဌာန်းဖော်ပြချက်စကားရပ်အရ တရားလွှတ်တော်ရှေ့နေ လုပ်သက်အနည်းဆုံး ၁၅ နှစ်ဟု ဖော်ပြထားသောကြောင့် အခြားလုပ်သက်များကို ထည့်သွင်းရေတွက်ရန် အခွင့်အရေးနှင့် အကြောင်းအရာမရှိပါ။ ရှေ့နေရှေ့ရပ်အဖြစ်သာ အသက်မွေးဝမ်းကျောင်းပြုလုပ်သည့်အနည်းဆုံး ၁၅ နှစ်ကို ဆိုလိုခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။ အထူးသဖြင့် ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ရှေ့နေရှေ့ရပ်အဖြစ် လိုင်စင်လျှောက်ထားလာပါက Death Licence (လိုက်ပါဆောင်ရွက်ခွင့်မရှိသည့်လိုင်စင်) ကိုသာ ရရှိနိုင်မည်ဖြစ်ပြီး ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိတော့သည့်အချိန်ကာလရောက်မှသာ Death Licence အစား လိုက်ပါဆောင်ရွက်ခွင့်ရှိသည့်လိုင်စင်ကို လျှောက်ထားရယူနိုင်ကြောင်း ကိုယ်တိုင်ကြုံတွေ့ကြားသိချက်များအရ တင်ပြအပ်ပါသည်။ ထို့ကြောင့် အငြိမ်းစားဝန်ထမ်း တရားလွှတ်တော်ရှေ့နေများအနေဖြင့် တရားလွှတ်တော်ရှေ့နေရှေ့ရပ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုသည့် လုပ်သက်မှာ အငြိမ်းစားယူပြီးကာလနောက်ပိုင်းမှသာ ဖြစ်နိုင်ပါကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ Death Licence ရယူထားသောကာလသည်လည်း တရားလွှတ်တော်ရှေ့နေရှေ့ရပ်လုပ်ငန်း လုပ်ကိုင်နေသည့် လုပ်သက်ဟု ဆိုနိုင်မည်မဟုတ်ပါ။

နိဂုံး

မြန်မာနိုင်ငံရှိ ရှေ့နေရှေ့ရပ်များအနေဖြင့် ရှေးယခင်ဆိုးရွားသည့်ခေတ်စနစ်များမှ လွတ်မြောက်ခဲ့ကြပြီးဖြစ်ရာ တရားလွှတ်တော်ရှေ့နေများကောင်စီ(ဘားကောင်စီ)၏ ဥပဒေဘောင်အတွင်းမှ မိမိတို့ရှေ့နေ ရှေ့ရပ်များ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည့်သူများ၊ ကမ္ဘာ့တရားရုံးများနှင့် နိုင်ငံတကာမှ လေးစားရမည့် ဥပဒေအတွေးအခေါ်ပညာရှင်များ ပေါ်ထွန်းလာအောင် ထောက်ပံ့ကူညီပေးနိုင်မည့်သူများ၊ မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို တွန်းအားပေးနိုင်မည့်သူများ၊ နိုင်ငံသားများ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ပြည့်ဝစွာ ရရှိနိုင်ရေးအတွက် အာရုံစိုက်ကြိုးပမ်းပေးနိုင်မည့်သူများကို ဘားကောင်စီအမှုဆောင်လူကြီးများအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရေးသည် ဘယ်သူမပြု မိမိမှု ဆိုသကဲ့သို့ မိမိတို့ရှေ့နေရှေ့ရပ်များ၏ စွမ်းဆောင်ရည်ကို ပြသရတော့မည့် အချိန်အခါရောက်ပြီ ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံရှေ့နေလောကကြီး တစ်ခေတ်ဆန်းသစ်စေဖို့ ရှေ့နေရှေ့ရပ်များအားလုံး ဘားကောင်စီရွေးကောက်ပွဲကို အောင်မြင်အောင် ဝန်းရံမဲပေးကြပါစို့ဟူ၍ တိုက်တွန်းလိုက်ရပါကြောင်း။ ။

- **ဘားကောင်စီဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ (သို့မဟုတ်) ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ပင်ဖြစ်**
- **ငွေဆရာ၊ ငွေအမျိုး၊ ငွေသူငယ်ချင်း၊ ငွေအသိကို ရွေးချယ်မဲပေးမည်ဟူသော အသိတရားမျိုးထက် ရှေ့နေလောကကြီးကို ပြုပြင်ပြောင်းလဲတိုးတက်ပေးနိုင်စွမ်းရှိသော အတွေ့အကြုံရင့် နာမည်ဂုဏ်သတင်းကောင်းသူများကိုသာ ရွေးချယ်မည်ဟူသည့် မြင့်မားသည့်ရည်ရွယ်ချက်ဖြင့် ရွေးချယ်မဲပေးကြရန်လိုအပ်**

အမေရိကန်နိုင်ငံ၌ စက်တင်ဘာလအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ရန် သမ္မတထရမ့် တောင်းဆို

ဝါရှင်တန် ဇူလိုင် ၉
အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူဦးရေ သုံးသန်းအထိ ရှိလာခဲ့သော်လည်း စက်တင်ဘာလအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ရန် အမေရိကန်နိုင်ငံ သမ္မတဒေါ်နယ်ထရမ့်က တောင်းဆိုလိုက်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည် နိုဝင်ဘာလအတွင်း ရွေးကောက်ပွဲပြန်လည်ကျင်းပ နိုင်ရေးလုပ်ဆောင်လျက်ရှိသည့်အပြင် အမေရိကန်နိုင်ငံ၏အခြေအနေ ပုံမှန်အတိုင်းပြန်လည်ရောက်ရှိလျက်ရှိသည်ကို တဖြည်းဖြည်းဖော်ထုတ်ပြသရန်လည်း ဆန္ဒရှိနေသည်။

ဂျာမနီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်နှင့် အခြားသောနိုင်ငံအများစုတွင် ကျောင်းများကို ပြဿနာတစ်စုံတစ်ရာမရှိဘဲ ဖွင့်လှစ်လျက်ရှိသည်ဟုလည်း ဇူလိုင် ၈ ရက်တွင် သမ္မတထရမ့်က ၎င်း၏တွစ်တာ၌ ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံ၌ ကျောင်းများအပြည့်အဝ ပြန်လည်မဖွင့်လှစ်နိုင်ပါက ရန်ပုံငွေ ဖြတ်တောက်မှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သမ္မတထရမ့်က ခြိမ်းခြောက်ပြောကြားခဲ့သည်။

နယူးယောက်ပြည်နယ် မြို့တော်ဝန် အန်ဒရူးကူအိုမိုကမူ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းသည် ပြည်နယ်အစိုးရ၏ ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်း ဇူလိုင် ၈ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ ထို့ပြင် ကျောင်းသားများ၏ ကျန်းမာရေးကို မည်သို့ အကာအကွယ်ပေးမည်ဆိုသည်နှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။ ထရမ့်မှာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်ဆိုသည်မှာလည်း သံသယဖြစ်စရာဖြစ်ကြောင်း အန်ဒရူးကူအိုမိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

ကိုရိုနာဗိုင်းရပ်စ်သည် လေထဲမှတစ်ဆင့် ကူးစက်နိုင်ကြောင်း သက်သေပြနိုင်ရန် လေ့လာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဂျီနီဗာ ဇူလိုင် ၉
နိုင်ငံတကာ သိပ္ပံပညာရှင်များအဖွဲ့က ကိုရိုနာဗိုင်းရပ်စ်သည် နှစ်မီတာအကွာအဝေးထက် ပိုမိုပျံ့နှံ့နိုင်ကြောင်း တွေ့ရှိခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးသည် လေထဲမှတစ်ဆင့် ပျံ့နှံ့နိုင်ကြောင်း သက်သေပြနိုင်ရန်အတွက် လေ့လာမှုများကို ဆောင်ရွက်သွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၇ ရက်တွင် ပြောကြားခဲ့သည်။

ထုတ်ပြန်သွားမည်

ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုး ကူးစက်မှုနှင့်ပတ်သက်၍ မည်သို့ကူးစက်နိုင်ကြောင်းနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို စုစည်းကာ သိပ္ပံပညာဆိုင်ရာတွေ့ရှိချက်အကျဉ်းချုပ်ကို ရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး ၎င်းတွေ့ရှိချက်များအပေါ် အခြေခံပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

လူတစ်ဦးနှင့် တစ်ဦးအကြား နှစ်မီတာခြားပြီး နေထိုင်ရမည်ဆိုသည့် ညွှန်ကြားချက်သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အရေးကြီးသော အချက်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် လူ ၅၃၈၀၀၀ ကျော် သေဆုံးပြီး ၁၁ ဒသမ ၆ သန်းကျော် ရောဂါကူးစက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်သည် နှစ်မီတာအကွာအဝေး ထက်ပိုမိုပျံ့နှံ့နိုင်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင် ၂၃၉ ဦးပါဝင်သောအဖွဲ့က ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

ချမှတ်ဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါရှိသူမှတစ်ဆင့် အသက်ရှူထုတ်လိုက်သောအခါတွင် ထွက်လာသော အရည်အစက်များ အနက်မှ ငါးမိုက်ကရိုမီတာထက် အရွယ်ပမာဏသေးငယ်သော အရည်အစက်များသည် လေထဲတွင် နာရီပေါင်းများစွာ ခိုအောင်းနေနိုင်ပြီး အကွာအဝေး ၁၀ မီတာခန့်အထိ ရောက်ရှိနိုင်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များအဖွဲ့က ပြောကြားသည်။ မိမိတို့အနေဖြင့် ယခုကဲ့သို့သော အချက်အလက်များကို ရှာဖွေတွေ့ရှိထားပြီး ၎င်းအချက်အလက်များအရ ရောဂါကူးစက်ပုံ နည်းလမ်းများနှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကူးစက်ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ နည်းပညာ အကြီးအကဲ ဘင်နီဒီတာ အလန်ဂရန်ဇီက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဆိုင်ရာ တွေ့ရှိချက်အကျဉ်းချုပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုဆောင်ရွက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နည်းပညာအကြီးအကဲ မာရီယာဗန်ခါကိုဘီက ပြောကြားသည်။

ကူးစက်သူ လေးသိန်းရှိ

ယခုတွေ့ရှိချက်များကို အခြေခံပြီး ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တားမြစ်ကန့်သတ်ချက်များကို ထုတ်ပြန်သွားမည်ဟု ၎င်းက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုဆိုင်ရာ တွေ့ရှိချက်အကျဉ်းချုပ်ကို လာမည့်ရက်များအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး ထိုအချက်များသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်တွင် အရေးကြီးသော အချက်များဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယခုအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုမှာ တစ်ကမ္ဘာလုံးတွင် ကျဆင်းသည့် လက္ခဏာမတွေ့ရှိရသည့်အပြင် ပြီးခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက ကူးစက်သူ လေးသိန်းကို ထပ်မံတွေ့ရှိရကြောင်း၊ အဆိုပါအရေအတွက်မှာ ရက်သတ္တ ၁၂ ပတ်ကြာအချိန်အတွင်း ပထမဆုံးအကြိမ် ကူးစက်သူ လေးသိန်းရှိလာခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်ဒွန်ဂီဘရီယီးဆက်က ပြောကြားသည်။

မရောက်ရှိသေး

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုများမှာ အရှိန်ရလျက်ရှိသော်လည်း အမြင့်ဆုံးဖြစ်ပွားသည့်အခြေအနေသို့ မရောက်ရှိသေးကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သေဆုံးမှုအရေအတွက်များမှာ တည်ငြိမ်လာကြောင်း၊ အချို့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သေဆုံးမှုများလျော့ကျစေရန် သိသာထင်ရှားသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့နိုင်ငံများတွင် သေဆုံးမှုနှုန်းများ မြင့်တက်နေဆဲဖြစ်ကြောင်း ဂီဘရီယီးဆက်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်းတွင် အထိနာမှုအများအပြားရှိခဲ့ကြောင်း ၎င်းက ဆိုသည်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ရောဂါကာကွယ်ရေးစည်းမျဉ်းများကို အကြိမ်ကြိမ် ဖောက်ဖျက်ခဲ့သော ဘရာဇီးသမ္မတ ဂျားဘော်ဆိုနာရိုက မိမိတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း ပြောကြားခဲ့သည်။

၎င်းပြန်လည် ကျန်းမာလာစေရန် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အနေဖြင့် တောင်းဆုပြုပါကြောင်း ဂီဘရီယီးဆက်က ဆိုသည်။ ရောဂါဖြစ်ပွားတဲ့နေရာမှာ အခွင့်ထူးခံရတဲ့သူမရှိပါဘူးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်ကျန်းမာရေးအစီအစဉ်ဆိုင်ရာညွှန်ကြားရေးမှူး မိုက်ကယ်ရိုင်ယန်က ပြောကြားသည်။ **ကိုးကား-အေအက်ဖ်ပီ**
ဘာသာပြန်-စိုးသူရ

ဂူဂဲလ်က အီတလီနိုင်ငံ၏ ဒစ်ဂျစ်တယ်စနစ်အသွင်ကူးပြောင်းရေးတွင် အမေရိကန်ဒေါ်လာ သန်း ၉၀၀ ရင်းနှီးမြှုပ်နှံလျက်ရှိ

ရောမ ဇူလိုင် ၉
အမေရိကန်နိုင်ငံ၏ နာမည်ကြီးနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ဂူဂဲလ်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေစဉ်ကာလအတွင်း အီတလီနိုင်ငံ၏ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးကို အရှိန်မြှင့်လုပ်ဆောင်ရန် ငါးနှစ်ကျော်ကာလအတွက် အမေရိကန်ဒေါ်လာသန်း ၉၀၀ ကျော် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ယင်းကုမ္ပဏီက ဇူလိုင် ၉ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ Digital Italy အမည်ရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွင် အီတလီနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကနဦးခြေလှမ်းအပါအဝင် အီတလီဆက်သွယ်ရေးကုမ္ပဏီ Telecom Italia Mobile နှင့် မိတ်ဖက်ဖြစ်သည့် Google Cloud နည်းပညာကွန်ရက်ဖြန့်ကျက်နိုင်သည့် နေရာနှစ်ခုစတင်ဖွင့်လှစ်ခဲ့ခြင်းလည်း ပါဝင်သည်။

ဂူဂဲလ်အနေဖြင့် အီတလီနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာရေးတွင် မိတ်ဖက်အဖြစ် ဆောင်ရွက်ရသည်ကို ဂုဏ်ယူပါကြောင်းနှင့် အီတလီဆက်သွယ်ရေးကုမ္ပဏီ Telecom Italia Mobile နှင့်အတူ Google Cloud နည်းပညာကွန်ရက်ဖြန့်ကျက်နိုင်သည့် နေရာနှစ်ခုစတင်ဆောင်ရွက်ခဲ့ခြင်း အပါအဝင် အီတလီနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးကို အကူအညီပေးရန် ငါးနှစ်ကျော်ကာလအတွက် အမေရိကန်ဒေါ်လာသန်း ၉၀၀ ကျော် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ဂူဂဲလ် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဆန်ဒါပီချိုင်းက ဇူလိုင် ၉ ရက်၌ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဂူဂဲလ်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်အကိုင်ရှာဖွေသူများအား အထောက်အပံ့ပေးရန် ပူးပေါင်းဆောင်ရွက်မှုများ၊ သင်တန်းများနှင့် အထောက်အကူပြုပစ္စည်းများကို ပေးအပ်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအလွန်ကာလတွင် အီတလီနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို အရှိန်မြှင့်လုပ်ဆောင်ခြင်းဖြစ်သည်။ **ကိုးကား-ဆင်ဟွာ**
ဘာသာပြန်-အလင်းသစ်

တရုတ်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံး၊ ပျောက်ဆုံးသူ ၁၃၀ ကျော်ရှိ

ပေကျင်း ဇူလိုင် ၉
တရုတ်နိုင်ငံတွင် ယန်ဇီမြစ်တစ်လျှောက် နေရာအများစုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများသည် ဆက်လက်ဖြစ်ပွားနေသည့်အတွက် သေဆုံး၊ ပျောက်ဆုံးသူ ၁၃၀ ကျော်ရှိကြောင်း သိရသည်။

ဆက်လက်ဖြစ်ပွားလျက်ရှိ

မိုးရွာသွန်းမှုသည် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ရှီကျန်းပြည်နယ်၊ ကျန်ရှီးပြည်နယ်နှင့် အန်ဟွေးပြည်နယ်တို့ အပါအဝင် ကုန်းတွင်းပိုင်းပြည်နယ်များ၌ ဆက်လက်ဖြစ်ပွားလျက်ရှိခြင်းကြောင့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဇူလိုင် ၈ ရက် နံနက်ပိုင်းအထိ သေဆုံး၊ ပျောက်ဆုံးသူ ၁၃၂ ဦးရှိကြောင်း တရုတ်နိုင်ငံပိုင် စီစီတီဗွီရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဟူပေပြည်နယ် ဟောင်ကန်းမြို့တွင် ဇူလိုင် ၈ ရက်က မြေပြိုမှုကြောင့် နေအိမ်ခုနစ်လုံးပြိုကျပျက်စီးခဲ့ကြောင်းလည်း စီစီတီဗွီက သတင်းထုတ်ပြန်ခဲ့သည်။

သတိပေးထား

ထို့ပြင် ပျောက်ဆုံးနေသည့် လူကိုးဦးကို ရှာဖွေကယ်ဆယ်နိုင်ရန် ဒေသန္တရဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်းလည်း စီစီတီဗွီက သတင်းဖော်ပြခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုများသည် လာမည့်ရက်ပိုင်းတွင် နိုင်ငံ၏ဒေသအတော်များများတွင် ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်းလည်း တရုတ်မိုးလေဝသဌာနမှ တာဝန်ရှိသူများက သတိပေးထားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

မြောက်ကိုရီးယားအရေး အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများ ဆွေးနွေး

ဆိုးလ် ဇူလိုင် ၉

မြောက်ကိုရီးယားအရေး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အမေရိကန်သံတမန် စတီဖင်ဘီဂွန်းနှင့် တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးညွှန်ကြားရေးမှူး ဆုဟွန်းတို့သည် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်နွယ်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘီဂွန်းနှင့် တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးညွှန်ကြားရေးမှူး ဆုဟွန်းတို့သည် မြောက်ကိုရီးယားအရေးဆွေးနွေးရန်အတွက် ယနေ့တွင် ဆိုးလ်မြို့ရှိ သမ္မတရုံး၌ တစ်နာရီကြာတွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံတာဝန်ရှိသူများသည် ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် နည်းလမ်းများနှင့် မြောက်ကိုရီးယားနိုင်ငံ၏ အခြေအနေတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်းလည်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားခဲ့သည်။

အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘီဂွန်းက အမေရိကန်-မြောက်ကိုရီးယား ဆွေးနွေးပွဲများ ပြန်လည်စတင်ခြင်း၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပြီး တောင်ကိုရီးယားအစိုးရနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မည့် အမေရိကန်နိုင်ငံ၏ ရည်ရွယ်ချက်ကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

သံတမန်ရေးရာလေ့လာသူများကမူ မြောက်ကိုရီးယားအရေး ချဉ်းကပ်ဆောင်ရွက်နေသည့် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား အမြင်မတူညီမှုများနှင့်စပ်လျဉ်း၍ စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ စတီဖင်ဘီဂွန်းနှင့် ဆုဟွန်းတို့သည် မဟာမိတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် တစ်နိုင်ငံချင်းစီ၏ သဘောထားရပ်တည်ချက်များကို အတည်ပြုပြောကြားရန်လည်း ယုံကြည်ထားကြသည်။ အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘီဂွန်းသည် တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်ကြာခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-အလင်းသစ်



အမေရိကန်သံတမန် စတီဖင်ဘီဂွန်းနှင့် တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးညွှန်ကြားရေးမှူး ဆုဟွန်း

နီပေါ၌ ရေကြီးရေလျှံမှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၈ ဦးပျောက်ဆုံး

ခတ္တမန္ဒူ ဇူလိုင် ၉

နီပေါနိုင်ငံ ဆင်ဒူပါလ်ချောခ်ခရိုင်၌ ယမန်နေ့ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်းသေဆုံးပြီး ၁၈ ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာအစိုးရနှင့် ရဲတပ်ဖွဲ့က ယနေ့ အတည်ပြုပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး နီပေါနှင့် တရုတ်နိုင်ငံအကြားရှိ တာတိုပနီ-ရှန်မူနယ်စပ် စစ်ဆေးရေးဂိတ်နှင့် ဆက်သွယ်သော အမြန်လမ်းမကြီးကိုလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း နီပေါ ဒေသန္တရအစိုးရက ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသွားသော အလောင်းနှစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဒူပလာချောခ် ခရိုင်ရုံးမှတာဝန်ရှိသူ အူမက်ရ်ကူမာဒါကာလ်က ယနေ့ အစောပိုင်းတွင် ဆင်ဟွာသတင်းဌာနသို့ ဆက်သွယ်ပြောကြားသည်။

ထို့အပြင် ရေကြီးရေလျှံမှုကြောင့် ဘာဟာဘီဆယ်မြို့တွင် လူနေအိမ် ၁၁ လုံး မျောပါသွားသည့်အတွက် လူနှစ်ဦးသေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့အတူ ဘိုတက်ကိုရှီမြို့၌ ရေကြီးမှုကြောင့် လူနေအိမ်နှစ်လုံးမျောပါသွားပြီး လူလေးဦးပျောက်ဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ရေကြီးရေလျှံမှုကြောင့် မြို့တော်ခတ္တမန္ဒူနှင့် နီပေါ-တရုတ်နယ်စပ် စစ်ဆေးရေးဂိတ်ကို ဆက်သွယ်ထားသည့် အရာနီကိုအမြန်လမ်းမကြီးတွင် နေရာခုနစ်ခုထက်မနည်း ထိခိုက်ပျက်စီးသွားပြီး နီပေါနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုကိုလည်း မကြာမီ ထိခိုက်သွားဖွယ်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် နီပေါနှင့် တရုတ်နယ်စပ် စစ်ဆေးရေးဂိတ်ဖြစ်သည့် တာတိုပနီနှင့် ရှန်မူနယ်စပ်စစ်ဆေးရေးဂိတ်ကို နှစ်လကြာပိတ်ခဲ့ပြီးနောက် မတ်လကုန်ပိုင်းက အဆိုပါဂိတ်ကို ပြန်လည်ဖွင့်လှစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

ဇင်ဘာဘွေ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်း ၁၈ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

ဟာရာရီ ဇူလိုင် ၉

ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘူလာဝါယိုမြို့ရှိ ပြည်သူ့ဆေးရုံတစ်ရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း ၁၈ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာတစ်ဦးနှင့် ထိတွေ့ဆက်ဆံခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း နိုင်ငံပိုင်မီဒီယာက ယနေ့ ဖော်ပြထားသည်။

ဘူလာဝါယို ပြည်သူ့ဆေးရုံရှိ လူနာဆောင်တစ်ဆောင်ထဲတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အဆိုပါကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့နှင့် ထိတွေ့ဆက်ဆံခဲ့သည့် လူနာတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် သီးခြားခွဲ၍ ထားရကြောင်း နိုင်ငံပိုင်သတင်းစာ ခရော်နီကယ်လ်က ဖော်ပြထားသည်။

ထို့အတူ မကြာသေးမီက ဘူလာဝါယိုပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အသက် ၇၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီးနောက် ၎င်းနှင့် ထိတွေ့ခဲ့သည့် အဆိုပါဆေးရုံရှိ ကျန်းမာရေးဝန်ထမ်း ၆၈ ဦးသည် သီးခြားခွဲ၍ နေရကြောင်း သိရသည်။

လွန်ခဲ့သော သီတင်းပတ်အနည်းငယ်မှစ၍ ဇင်ဘာဘွေနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရှိန်မြင့်မားလာခဲ့ပြီး ယမန်နေ့ ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၈၅ ဦးရှိလာပြီး ၎င်းတို့အနက် ကိုးဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ဇင်ဘာဘွေနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၀၆ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း ဇင်ဘာဘွေကျန်းမာရေးနှင့် ကလေးစောင့်ရှောက်ရေးဝန်ကြီးဌာန၏ ပြောဆိုချက်အရ သိရသည်။

ဇင်ဘာဘွေ ကျန်းမာရေးပညာရှင်များက ၎င်းတို့၏လစာကို အမေရိကန်ဒေါ်လာဖြင့်ပေးရန် ဆန္ဒပြတောင်းဆိုစဉ် ဇင်ဘာဘွေနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ရုတ်တရက်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၂၂၀၄၉၈၈ ဦး

သေဆုံးသူ
၅၅၂၉၃၄ ဦး

ပြန်လည်ကျန်းမာလာသူ
၇၀၉၇၈၇၄ ဦး

ကင်မရွန်းနိုင်ငံတောင်ပိုင်း၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၁၂ ဦး သေဆုံး

ယောင်းဒီ ဇူလိုင် ၉

ကင်မရွန်းနိုင်ငံတောင်ပိုင်းရှိ တံငါကျေးရွာတစ်ခုဖြစ်သည့် လွန်ဂျီရွာတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း ဒေသန္တရကျန်းမာရေးအာဏာပိုင်များက ပြောကြားလိုက်သည်။

ကင်မရွန်းနိုင်ငံ ကမ်းခြေအပန်းဖြေစခန်းမြို့ ကရီဘီမြို့မှ ၁၅ ကီလိုမီတာအကွာခန့်တွင်တည်ရှိသော အဆိုပါရွာ၌ သံသယဖြစ်ဖွယ်ရာ ကာလဝမ်းရောဂါဖြစ်ပွားသူ ၈၃ ဦးအနက် အတည်ပြုလူနာ ၆၂ ဦးရှိကြောင်း တာဝန်ရှိသူများက ကြေညာခဲ့သည်။

ကာလဝမ်းရောဂါပျံ့နှံ့မှု ထိန်းချုပ်မည့် ကာကွယ်ဆေးထိုးရေး အစီအစဉ်တစ်ခုကို လွန်ဂျီရွာတွင် မကြာခင်စတင်မည်ဟု တောင်ပိုင်းဒေသ အုပ်ချုပ်ရေးမှူး ဖီးလစ်ဇ်ဂူလီဂူလီက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ အရေးတကြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အခြေအနေက စိတ်ပူပန်စရာပါ။ ကြိုတင်ကာကွယ်မှု အစီအမံတစ်ရပ်အနေနဲ့ ရွာထဲက တံငါသည်တွေကို နေရာရွှေ့ပြောင်းမှာဖြစ်ပါတယ်" ဟု ၎င်းက သတင်းထောက်များသို့ ပြောကြားခဲ့သည်။ လွန်ဂျီကျေးရွာတွင် ကာလဝမ်းရောဂါ ဖြစ်ပွားရခြင်းမှာ ညံ့ဖျင်းသောပတ်ဝန်းကျင်သန့်ရှင်းရေး အခြေအနေများကြောင့်ဟု တာဝန်ရှိသူများက ဆိုသည်။

ဇွန်လအတွင်း ကာလဝမ်းရောဂါနှင့်ဆက်စပ်သော ရောဂါလက္ခဏာများကြောင့် ရွာသားလေးဦး ရုတ်တရက်သေဆုံးပြီးနောက် အဆိုပါကပ်ရောဂါကို ပထမဆုံး သတိပြုမိခဲ့ခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-ကျော်ထိုက်စိုး

ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၃၃၆၀ ရှိပြီး ၄၁ ဦး သေဆုံး

ဒါကာ ဇူလိုင် ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၆၀ စမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၅၄၉၄ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ ပြောကြားသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၄၁ ဦး ယနေ့ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၃၈ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ နာဆီမာဆူလ်တနာက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ လူ ၁၅၆၃၂ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ယနေ့ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၀၆ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးပေးခန်းများမှ ယနေ့ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၄၅၄၄ ဦး ရှိလာကြောင်း သိရသည်။

ဇူလိုင် ၂ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့သည်။

ထို့အတူ ဇွန် ၃၀ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် ၆၄ ဦး သေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာ သေဆုံးမှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ် ၄၇၀၀ ကျော် ပျက်စီးဆုံးရှုံး

တိုကျို ဇူလိုင် ၉

ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ခရိုင် ၂၂ ခု၌ နေအိမ် ၄၇၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ခရိုင်၂၂ ခုအနက် ကျူရှူးခရိုင်တွင် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

ဇူလိုင် ၉ ရက် နံနက် ၆ နာရီခွဲအချိန်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၄၇၁၁ ခန့်ပျက်စီးဆုံးရှုံးခဲ့သည်ဟု မီးဘေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။ မိုးရွာသွန်းမှုများကြောင့် ဖူကွာက၊ ကူမာမိုတိုတို့အပါအဝင် အခြားသော ခရိုင်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုများရှိနေခြင်းကြောင့် လူနေအိမ်ပျက်စီးဆုံးရှုံးသည့် အရေအတွက်များ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ တာဝန်ရှိသူများက ဆိုသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၄ ဦး ထပ်မံတွေ့ရှိ

တိုကျို ဇူလိုင် ၉

ယနေ့ ဆေးမှတ်တမ်းများအရ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၄ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း တိုကျိုမြို့အစိုးရအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ ယခုအရေအတွက်သည် တိုကျိုမြို့၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်အများဆုံးဖြစ်သည်။

ယခုအရေအတွက်မတိုင်မီ တိုကျိုမြို့၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် အများဆုံးမှာ ဧပြီ ၁၇ ရက်တွင် တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၆ ဦးဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၈ ရက် ဆေးမှတ်တမ်းများအရ တိုကျိုမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၁၀၀ အောက် လျော့ကျသွားခဲ့သည်။ အဆိုပါအရေအတွက်သည် ခုနစ်ရက်အတွင်း ပထမဆုံးအကြိမ် လျော့ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ တိုကျိုမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၇၂၇၂ ဦးရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်

အမေရိကန်ကျောင်းများနှင့် တက္ကသိုလ်များက အွန်လိုင်းသင်ကြားနည်းစနစ် ကျင့်သုံးမည်ဆိုပါက နိုင်ငံတကာကျောင်းသားများအား ပြည်ဝင်ခွင့်ဗီဇာ ပေးမည်မဟုတ်ဟုဆို

ဝါရှင်တန် ဇူလိုင် ၉

အမေရိကန်နိုင်ငံအတွင်းရှိ တက္ကသိုလ်များနှင့် အထက်တန်းကျောင်းများက အွန်လိုင်းသင်ကြားရေးစနစ်ကို ကျင့်သုံးမည်ဆိုပါက နိုင်ငံတကာ ကျောင်းသား ကျောင်းသူများအား ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမည်မဟုတ်တော့ကြောင်း အမေရိကန်လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

စက်တင်ဘာလတွင် စတင်မည့် ပညာသင်နှစ်မတိုင်မီ နိုင်ငံတကာ ကျောင်းသားများအား ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမှုနှင့်ပတ်သက်ပြီး အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနက အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်းရှိ နိုင်ငံတကာ ကျောင်းသားများအနေဖြင့် အွန်လိုင်းစနစ်ဖြင့် သင်ယူမည်ဆိုပါက နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် သို့မဟုတ် ကျောင်းသားကိုယ်တိုင် တက်ရောက်သင်ယူရသော ကျောင်းများသို့ ပြောင်းရွှေ့ရန် ကျောင်းသား ကျောင်းသူများအား အာဏာပိုင်များက အသိပေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ပြန်လည်မြင့်တက်လာသည်ကို ပြသသည့်အနေဖြင့် ကျောင်းသားများကိုယ်တိုင် တက်ရောက်သင်ယူရသော ကျောင်းများကို အလျင်အမြန် ဖွင့်လှစ်ရန် တွန်းအားပေးလျက်ရှိသည်။ ယင်းသို့ လုပ်ဆောင်ခြင်းသည် နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် သမ္မတထရမ့်၏ မဲဆွယ်စည်းရုံးမှုပုံစံတစ်ရပ်ဖြစ်သည်။

ဆောင်းဦးရာသီတွင် နိုင်ငံအတွင်းရှိ စာသင်ကျောင်းနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရမည်ဖြစ်သည်ဟု ဇူလိုင် ၆ ရက်တွင် သမ္မတ ထရမ့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

အချို့ထိပ်တန်းတက္ကသိုလ်များက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ရန် အွန်လိုင်းသင်ကြားနည်းစနစ်ဖြင့် သင်ကြားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ယင်းသို့ အွန်လိုင်းစနစ်ဖြင့် သင်ကြားသော ကျောင်းများအား နိုင်ငံတကာ ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားမှုမရှိစေရန် သမ္မတ ထရမ့် ဦးဆောင်သောအစိုးရအဖွဲ့က ဖိအားများ ပေးလျက်ရှိသည်။ နိုင်ငံတကာ စာသင်သားများသည် အဆိုပါကျောင်းများအတွက် အဓိက ငွေကြေးအရင်းအမြစ်များဖြစ်သည်။

၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတကာကျောင်းသား လေးသိန်းခန့်ကို ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်

ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ အိမ်ရှင်များ၏ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများအား လူလေးဦးက ခြိမ်းခြောက်ယူဆောင်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၉

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ အိမ်ရှင်များ၏ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများအား လူလေးဦးက ခြိမ်းခြောက်ယူဆောင်မှုဖြစ်ပွားကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်တွင် နေထိုင်သည့် ဒေါ်သန်းနုအေး၏ နေအိမ်သို့ ဇူလိုင် ၆ ရက် ည ၁၂ နာရီခွဲခန့်တွင် လူလေးဦး ရောက်ရှိလာပြီး ဓားဖြင့် ခြိမ်းခြောက်၍ ၎င်း၏ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများအား ယူဆောင်သွားကြောင်း။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် ည ၁၂ နာရီခွဲခန့်တွင် ဒေါ်သန်းနုအေးသည် ၎င်း၏နေအိမ်တွင် ရှစ်နှစ်အရွယ် သားဖြစ်သူနှင့်အတူ အိပ်ပျော်နေစဉ် မျက်နှာဖုံးစွပ်ထားသည့် လူလေးဦးခန့်က အိမ်တံခါးဖျက်၍ ဝင်ရောက်လာပြီး ဒေါ်သန်းနုအေးနှင့် သားဖြစ်သူတို့၏လည်ပင်းအား ဓားဖြင့်ထောက်ကာ နားကပ်တစ်ရံ၊ တစ်ကျပ်သားလက်ကောက် သုံးကွင်း၊ တစ်ကျပ်သားခန့်ဆွဲကြိုး တစ်ကုံး၊ တစ်မတ်သားလက်စွပ် နှစ်ကွင်းနှင့် ငါးမူးသားလက်စွပ် တစ်ကွင်း (စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၃၈ သိန်းခန့်) အား ယူဆောင်သွားခဲ့ပြီး ၎င်းတို့နှစ်ဦးအား ချုပ်နှောင်ထားရှိခဲ့ကြောင်းနှင့် ၎င်း၏ အမျိုးသားဖြစ်သူမှာ စစ်တွေမြို့သို့ အလုပ်ကိစ္စဖြင့် ရောက်ရှိနေချိန်တွင် ယခုကဲ့သို့ အခွင့်ကောင်းယူ လာရောက်ခြိမ်းခြောက်ယူဆောင်သွားခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သတင်းစဉ်

သထုံမြို့၌ အမျိုးသမီးတစ်ဦး ဘဏ်မှထုတ်ယူလာသောငွေများ လုယက်ခံရ

သထုံ ဇူလိုင် ၉

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် သီဟဂုဏ်လက်ဖက်ရည်ဆိုင်အနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်၌ ယမန်နေ့ မွန်းလွဲပိုင်းက ဘဏ်မှ ငွေထုတ်ယူလာသော အမျိုးသမီးထံမှ ငွေများ လုယက်ခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့ သိမ်ကုန်းရပ်ကွက် သီဟဂုဏ်လက်ဖက်ရည်ဆိုင်အနီး ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်က သထုံမြို့ သရက်တောကျေးရွာနေ မမြနန္ဒာသည် ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၂ သိန်း ထုတ်ယူပြီး ပြန်လာစဉ် ငွေထုပ်ထည့်ထားသော လက်ကိုင်အိတ်အား ဆိုင်ကယ်စီးလာသော အမျိုးသားတစ်ဦးက လုယက်ထွက်ပြေးသွားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ငွေလုယူထွက်ပြေးသွားသော အမျိုးသားအား ဖမ်းဆီးရမိရေးအတွက် သထုံမြို့မရဲစခန်းက စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

သာစည်၊ ကျိုက်ထို၊ ဒလ၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မြင့်ဝင်း မောင်းနှင်ပြီး သားဦး လိုက်ပါလာသည့် HIJET ယာဉ်ကိုရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၁၉၈ ဒသမ ၀၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း ၇၉ ဒသမ ၈၇ ကီလို၊ ငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဇေယျာချစ် မောင်းနှင်ပြီး ဘရန်(ခ)ချစ်ကိုကို လိုက်ပါလာသည့် Harrier ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် သိန်း ၁၄၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀၀၀၊ ငွေကျပ် ၈၇၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ပိတောက်လမ်းနေ အေးချမ်းကိုကို(ခ)အေးကို၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မခင်မာသန်းအားတွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀ ကိုလည်းကောင်း။

အလားတူ ထိုနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် နောင်ချို-ရပ်စောက်သွားကားလမ်း မိုင်တိုင်အမှတ် (၁၁၈/၀)အနီးတွင် စိုင်းစံမြင့်(ခ)မာန်အောင် မောင်းနှင်ပြီး အောင်သောင်း လိုက်ပါလာသည့် DONG FENG ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၂၃၅၈၄ တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀၊ ငွေကျပ် ၁၀ သိန်းနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် တာလေမြို့ တာချီလိတ်-ကျိုင်းတုံသွားကားလမ်းတွင် ရှားဟီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၆၅၂ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ဘိန်းစိမ်း ၃ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်းနေထိုင်သည့် တာလေမြို့ နားယောင်းကျေးရွာအုပ်စု ဟွေခိုက်ကျေးရွာရှိ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သားဦး၊ မြင့်ဝင်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

စစ်ကိုင်းမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား တစ်ဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စိန်ကုန်းရပ်ကွက် မုံရွာ-စစ်ကိုင်း-မန္တလေးကားလမ်း မိုင်တိုင်(၀/၆-၇)ကြား၌ ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသား တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းအတိုင်း မန္တလေးမှ မုံရွာသို့ ရွှေမင်းဝံရပ်ကွက်နေ ပေရယ်သိန်းမောင်းနှင်ပြီး သာစည်မြို့နယ် ဂုံညှင်းနွယ်ကျေးရွာနေ အောင်မျိုးဝင်း လိုက်ပါလာသည့်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမီးတိုင်အား ဝင်တိုက်မိကာ အနီးရှိရေနုတ်မြောင်းတူးဖော်နေသည့် စစ်ကိုင်းမြို့နေ သိန်းဇော် မောင်းနှင်သည့် ဘက်ဟိုးယာဉ်အား ထပ်မံတိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် သိန်းဇော်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ပေရယ်သိန်းနှင့် အောင်မျိုးဝင်းတို့တွင် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပေရယ်သိန်းအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မယ်ဆိုပါက နောက် (၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မယ်လို့ မျှော်လင့်

Covid ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့အတွက် (၂)ပတ်တစ်ကြိမ် အခြေအနေတွေကို သုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရပါတယ်။ ယခုလကုန်မှာ မိမိနေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပါပြီ။

လူစုလူဝေးဖြစ်စေနိုင်မဲ့ကိစ္စများကိုတော့ ဆက်လက်ပိတ်ပင်ထားပါတယ်။ ရောဂါ မပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မယ်ဆိုပါက နောက်(၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ရောဂါလက္ခဏာ လုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေ များတာကြောင့် အထူးသတိထားဖို့လိုပါတယ်။ ဈေးများလို အခြားသူများနဲ့ အချိန် ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီးပါတယ်။ လက်ကို ခဏခဏဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၂၉-၆-၂၀၂၀ ရက်နေ့တွင် ဖွင့်ဆွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ဝန်ကြီးဌာနမှ ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ဝန်ကြီးဌာနမှ ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် ပြုလုပ်သည်။

အထူးကြပ်မတ်ကုသရသူတစ်ဦးမျှမရှိ

အစည်းအဝေး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့ မြန်မာနိုင်ငံတွင် ယနေ့အထိ ကိုဗစ်-၁၉ ဖြစ်ပွားသူလူနာ ၃၁၈ဦးရှိပြီး လူနာများ၏ ၈၀ ရာခိုင်နှုန်းဖြစ်သော ၂၅၄ ဦးသည် ရောဂါပိုးကင်းစင်သွားခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုများကို ဆန်းစစ်ကြည့်ပါက ၅၀ ရာခိုင်နှုန်းသည် ပြည်ပမှ ကူးစက်ဝင်ရောက်ခြင်း ဖြစ်ပါကြောင်း၊ လတ်တလောကာလတွင် တွေ့ရှိရသော လူနာသစ်များမှာလည်း ပြည်ပနိုင်ငံမှ ကူးစက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၈၈၂၃၄ ဦးအား စစ်ဆေးခဲ့ရာ သံသယ/စောင့်ကြည့်လူနာများ၌ သုည ဒသမ ၉ ရာခိုင်နှုန်း၊ အသွားအလာကန့်သတ်ထားသူများ၌ သုည ဒသမ ၂ ရာခိုင်နှုန်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများ၌ သုံးရာခိုင်နှုန်းနှင့် စစ်ဆေးသူစုစုပေါင်း၏ သုည ဒသမ ၃၆ ရာခိုင်နှုန်းတွင်သာ ကိုဗစ်-၁၉ ပိုးတွေ့ရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ အထူးကြပ်မတ်ကုသမှုခံယူခဲ့ရသူ ၁၉ ဦးရှိပြီး အသက်ရှူစက် အသုံးပြုခဲ့ရသော လူနာမှာ ငါးဦးသာရှိပါကြောင်း၊ လူနာအားလုံး၏ ၅၈ ရာခိုင်နှုန်းသည် မည်သည့် ရောဂါလက္ခဏာမျှ မပြသဘဲ ရောဂါပိုးရှိနေပါကြောင်း၊ ယခုလက်ရှိတွင် ဆေးရုံအသီးသီး၌ သီးခြားထားရှိ ကုသမှုခံယူနေသော လူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသမှုခံယူနေရသူတစ်ဦးမျှ မရှိပါကြောင်း၊ အသွားအလာကန့်သတ်ထားရှိရာ နေရာနှင့် လူအရေအတွက်မှာ အပတ်စဉ်နှင့်အမျှ နည်းပါးလာပြီး ယခုလက်ရှိတွင် အသွားအလာ ကန့်သတ်ထားရှိရာနေရာ (quarantine site) ၆၁၁၄ ခုနှင့် အသွားအလာကန့်သတ်ထားရှိသူ ၂၃၇၈၀ ရှိပါကြောင်း။

အမြဲလေ့လာသုံးသပ်

သို့ရာတွင် ယခုလတ်တလောကာလတွင် ပြည်ပမှ ဝင်ရောက်မှုများအနေဖြင့် ကုန်းလမ်းကြောင်းများမှ တစ်နေ့လျှင် ပျမ်းမျှ ၁၂၀၀ ခန့် ဝင်ရောက်နေဆဲဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနတို့ လက်တွဲပူးပေါင်းကာ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများကို စနစ်တကျ အားဖြည့်ဆောင်ရွက်ပါက ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းဖြစ်ပွားရန် အလားအလာနည်းပါးမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးဝန်ကြီးများက ဆက်လက်ဦးဆောင်၍ ပံ့ပိုးစေလိုပါကြောင်း၊ ယခုအခါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် လေမှတစ်ဆင့် ပျံ့လွင့်ပြီး ကူးစက်နိုင်ခြေများစွာရှိသည့် အထောက်အထားများ တွေ့ရှိလာရသဖြင့် မိမိတို့အနေဖြင့် ဤရောဂါ၏ ကူးစက်နိုင်စွမ်းကို ပိုမို၍အထူးသတိပြုကာ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို ပြုပြင်ပေးမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းလည်ပတ်ရန် သင့်လျော်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖွင့်လှစ်ခွင့်ပြုခဲ့သည့် စက်ရုံ၊ အလုပ်ရုံများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ရှောင်တခင် ဝင်ရောက်၍ တိုက်ဆိုင် စစ်ဆေးမှုပုံစံများဖြင့် ကြည့်ရှုစစ်ဆေးရန် မိမိအနေဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ပြည်သူများအား အသံချဲ့စက်များဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများ အသိပညာပေးနှိုးဆော်မှုများ လုပ်ဆောင်မှု နည်းပါးလာသည်ကို တွေ့ရှိရသဖြင့် လူမှုရေးဝန်ကြီးများအနေဖြင့် ဤကိစ္စအား ပြန်လည်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ပံ့ပိုးပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ဝန်ကြီးဌာနမှ ပြုစုထုတ်ဝေထားသော ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် ကျန်းမာရေး အသိပညာပေးချက်များကို စုစည်းထားရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကိစ္စများ၌ စွမ်းရည်မြင့်မားသူများ ဖြစ်စေရန်အတွက် ဝန်ကြီးဌာနမှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ခြုံငုံသုံးသပ်မှုအခြေအနေနှင့် ဆန်းစစ်ချက် အကျဉ်းချုပ်တို့ကိုလည်း အမြဲတမ်းလေ့လာသုံးသပ်စေလိုပါကြောင်း၊ မိမိအနေဖြင့် အရေးကြီးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ တရားဝင်အီးမေးလ်မှတစ်ဆင့် နေ့စဉ်နီးပါးပေးပို့လျက်ရှိသဖြင့် အီးမေးလ်ကို အမြဲကြည့်ရှု၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း။

တာဝန်ခွဲဝေမှုအရေးကြီး

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Video Conferencing စနစ်ဖြင့် ကဏ္ဍပေါင်းစုံမှ ပညာရှင်များ၊ ပြည်သူများနှင့် ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မှာကြားချက်များနှင့် ပြည်သူများ၏ တင်ပြချက်များမှာ အရေးကြီးသဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းတို့နှင့် ဆက်လက်ပူးပေါင်း၍ ကိုဗစ်-၁၉ ကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုနှင့် လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်မှုတို့သည် အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် မိမိတို့အနေဖြင့် လစ်ဟာမှုများ မရှိစေရေး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ၁၇ ဦးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်း များဆောင်ရွက်ထားရှိမှု ဆန်းစစ်သုံးသပ်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည်များနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာဖြင့် တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပံ့ပိုးပါဝင်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တင်ပြဆွေးနွေးခဲ့ရာ အသွားအလာကန့်သတ်မှုလုပ်ငန်းစီမံခန့်ခွဲမှုအခြေအနေ၊ သံသယ/စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများပေးပို့စစ်ဆေးမှုအခြေအနေ၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့များတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာနများ ထူထောင်ကာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရန် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ အသွားအလာကန့်သတ်မှုလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ နည်းပါးလာမှု၊ စေတနာ့ဝန်ထမ်းများအတွက် အထွေထွေစရိတ်များလိုအပ်မှု၊ နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များကို အမြဲတမ်းထားရှိသွားရန်၊ ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများ နည်းပါးလာခြင်းကြောင့် ပြည်သူအများသည် ပေါ့ဆမှုရှိလာပြီး နှာခေါင်းစည်း(mask) များ တပ်ဆင်မှု အားနည်းလာခြင်းအပါအဝင် ရောဂါကာကွယ်ရေး နည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်းကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဦးတို့က ဆွေးနွေးမှုများ ပြုလုပ်သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၈၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၆၇) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၆၃) ခု

စုစုပေါင်း (၁,၂၇၆)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၁၉) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case-210, 224, 277, 278) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၅၄) ဦးရှိပြီး ၎င်းတို့အနက် (၂၃၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၈-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီမှ (၉-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၁) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၉-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၆၃) ခု
(၉-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၃) ခု
(၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၆၇) ခု
(၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၆၃) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၃၁၉) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၄) ဦး	(၂၅၄) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၉-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

လူနာ အမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ	ဆေးကုသမှု ခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲ အဖြေ	မှတ်ချက်
315	၂၇ နှစ်	ကျား	[illegible]	မရှိ	ရှိ (ထိုင်းနိုင်ငံ)	[illegible]	တွေ့ရှိ	အသွားအလာ ကန့်သတ်ထား ရှိသူ [illegible]

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၈-၇-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၂၈၅)ခုတွင်-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၉-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၁၈) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၈-၇-၂၀၂၀)ရက်နေ့တွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၉၄၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၂၁၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၈)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆၀)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၆၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၈-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၈၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၃၁၈) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၀) ဦး	(၂၅၀) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

လူနာ အမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့် လိပ်စာ	COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ	သွေး ဆေးကုသမှု ခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
316	၆ နှစ်	ကျား	[illegible]	မရှိ	ရှိ (အိန္ဒိယ နိုင်ငံ)	[illegible]	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ [illegible]

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ပထမအကြိမ် ပိုက်ချက်များ တင်ဒါရောင်းချခြင်းအခမ်းအနား ကျင်းပ

သုံးခွ ဇူလိုင် ၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပိုက်ချက်များ တင်ဒါရောင်းချခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် သုံးခွမြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့ရာ တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်းနှင့် မြို့နယ်တင်ဒါရောင်းချရေးအဖွဲ့ဝင်များတက်ရောက်ခဲ့ပြီး တင်ဒါပိုက်ချက် ၁၁၆ ချက်အား ရောင်းချပြီးစီးခဲ့သည်။ ကျန်ရှိသော တင်ဒါပိုက်ချက် ၁၉ ချက်အား ဒုတိယအကြိမ် ဆက်လက်ရောင်းချသွားမည် ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

ခြောက်နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၉ ဦး ရှိပြီ

နေပြည်တော် ဇူလိုင် ၉

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၉ ဦး ရှိပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ နှစ်ဦးမှာ ချင်းပြည်နယ် တွန်းဇံမြို့နယ်မှ ခြောက်နှစ်အရွယ် ကလေးတစ်ဦး (အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ)နှင့် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်မှ တစ်ဦး (ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ)တို့ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၁၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ နှစ်ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိတော့သူ ၂၅၄ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၃၇ ဦးနှင့် ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာ အသစ် ၄၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၈၈၂၃၄	၃၁၉
ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၅၄	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၂၃၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၃၇ ဦး (အသွားအလာ ဆက်သွယ်ကန့်သတ်ထားရှိ)

◆ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၄၆	၅
၂	ရခိုင်	၁၂	
၃	ချင်း	၁၁	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၃	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ကရင်	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
စုစုပေါင်း		၃၁၉	၆

◆ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၉-၇-၂၀၂၀ ရက်နေ့ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၃၁၅၉၆၇၁	၁၃၉၃၂၅၆	၁၃၄၈၈၈
ဘရာဇီး	၁၇၁၉၆၆၀	၁၁၅၂၄၆၇	၆၈၀၈၉
အိန္ဒိယ	၇၇၁၈၆၆	၄၇၈၁၂၄	၂၁၁၇၄
ရုရှား	၇၀၇၃၀၁	၄၈၁၃၁၆	၁၀၈၄၃
ပီရူး	၃၁၂၉၁၁	၂၀၄၇၄၈	၁၁၁၃၃
ချီလီ	၃၀၃၀၈၃	၂၇၁၇၀၃	၆၅၇၃
စပိန်	၂၉၉၅၉၃	စိစစ်ဆဲ	၂၈၃၉၆
ဗြိတိန်	၂၈၆၉၇၉	စိစစ်ဆဲ	၄၄၅၁၇
မက္ကဆီကို	၂၇၅၀၀၃	၁၆၇၇၉၅	၃၂၇၉၆
အီတလီ	၂၄၂၀၄၅၈	၁၉၆၃၉၁	၃၄၉၁၄

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၇၀၇၃၆	၃၂၆၅၁	၃၄၁၇
ဖိလစ်ပိုင်	၅၁၇၅၄	၁၂၈၁၃	၁၃၁၄
စင်ကာပူ	၄၅၄၂၃	၄၁၃၂၃	၂၆
မလေးရှား	၈၆၈၃	၈၄၉၉	၁၂၁
ထိုင်း	၃၂၀၂	၃၀၈၅	၅၈
ဗီယက်နမ်	၃၆၉	၃၄၇	၀
မြန်မာ	၃၁၉	၂၅၄	၆
ဘရူနိုင်း	၁၄၁	၁၃၈	၃
ကမ္ဘောဒီးယား	၁၄၁	၁၃၁	၀
လာအို	၁၉	၁၉	၀

◆ ရှေ့ဖုံးမှ

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ ရက်တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ယနေ့ ၇၈၃ ဦး စုစုပေါင်း ၄၄၅၃၂ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၃၁၇ ဦး စုစုပေါင်း ၇၈၃ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ဝိုင်းမော်မြို့နယ်ရှိ နန့်လွန်းဆည်နှင့် ဝါရှောင်ဆည်များသို့ ငါးမျိုးများစိုက်ထည့်

ဝိုင်းမော် ဇူလိုင် ၉

ဝိုင်းမော်မြို့နယ်အတွင်းရှိ နန့်မြင်းချောင်း၊ နန့်လွန်းဆည်နှင့် ဝါရှောင်ဆည် အတွင်းသို့ ဇူလိုင် ၇ ရက်က ငါးမျိုးများစိုက်ထည့်ခဲ့ရာ ပြည်နယ်ဦးစီးဌာနမှူး ဦးဝင်းမြင့်စော၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်း၊ ဌာနဆိုင်ရာများနှင့် အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ပြီး ငါးမြစ်ချင်းကောင်ရေ စုစုပေါင်း ၅၀၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

ပုလဲမြို့နယ်၌ နိုင်ငံတော်အစိုးရက ဒုတိယအကြိမ်ထောက်ပံ့သည့် ထောက်ပံ့ငွေများကို ပြည်သူ့လက်ဝယ်အရောက် ပေးအပ်

ပုလဲ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတစ်ဝန်းလုံးရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို ဒုတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၁၅၀၀၀ ကိုပြည်သူ့လက်ဝယ်အရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ထံမှ သိရသည်။

ဒုတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် ကျေးရွာအုပ်စု ၅၉ အုပ်စုမှ ကျေးရွာ ၁၉၁ ရွာအတွင်းရှိ အိမ်ထောင်စု ၂၂၆၇၇ စုအတွက် ငွေကျပ် ၃၄၀၁၅၅၀၀၀ ကို ဇုန်လေးဇုန် သတ်မှတ်ပြီး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများကို ပထမအကြိမ်ထောက်ပံ့မှုအနေဖြင့် ရိက္ခာငါးမျိုးကို အိမ်ထောင်စု ၁၀၂၁၃ စုကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပထမအကြိမ်တွင် ထောက်ပံ့ရန်ကျန်ရှိခဲ့သည့် မိသားစုဝင်များအား ယခုဒုတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မွေးကြူဇင် (မုံရွာကိုယ်ပွား)

ဖရူဆိုမြို့နယ်၌ သီးနှံများ အထွက်တိုးလျက်ရှိ

ဖရူဆို ဇူလိုင် ၉

ကယားပြည်နယ် ဖရူဆိုမြို့နယ် မိုဆိုကျေးရွာရှိ မိုဆိုစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းအနေဖြင့် သမဝါယမလယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသင်းသားတောင်သူများ၏ လယ်ယာမြေများအား ဒုတိယတန်းစား လယ်ယာမြေအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းကြောင့် သီးနှံအထွက်နှုန်းပိုမိုတိုးတက်သဖြင့် အသင်းသားတောင်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူငွေများ လာရောက်လှူဒါန်း

မန္တလေး ဇူလိုင် ၉
မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် Primus Advanced Technologies Co., Ltd. မှ အလှူငွေကျပ် သိန်း ၁၀၀ နှင့် မန္တလေးတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ အလှူငွေကျပ် သိန်း ၃၀ ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ယမန်နေ့ ညနေ ၃ နာရီက လာရောက်လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသ ကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် စေတနာရှင် ရဟန်းရှင်လူပြည်သူများနှင့် ကုမ္ပဏီများ၊ လူမှုအသင်းအဖွဲ့အစည်းများမှ အလှူငွေများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆား အစရှိသည့် ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ထိုင်ဝမ်(တရုတ်-တိုင်ပေ)၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၉
ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ထိုင်ဝမ်(တရုတ်-တိုင်ပေ)၌ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၅ ဦးအား China Airline Cargo လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ယင်းမြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာအသွားအလာကန့်သတ်နေထိုင်ရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၇၁၄၂ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လှိုင်သာယာမြို့နယ်၌ ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၉
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်ပြင်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်၍ အခြေခံလုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်းကို ယနေ့နံနက် ၉ နာရီက ငွေပင်လယ်ငါးချဆိပ်ကမ်း၌ စတင်ဖွင့်လှစ်သည်။

ရှေးဦးစွာ လှိုင်သာယာ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဒေါက်တာယဉ်မိုးက ပင်လယ်ပြင်ငါးဖမ်းရေယာဉ်လုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများမှတစ်ဆင့် ပင်လယ်ပြင်ရေလုပ်သားများအား ဆက်လက်မျှဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ပြီး သင်တန်းကို ဇူလိုင် ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြသန္တာဝင်း

သထုံငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်

သထုံ ဇူလိုင် ၉
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် သထုံငါးလုပ်ငန်းသင်တန်းကျောင်းခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဝင်းက အဖွင့်အမှာစကားပြောကြားကာ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး တက္ကသိုလ်တပ်ရင်းတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းမှ သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

Cash for Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဆောင်ရွက်ခွင့်ရကျေးရွာများ မိတ်ဆက်

မင်းလှ ဇူလိုင် ၉
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ခွင့်ရကျေးရွာများ မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှခေးက ကိုဗစ်-၁၉ ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးထိခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် မြို့နယ်အတွင်းရှိ ဝင်ငွေနည်းပါးသော ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ပုံမှန်ဝင်ငွေရရှိစေရန်၊ လမ်းတံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Cash For Work စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

မင်းလှမြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် Cash For Work စီမံကိန်းကျေးရွာ ကိုးရွာနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာရှစ်ရွာ ရွေးချယ်ထားပြီး ကျေးရွာများ၌ ကော်မတီများဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းများကို ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေါက်စ (မင်းလှ)

❒ လှည်းကူးမြို့နယ်မှ

ကိုဗစ်-၁၉ ရောဂါသည် လူထူထပ်ရာနေရာများတွင် ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါမျိုးဖြစ်သဖြင့် ကျောင်းသားကျောင်းသူများအား ကျောင်းအဝင်မှစတင်ကာ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ တန်းစီစေပြီး ကျောင်းရှေ့တွင် လက်များကိုဆေးကြောသန့်ရှင်းစင်ကြယ်စေရန် လက်ဆေးဘေစင် ခြောက်ခုကိုလည်း တပ်ဆင်ပေးထားကြောင်း၊ ကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာရမည့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး ဗီနိုင်း၊ ပိုစတာများ၊ အသိပညာပေးဆိုင်းဘုတ်များကိုလည်း ပြသထားရှိခြင်းနှင့် မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် အသိပညာပေးလမ်းညွှန်များကိုလည်း ပြသဆောင်ရွက်ထားကြောင်း၊ ကျောင်းအတွင်းရှိ စာသင်ခန်းများ၊ မုန့်ဈေးတန်းများနှင့် သန့်စင်ခန်းများတွင် လက်များကို ဆေးကြောသန့်စင်နိုင်စေရန် လက်ဆေးဘေစင် ၃၉ လုံးကိုလည်း တပ်ဆင်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ကျောင်းသည် ပညာရေးဝန်ကြီးဌာနနှင့် စိုးကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်းများမှ ကိုဗစ်-၁၉ ကာကွယ်ရေး စံပြကျောင်းအဖြစ် ရွေးချယ်သွားမည့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်များအနက်မှ မြောက်ပိုင်းခရိုင် ကိုယ်စားပြုကျောင်းအဖြစ် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်ထားရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းများမဖွင့်မီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ထားရှိပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

✻ ချင်းရွှေဟော်မှ

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၁၉၄ ဦးနှင့် အမျိုးသမီး ၅၈၀၁ ဦး တို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၉၉၅ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ(၂၈) လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းကြပါတော့မည်

မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁၅ ဖြင့် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးတွင် အမည်စာရင်းများ တင်သွင်းကြပါတော့မည်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများပါမည်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများလည်း ပါဝင်လာနိုင်ကြသည်။ အမည်စာရင်းတင်သွင်းခြင်းလုပ်ငန်းကို မည်သို့ဆောင်ရွက်ကြရပါမည်နည်း။ မည်သို့အရေးကြီးပါသနည်း။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ကိုးကား၍ မျှဝေပါရစေ။

နေ့ရက်များသတ်မှတ်ကြေညာထားသည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁၆ ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များကို အောက်ပါအတိုင်း ကြေညာထားသည်-

အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်မှာ ၂၀-၇-၂၀၂၀ ဖြစ်ပြီး တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၇-၈-၂၀၂၀ ဖြစ်သည်။ အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၁၀-၈-၂၀၂၀ ရက်နေ့ဖြစ်သည်။ အမည်စာရင်း တင်သွင်းလွှာများကို စိစစ်မည့်နေ့ရက်မှာ ၁၁-၈-၂၀၂၀ မှ ၁၇-၈-၂၀၂၀ ရက်အထိ ဖြစ်သည်။

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ

အနှစ်ချုပ်၍ပြောရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း မြန်မာနိုင်ငံတွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊ မဲစာရင်းတွင်ပါဝင်သူ၊ ၎င်းမွေးဖွားချိန်တွင် နိုင်ငံသားဖြစ်သော မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊ အမည်စာရင်းတင်သွင်းလွှာ တင်သွင်းသည့်အချိန်တွင် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် အသက် ၂၅ နှစ် ပြည့်ပြီးသူ၊ အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ နှစ်ပြည့်ပြီးသူများသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်ကြသည်။

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများ

အနှစ်ချုပ်၍ ပြောပါမည်။ ထောင်ဒဏ်ကျခံနေရသူ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သတ်မှတ်ကာလ မကုန်ဆုံးသေးသူ၊ စိတ်ပေါ့သွပ်သူ၊ လူမွဲအဖြစ်မှ လွတ်မြောက်ခွင့်မရသေးသူ၊ မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါး သို့မဟုတ် နှစ်ပါးလုံးမှမွေးဖွားသည့် နိုင်ငံသားဖြစ်သူ၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကိုခံယူစောင့်ရှောက်သူ၊ နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ၊ နိုင်ငံခြားအစိုးရ သို့မဟုတ် အဖွဲ့အစည်းပုဂ္ဂိုလ်ထံမှ အထောက်အပံ့ရယူသုံးစွဲသူ၊ နိုင်ငံရေးအတွက် ဘာသာရေးကိုအလွဲသုံးသူ၊ သာသနာ့ဝန်ထမ်းဖြစ်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်သူ၊ နိုင်ငံပိုင်ငွေကြေး၊ မြေ၊ အဆောက်အအုံ စသည်တို့ကို ရယူသုံးစွဲသူ၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် နိုင်ငံခြားသား၊ မတရားအသင်းများနှင့်ဆက်သွယ်သူ စသည်တို့သည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများ ဖြစ်ကြသည်။ အမည်စာရင်းတင်သွင်းမည့်သူသည် ဤအချက်များနှင့် မငြိစွန်းဖို့လိုသည်။

အမည်စာရင်းတင်သွင်းမည့်နေရာ

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရပါမည်။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရပါမည်။ ထိုသို့တင်သွင်းရာတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးဦးထံ အမည်စာရင်းတင်သွင်းလွှာကို ပေးအပ်ရမည်ဖြစ်ပါသည်။

အမည်စာရင်းတင်သွင်းလွှာတင်သွင်းခြင်း

အမည်စာရင်းတင်သွင်းလွှာကို ပုံစံ (၆) မူရင်း နှစ်စောင်ဖြင့် တင်သွင်းရမည်။ ပုံစံ (၆) ဆိုသည်မှာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများတွင် ပါရှိသည်။ ဖြည့်သွင်းရန် အချက် (၁၄) ချက်ရှိသည်။ ညာဘက်ထိပ်တွင် မိမိ၏ဓာတ်ပုံကပ်ရမည်။ အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက လက်မှတ်ရေးထိုး၍ ရက်စွဲတပ်ရမည်။ မြို့နယ်တရားသူကြီးအဆင့်ထက် မနိမ့်သော တရားသူကြီးတစ်ဦး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးရမည်။ တရားသူကြီးကလည်း သူ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးသည်မှာမှန်ကန်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုးပေးရပါမည်။ တရားရုံးတံဆိပ်ခတ်နှိပ်ရပါမည်။

အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာ ပူးတွဲပါရှိရမည်။ ပြည့်ပြည့်စုံစုံမဖြည့်သွင်းလျှင်၊ ပြည့်စုံစွာပူးတွဲတင်ပြခြင်းမရှိလျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသည် ငြင်းပယ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

အမည်စာရင်းတင်သွင်းလွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရပါမည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ကျပ်သုံးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း၊

(ခ) ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးကို ခန့်ထားမည်ဆိုပါက သတ်မှတ်ထားသည့်ပုံစံ (၇-က) နှစ်စောင်၊

(ဂ) ကော်မရှင်က သတ်မှတ်ပေးထားသည့် ကိုယ်ရေးမှတ်တမ်းနှစ်စောင်။

တင်သွင်းရမည့်သူ

အမည်စာရင်းတင်သွင်းလွှာကို ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ၎င်းကခန့်အပ်ထားသော ရွေးကောက်ပွဲကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ထားသောရုံးချိန်အတွင်း တင်သွင်းခြင်းပြုရသည်။ သို့ရာတွင် ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခြင်း မပြုရပါ။

အမည်စာရင်းတင်သွင်းလွှာများ အောင်မြင်ချောမွေ့စေရေးအတွက် အမည်စာရင်းတင်သွင်းရန်ရှိသည့်ကာလ ရုံးပိတ်ရက်များတွင် သက်ဆိုင်ရာတရားရုံးများ၊ ဘဏ်ခွဲများအား ဖွင့်လှစ်ထားရှိပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားရှိပါသည်။

အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်း

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာကို စိစစ်မည့်နေ့ရက်နှင့် အချိန်၌ ဖြစ်နိုင်လျှင် မိမိကိုယ်တိုင်သွားရောက်ပါ။ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကို စေလွှတ်သည့်အခါတွင်လည်း လိုအပ်သည့်အထောက်အထားမှန်သမျှ ပြည့်ပြည့်စုံစုံပေးလိုက်ပါ။ သို့မှသာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စိစစ်သည့်အခါ အလွယ်တကူ တင်ပြပေးနိုင်မည်။ ယှဉ်ပြိုင်ဘက်ကိုယ်စားလှယ်လောင်းက မိမိအပေါ် ကန့်ကွက်လာလျှင်လည်း အလွယ်တကူ တင်ပြခုခံဖြေရှင်းနိုင်မည်ဖြစ်သည်။

ထို့ပြင် ယှဉ်ပြိုင်ဘက်ကိုယ်စားလှယ်လောင်းအပေါ် မိမိက ကန့်ကွက်ရန်ရှိမည်ဆိုလျှင် မိမိကန့်ကွက်လိုသည့် အချက်များနှင့်စပ်လျဉ်း၍ လိုအပ်သမျှသော အထောက်အထား စာရွက်စာတမ်းများကို ယူဆောင်သွားရပါမည်။ သို့မှသာ မိမိ၏ကန့်ကွက်ချက် ခိုင်မာမည်ဖြစ်သည်။

အမည်စာရင်းတင်သွင်းလွှာအပယ်ခံရနိုင်ခြင်း

အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့သည် မဲစာရင်းတွင် ဖော်ပြထားချက်များနှင့် ကိုက်ညီမှုမရှိသည့်အခါ၊ အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်တင်သွင်းသည့်အခါ၊ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ကြောင်း တွေ့ရှိရသည့်အခါ၊ အမည်စာရင်းတင်သွင်းရာတွင် သို့မဟုတ် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေပေးသွင်းရာတွင် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်သည့်အခါ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အမည်စာရင်းတင်သွင်းလွှာကို ပယ်မည်ဖြစ်သည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်းကို သတ်မှတ်ထားသည့်နေ့ရက်များမှာပင် ပြီးပြတ်အောင်ဆောင်ရွက်ရပါသည်။

အယူခံပိုင်ခွင့် အခွင့်အရေး

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာကို လက်ခံကြောင်း သို့မဟုတ် ပယ်ကြောင်းဆုံးဖြတ်သည့်အခါ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်သူကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ (၇) ရက်အတွင်း အယူခံဝင်ရောက်ခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အယူခံအမှုကို စိစစ်၍ (၇) ရက်အတွင်း အမိန့်ချမှတ်ရပါမည်။ ယင်းအမိန့်သည် အပြီးအပြတ်ဖြစ်သည်။

တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ဆုံးဖြတ်ပါမည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အယူခံဝင်ခွင့်ရှိသည်။ ကော်မရှင်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

စာမျက်နှာ ၂၀ သို့ ■

ကိုဗစ်-၁၉ ရောဂါကာလအတွင်း အမျိုးသားသွေးဌာန (ရန်ကုန်) သို့ သွေးလှူရှင်ပေါင်း ၂၀၈၈၉ ဦး လာရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၉

၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ဇွန်လအထိ လေးလအတွင်း အမျိုးသားသွေးဌာန(ရန်ကုန်) သို့ သွေးလှူရှင်ပေါင်း ၂၀၈၈၉ ဦး လာရောက်လှူဒါန်းခဲ့ကြကြောင်း အဆိုပါဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယခုနှစ်သွေးလှူရှင်ဦးရေသည် ယခင်နှစ်ထက်လျော့ကျမှုများရှိခဲ့သော်လည်း အရေးပေါ်သွေးလိုအပ်သည့်လူနာများ၊ မွေးရာပါသွေးအားနည်းရောဂါကြောင့် တစ်ပါးသူ၏သွေးနှင့် အသက်ဆက်နေရသည့်လူနာများ၊ အခြားသွေးရောဂါခံစားနေရသည့်လူနာများနှင့် ကင်ဆာရောဂါအတွက် ကုသမှုခံယူနေရသည့်လူနာများအတွက် သွေးလိုအပ်ချက်အဆင်ပြေမှုရှိကြောင်းနှင့် အရေးပေါ်မဟုတ်သည့် စောင့်ဆိုင်းနိုင်သောခွဲစိတ်ကုသမှုမျိုးကို ရပ်ဆိုင်းထားကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)တာဝန်ခံ ဒေါက်တာသီတာအောင်က ပြောကြားသည်။

"သွေးလှူဒါန်းမှုတွေဟာ မတ်လကစပြီး ကျဆင်းခဲ့ပါတယ်။ အခုဆိုရင် လေးလထဲရောက်ရှိလာပါပြီ။ အခုလိုကျဆင်းမှုတွေရဲ့နောက်ဆက်တွဲ အခြေအနေတွေကတော့ စောင့်ဆိုင်းနိုင်တဲ့ သွေးလိုအပ်မှုတွေကို ထောက်ပံ့မှု ခေတ္တရပ်ဆိုင်းခဲ့ရပါတယ်။ အရေးပေါ်အခြေအနေရှိတဲ့ သွေးလိုအပ်မှုကိုတော့ ဦးစားပေးမယ်၊ စောင့်ဆိုင်းနိုင်တဲ့ သွေးလိုအပ်မှုတွေကို စောင့်ဆိုင်းဖို့ ညှိနှိုင်းခဲ့ရပါတယ်။ အဲဒီလိုစောင့်ဆိုင်းခဲ့ရတဲ့လူနာတွေကို အားနာပေမယ့် အမှန်တကယ်ချက်ချင်းထောက်ပံ့ကုသမှုမရခဲ့ရင် အန္တရာယ်ဖြစ်မယ့် အခြေအနေအားလုံးကို စေတနာရှင်များရဲ့ လှူဒါန်းမှုတွေနဲ့ ကူညီနိုင်ခဲ့လို့ သွေးလှူရှင်များနဲ့ထပ်တူ ဝမ်းမြောက်ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

သွေးလှူရှင်များအနေဖြင့် နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ အမျိုးသားသွေးဌာန (ရန်ကုန်) သို့ လာရောက်လှူဒါန်းနိုင်ပြီး https://www.donatebloodmyanmar.org/booking ဝက်ဘ်ဆိုက်တွင်လည်း အွန်လိုင်းဘိုကင်စနစ်ဖြင့် လှူဒါန်းနိုင်ကြောင်းသိရသည်။

အေးမင်းသူ

■ စာမျက်နှာ ၁၉ မှ

အထူးသဖြင့်သတိပြုရမည့်အချက်

ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် သတ်မှတ်ချက်များနှင့်ညီညွတ်ရန် အထူးသတိပြုကြဖို့လိုအပ်သည်။ အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရလျှင် အပယ်ခံရသည့် ကိုယ်စားလှယ်လောင်း၏နေရာတွင် ယင်း ပါတီက နောက်တစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ထပ်မံ၍ အမည်စာရင်းတင်သွင်းခွင့်မရှိတော့ပါ။ ယှဉ်ပြိုင်မှုမပြုရသေးမီမှာပင် ကိုယ်စားလှယ်လောင်းတစ်ဦး ဆုံးရှုံးမှုဖြစ်စေသည်။ ယခင်က အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရာ၌ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မကိုက်ညီသဖြင့် အပယ်ခံရသည်များကို ဗဟုသုတအဖြစ်လေ့လာနိုင်ရန် ဖော်ပြပေးလိုသည်။

၇-၁၁-၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် လွှတ်တော်သက်တမ်း၏ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းသူ ၃၁၀၈ ဦးဖြစ်သည်။ ၃၇ ဦး အပယ်ခံရသည်။ လုံခြုံရေးအရ ငြိစွန်းသူ ၁၆ ဦး၊ နိုင်ငံသားဖြစ်မှု ၂၀ ဦးနှင့် ရွေးကောက်ပွဲ မဝင်တော့၍ ပြန်ရုပ်သိမ်းသူ တစ်ဦးတို့ဖြစ်သည်။

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ၁-၄-၂၀၁၂ ရက်နေ့က ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၁ ဦးရှိသည်။ နှစ်ဦး အပယ်ခံရသည်။ နှစ်ဦးစလုံးမှာ နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ အပယ်ခံရခြင်းဖြစ်သည်။

၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးအသီးအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူ စုစုပေါင်း ၆၁၈၉ ဦးရှိသည်။ ၃၉ ဦး ပြန်လည်ရုပ်သိမ်းခဲ့သည်။ အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ပြီးနောက် ကိုယ်စားလှယ်လောင်း ၇၅ ဦး အပယ်ခံရသည်။ အပယ်ခံရသည့်အကြောင်းမှာ နိုင်ငံသားဖြစ်မှု ၅၁ ဦး၊ သတ်မှတ်သည့် အသက်မပြည့်သူ ကိုးဦး၊ မြန်မာနိုင်ငံအတွင်း ၁၀ နှစ် တစ်ဆက်တည်း နေထိုင်ခြင်းမရှိသူ ငါးဦး၊ ပါတီတစ်ခုတည်းမှ နှစ်ဦးထပ်နေသူ လေးဦး၊ အချင်းချင်းကန့်ကွက်မှု နှစ်ဦး၊ လိမ်လည် စာရင်းသွင်းသူ တစ်ဦး၊ နုတ်ထွက်သူ သုံးဦး စုစုပေါင်း ၇၅ ဦးဖြစ်သည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ၁-၄-၂၀၁၇ ရက်နေ့က ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲနှင့် ၃-၁၁-၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲများတွင် သတ်မှတ်ချက်များနှင့် ညီညွတ်သည့်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း အပယ်ခံရခြင်း မရှိခဲ့ပါ။ မှန်ကန်စွာ စိစစ်ရွေးချယ်တင်သွင်းနိုင်မှုကို မှတ်တမ်းတင်ရမည်ဖြစ်သည်။

အပယ်မခံရစေရေးသည် ကနဦးလိုအပ်ချက်ပါ

ကိုယ်စားလှယ်လောင်းများ၏ အသက်ကန့်သတ်ချက်အတွက် သတ်မှတ်ထားသည့် အချိန်ကာလမှာ အမည်စာရင်းတင်သွင်းရမည့်အချိန်တွင် ပြည့်မီရန် သတ်မှတ်ထားသည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်နှင့်ချိန်၍ တွက်ချက်ရွေးချယ်တတ်ကြသည်။ သတိပြုကြရပါမည်။

နိုင်ငံသားအတွက် သတ်မှတ်ထားသည်မှာ အမည်စာရင်းတင်သွင်းခံရသူ မွေးဖွားသည့်အချိန်တွင် မိဘနှစ်ပါးလုံးသည် နိုင်ငံသားဖြစ်နေဖို့သည် များစွာအရေးကြီးသည်။ လက်တွေ့တွင် ထိုသို့မဟုတ်ဘဲ လက်ရှိကာလတွင် မိဘနှစ်ပါးသည် နိုင်ငံသား ဖြစ်/မဖြစ် တိုင်းတာသတ်မှတ်ရွေးချယ်တတ်ကြသည်။ သတိပြုကြရပါမည်။

ဥပမာပေးခြင်းဖြစ်သည်။ ကျန်ရှိသော အရည်အချင်းသတ်မှတ်ချက်များကိုလည်း သေသေချာချာ စိစစ်ရွေးချယ်ကြဖို့လိုအပ်သည်။ မိမိအမည်စာရင်း တင်သွင်းလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား အပယ်မခံရစေရေးသည် ကနဦးအရေးကြီးသည့် အချက်တစ်ချက်ဖြစ်ကြောင်း ပါဗျာ။

- ❍ **သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို စိစစ်ရွေးချယ်နိုင်ကြပါစေ။**
- ❍ **ပြည်သူနှင့်နိုင်ငံတော်အကျိုး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြပါစေ။**
- ❍ **သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထောက်အထားခိုင်မာစွာဖြင့် စိစစ်မှုပြုနိုင်ကြပါစေ။**

ကိုးကားချက်။
- ❖ **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ ပုဒ်မ ၈၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၂၂ မှ ၃၀ ထိ**
- ❖ **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၁၈ မှ ၂၁ ထိ**

ရွှေသွေးဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးကအပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၁၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သူတစ်ပါး၏ အားနည်းချက်ကို ထုတ်ဖော်၍ ပြုမူပြောဆိုခြင်းမပြုလုပ်မိစေရန်သတိထားရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "အမုန်းစကား မဆိုကြေး" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ အသိပညာဗဟုသုတတိုးပွားစေရန် လိုက်နာကျင့်သုံးအပ်သော မြန်မာ့ယဉ်ကျေးမှုဆိုင်ရာနီတိများအကြောင်းကို တင်ဆက်ထားသည့် ဆရာမမြတ်လေးမြင့်၏ "တုံ့ပြန်သော မေတ္တာစကားလှ" သုတဆောင်းပါး၊ ကိုကိုသည် ညီညီအား ဆံပင်ညှပ်ဆိုင်ပို့ပေးခဲ့ပြီးဖြစ်ကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကိုကိုညီညီ" နှစ်မျက်နှာကာတွန်း၊ အစားအစာများ စားသုံးရာတွင် ဓာတ်မတည့်သော အစားအစာများကို တွဲဖက်မစားမိစေရန် အထူးသတိပြု ဆင်ခြင်သင့်ပုံအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "အစားမတော်တစ်လုပ်" ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေး အင်္ဂလိပ်စကားဝိုင်း၊ ကျန်းမာရေး အသိပညာပေးချက်ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ ကဗျာစုံလင်စွာဖြင့် ဖတ်စရာများပါရှိကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်၌ မြစိမ်းရောင်ငါးကဏ္ဍ လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စဉ့်ကူး ဇူလိုင် ၉

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရွှေလေ့ကျေးရွာမြစိမ်းရောင်ငါးကဏ္ဍ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လုပ်ကိုင်နေမှုအား စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးနေလင်းနှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာဖွံ့ဖြိုးရေးလမ်းကော်မတီတို့မှ အနီးကပ်ကြီးကြပ် ဆောင်ရွက်နေကြသည်ကို ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ကရစ်လမ်းအရှည် ပေ ၂၆၀ ခန့် လမ်းခင်းရန်အတွက် အရှည်ပေ ၁၂၀ ခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပေါ့ဘာအား မန်ယူအသင်းတွင် ဆက်ရှိနေရန် နည်းပြဆိုးရှား ဆန္ဒရှိနေ

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ ကွင်းလယ်ကစားသမားပေါ့ဘာအား အိုးထရက်ဖို့ဒ်၌ ကာလကြာရှည် ဆက်ရှိနေဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

ပြင်သစ်ကွင်းလယ်ကစားသမားပေါ့ဘာဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းကနေထွက်ခွာဖို့ ဆန္ဒရှိနေသူလည်းဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ အသင်းဟောင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းနဲ့ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့ဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့သူလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားပေါ့ဘာဟာ လက်ရှိမန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ တစ်နှစ်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ မာတစ်နဲ့ တွမ်မီနေးတို့ကို ကာလရှည်စာချုပ်သစ်တွေချုပ်ဆိုခဲ့ပြီးနောက် ပေါ့ဘာကို စာချုပ်သစ်ချုပ်ဆိုဖို့ မျှော်လင့်နေတာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက လာကာဇက်တီကို စာချုပ်သစ်ချုပ်ဆိုရန်စီစဉ်နေ

အာဆင်နယ်အသင်းဟာ အသင်းရဲ့ တိုက်စစ်မှူး လာကာဇက်တီကို စာချုပ်သစ်တစ်ရပ် ချုပ်ဆိုဖို့ အသင့်ရှိနေတယ်လို့ နည်းပြ အာတီတာက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အာဆင်နယ် အသင်းအနေနဲ့ မာတင်နယ်လီ၊ ဘူယာကိုဆာကာ၊ စီဒရစ်ဆိုယာရီးစ်၊ ပါဘလိုမာရီနဲ့ ဒေးဗစ်လုဇ်တို့ကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ မကြာသေးတဲ့ ကာလအတွင်းက ကြေညာခဲ့ပြီး လက်ရှိမှာ တိုက်စစ်မှူး လာကာဇက်တီကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်လာတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လာမယ့် ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ မျှော်လင့်ချက်ရှိနေတဲ့အသင်းလည်းဖြစ်ပါတယ်။

ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီဟာ ၂၀၁၇ ခုနှစ်အတွင်းက လိုင်ယွန်အသင်းကနေ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာလည်းဖြစ်ပါတယ်။

လာကာဇက်တီဟာ လိုင်ယွန်အသင်းနဲ့အတူ ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ၂၀၃ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၀၀ အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး လက်ရှိကလပ် အာဆင်နယ်အသင်းမှာတော့ ၉၂ ပွဲပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၃၅ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ အသင်းရဲ့အားထားရတဲ့တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ အူဘာမေယန်ကိုလည်း စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

အနုပညာ

ဂျာဗီစီအာလက်စ်လီကို Batwoman အဖြစ် တွေ့မြင်ရမည်

လူမည်းသရုပ်ဆောင်တစ်ဦးဖြစ်သူ မင်းသမီး ဂျာဗီစီအာလက်စ်လီကို လူစွမ်းကောင်းဇာတ်ကောင်သစ်တစ်ဦးဖြစ်တဲ့ Batwoman အဖြစ် တွေ့မြင်ရမှာဖြစ်ကြောင်း စီနန်နက်ထ်ဝက်က ဇူလိုင် ၈ ရက်မှာ ပြောကြားခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Batwoman ဇာတ်ကောင်ကို ပထမဆုံးအကြိမ် ဖန်တီးထားတာ ဖြစ်ပြီး ယခင်က လင်းနို့လူသားအဖြစ် အမျိုးသားဇာတ်ဆောင်တွေကသာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ Batwoman ကို လိုက်ဖ်အက်ရှင် ရုပ်သံဇာတ်လမ်းတွဲ သို့မဟုတ် ရုပ်ရှင်သစ်အဖြစ် ဖန်တီးသွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ Batwoman ရုပ်ရှင်သစ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အတွင်း စတင်ပြသသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

အဒဲလ်ရဲ့ စံချိန်ကို ချိုးဖြတ်ခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ မကြာသေးမီက စတင်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းသစ် Black Swan နဲ့ ဂီတခရီးမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါတယ်။ အဆိုပါ တေးဗီဒီယိုသစ်ဟာ ဗြိတိန် ပေါ့ပ်ကြယ်ပွင့် အဒဲလ် တင်ထားတဲ့ စံချိန်ကိုပင် ချိုးဖျက်ကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဗီဒီယိုဟာ အဖွဲ့ရဲ့ မိနီတေးအယ်လ်ဘမ်သစ် Map of the Soul:7 မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး လတ်တလောမှာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်မှာ နိုင်ငံနဲ့ ဒေသပေါင်း ၉၃ ခုမှ iTunes တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ အဆိုပါတေးသီချင်းဟာ ဇူလိုင် ၆ ရက်မှာ နိုင်ငံနဲ့ ဒေသပေါင်း ၁၀၃ ခုမှ iTunes တေးဂီတဇယားတွေကို ဦးဆောင်နိုင်ပြီး နိုင်ငံနဲ့ ဒေသပေါင်း ၁၀၂ ခုကို ဦးဆောင်ကာ အများဆုံးအဖြစ် ရပ်တည်နေခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် အဒဲလ်ရဲ့ စံချိန်ကို ကျော်လွန်ကာ စံချိန်သစ်တင်ခဲ့ကြောင်း သိရပါတယ်။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ လူနေရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၈၈/ခ၊ ဧရိယာ (အလျား ပေ၂၀xအနံ ပေ၆၀) ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးအေး [၁၂/သကတ(နိုင်)၀၁၃၄၇၃]အမည်ဖြင့် မှတ်သားထားပါသည်။ ဦးအေး ကွယ်လွန်ပြီး ၎င်း၏သာသမီး(၅)ဦးထံမှ ဒေါ်ခိုင်ခိုင်မော်[၁၂/သကတ(နိုင်)၁၅၇၆၆၂]က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေအား မိမိလက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှ
LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၆၅)
တိုက်(၉/၁၁)၊ ပထမထပ်၊ အခန်း(၁၀၂/အေ)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၅၃၀၅၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကာမ-၁၇၊ မြေကွက်အမှတ်(၁၈၅၅/က)၊ ဧရိယာ(၂၀'x၆၀')မြေကွက်တည်နေရာအမှတ်-၁၈၅၅/က၊ ပေဖူးလွှာလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးသိန်းဟံအမည်ပေါက်-ပါမစ်မြေအားအမည်ပေါက်-ဦးသိန်းဟံထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ကြည်ကြည်မြင့်(၁၀/ ရမန(နိုင်)၀၂၅၁၈၆)မှမြေချပါမစ်မူရင်းတွင်ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းစာရွက်တို့ကိုတင်ပြပြီးဓါတ်ပုံကိုတင်ပြနိုင်ခြင်းမရှိဘဲပါမစ်မိတ္တူဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအဆောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ ၈၂(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက္ကံ)၊ မြေကွက်အမှတ်(၁၀၅၆)၊ မြေကွက်တည်နေရာအမှတ်(၁၀၅၆)၊ ရာဇာဓိရာဇ်(၅)လမ်း၊ ၁၄/ရွှေပေါက္ကံ၊ ဗကက-ကံသိန်းအောင်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်သူဦးကံသိန်းအောင်(၁၂/ဗတထ(နိုင်)၀၀၆၃၇၇)ကိုယ်တိုင်မှမြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန(၁၁-၁၁-၁၉၉၀)တွင်ချထားပေးသောပါမစ်မူရင်း(မပြည့်စုံ)(ဓါတ်ပုံ၊ရွှေ့ပြောင်းသူများရာဇဝင်အကျဉ်း၊အိမ်ယာဆောက်လုပ်ခွင့်သာပါရှိပြီးမှီခိုသူစာရင်းမပါရှိ)တင်ပြ၍ဂရန်သစ်လျှောက်ထားခြင်းအပေါ်တရားဝင်ခိုင်လုံသောအဆောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

[illegible] ဦး[illegible] (၁၂/[illegible] (နိုင်) ၀၂၅၈၄၉) သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို [illegible] ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် (၂၁-၁၀-၂၀၁၉) [illegible] ၄/၂၇၀၂၂/၂၀၁၉ ဖြင့် [illegible] ကုန်အမှတ်တံဆိပ်အဖြစ်မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

GOD KING

မှတ်ပုံတင်စာချုပ်အမှတ် - ၄/၂၇၀၂၂/၂၀၁၉

နတ်မင်း

အထက်ဖော်ပြပါ God King နတ်မင်း ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို [illegible] God King နတ်မင်း [illegible] မြန်မာနိုင်ငံတစ်ဝန်းလုံး [illegible]

အထက်ဖော်ပြပါ God King နတ်မင်း ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို [illegible] တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦး[illegible]
(LL.B, D.B.L, D.M.L, D.I.L, Dip in Global English)
တရားလွှတ်တော်ရှေ့နေ ([illegible])
အမှတ် (၁)၊ မြေညီထပ်၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-[illegible]

"တရားဝင်ဇနီးအဖြစ် ယနေ့တိုင် အတည်ဖြစ်လျက်ရှိနေကြောင်း" "ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ် (၂)လမ်း၊ အမှတ်-၁၈၇ နေ ကိုကျော်ဆန်းဦး(ခ)Mohammed Amir Hamzahနှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဆူးလေဘုရားလမ်း၊ အမှတ်-၁၂၄၊ အခန်း(၂၈)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မနန္ဒာအောင်[၁၂/ကတတ(နိုင်)၀၃၀၆၆၄]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ မနန္ဒာအောင်နှင့် ကိုကျော်ဆန်းဦးတို့သည် (၂၆-၂-၂၀၁၆) ရက်တွင် အစ္စလာမ် တရားတော်နှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ မိဘများစရိတ်ဖြင့် "ဝလီမာညှော်ခံပွဲ"ပြုလုပ်ခဲ့ပါကြောင်း၊ (၂၇-၂-၂၀၁၆)ရက်တွင် "Central Hotel"တွင် မင်္ဂလာညှော်ခံပွဲထပ်မံပြုလုပ်ခဲ့ရာ၌ ကျွန်ုပ်တို့မိတ်ဆွေ၏ မိဘများ ဘက်မှ မင်္ဂလာညှော်ခံစရိတ်(၃)ပုံ(၁)ပုံကို စိုက်ထုတ်အကုန်ကျခံခဲ့ကြောင်း၊ ကျွန်ုပ်တို့မိတ်ဆွေသည် "Kyaw" ထုံးမပေါက်ဆေးနှင့်ဗမာဆေးရွက်ကြီးလုပ်ငန်းကို လက်ရည်တစ်ပြင်တည်း လုပ်ကိုင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းမှရရှိလာသော အကျိုးအမြတ်ငွေများဖြင့် TOYOTA WISH အမျိုးအစား၊ အဖြူရောင်မော်တော်ယာဉ် YGN-1H/5411နှင့် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေး နွယ်(၂)လမ်း၊ အမှတ်-၁၆၆(မြေညီ)တိုက်ခန်းတစ်ခန်းတို့ကို ဝယ်ယူခဲ့ပါကြောင်း၊ ကိုကျော်ဆန်းဦးနှင့် ကျွန်ုပ်တို့၏မိတ်ဆွေတို့သည် ခေတ္တခွဲခွာနေထိုင်သော်လည်း အစ္စလာမ့်တရားတော်အရ **"တရားဝင်အကြင်လင်မယားပင်"** ဖြစ်ကြောင်း အစ္စလာမ့်သာသနာရှင် မုဖ်သီတစ်ဦးထံမှ **"ဓမ္မသတ်ထုတ်ပြန်ချက်"** (ဖသဝါ) ရရှိထားကြောင်း လွှဲအပ်ချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ **"မနန္ဒာအောင်(ခ)Shainaag သည် ကိုကျော်ဆန်းဦး(ခ)Mohammed Amir Hamzah၏ တရားဝင်ဇနီးမယားအဖြစ် ယနေ့တိုင်အတည်ဖြစ်လျက်ရှိနေပါကြောင်း"**နှင့် ကျွန်ုပ်တို့မိတ်ဆွေ၏ **ရပိုင်ခွင့်(ဟပ်က်)**များကို ပေးအပ်ခြင်းမရှိဘဲ အထက်အပိုဒ်ပါ မော်တော်ယာဉ်နှင့်တိုက်ခန်းကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လဲလှယ်ခြင်းများ အပါအဝင် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ပါရန် ကိုကျော်ဆန်းဦး(ခ) Mohammed Amir Hamzahနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်ပေးသူ	**လွှဲအပ်ချက်အရ-**
မနန္ဒာအောင်	**ဒေါ်လှမိုးသူ[B.Sc,PGDL,LL.B,LL.M(Part I)]**
[၁၂/ကတတ(နိုင်)၀၃၀၆၆၄]	**အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၁)**
ဦးကျော်ဇင်ဦး[LL.B(Q)]	**ဦးတင့်နိုင်ဝင်း[LL.B]**
အထက်တန်းရှေ့နေ(စဉ်-၅၂၂၈၈)	**အထက်တန်းရှေ့နေ(စဉ်-၅၂၈၆၅)**

ခြံအမှတ်(၅)၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၀၇၇၊ ၀၉-၈၇၂၇၇၃၉၆

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်းအမှတ်(၂၇)၊ ကွင်းအမည်-ပိန္နဲကုန်း၊ ဂရန်အမှတ်-၅၂၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀.၁၂၆)ဧကရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးထိုက်[၁၂/သကတ(နိုင်)၁၂၉၃၉၅] ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်မြတ်မိုး[၁၂/သကတ(နိုင်)၀၁၈၃၀၀] ကိုင်ဆောင်သူမှ (၁၈-၆-၂၀၁၉)နေ့စွဲပါ နှစ်ဦးသဘောတူ နေအိမ်အပါအဝင် မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရောင်းအဝယ်ငွေပေးချေခြင်း ကတိစာချုပ်အား ချုပ်ဆို၍ ရောင်းဖိုးငွေများ အပြေအကျေ ပေးအပ်၍ ဝယ်ယူပိုင်ဆိုင်ထားပါကြောင်းနှင့် အကယ်၍ ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ အထက်လိပ်စာပါ မြေနှင့်အိမ်အား တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ ငှားရမ်းခြင်းတို့အား မပြုလုပ်ကြပါရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်မြတ်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)
အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။ Ph:09-778434507, 09-772766716

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၅)၊ မြေကွက်အမှတ်(၆၀၆)၊ မြေကွက်တည်နေရာအမှတ်(၆၀၆)၊ (၁၆၈/၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးတင်ကိုကိုလတ်(၁၂/မဘန(နိုင်)၁၂၉၅၇၆)အမည်ပေါက်-ပါမစ်မြေအား [illegible] [illegible] ဥဇ္ဇာမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) [illegible] ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန

အကျဉ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့

ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက် ရှိ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းများမှ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန် (၃၁၆၈၂) အိတ်အား သက်ဆိုင်ရာ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းများသို့အရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်	(၁၀-၇-၂၀၂၀) ရက်နေ့မှ (၁၁-၈-၂၀၂၀) ရက်ထိ (ရုံးချိန်အတွင်း)
ရောင်းချမည့်နေရာ	ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ သမိန်ဗရမ်းလမ်း၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့။
တင်ဒါဖွင့်မည့်ရက်	(၁၂-၈-၂၀၂၀) ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (၉:၃၀) နာရီ
တင်ဒါဖွင့်မည့်နေရာ	ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ သမိန်ဗရမ်းလမ်း၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်ကျပ် (၁၀၀၀၀) နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ၀၅၂-၂၂၃၀၉၁၇၊ ၀၅၂-၂၂၃၀၁၄၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ဝင်း [၁၂/ရကန(နိုင်)၀၅၄၈၄၆]မှ UBG & Son Intertrade Co, Ltd ၏ သွင်းကုန်ကြေညာလွှာအမှတ် ID.NO.(100118060931)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

Ph: 01-379588
09-5578900
09-443021722

(၅-၅-၂၀၂၀)ရက်ထုတ် သတင်းစာပါ အများသိစေရန် ကြေညာခြင်းအပေါ်(ဒေါ်ယဉ်ယဉ်ဦး) (ဒေါ်သဲနုစံ၊ တရားလွှတ်တော်ရှေ့နေ)နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ စံပြလမ်းနေ ဦးဌေးညွန့်[၅/ကနန(နိုင်)၀၃၂၉၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တွင် အမွေရှင်ဦးလှအောင်သည် ၎င်း၏ချွေးမဖြစ်သူ ဒေါ်ယဉ်ယဉ်ဦးနှင့် သား(၃)ယောက်အား ၎င်းပိုင်အမွေပစ္စည်းများအား ခွဲဝေပေးခဲ့သော်လည်း ၎င်း၏မြေးများမှာ အရွယ်မရောက်သေးသူများဖြစ်သောကြောင့် အမွေပစ္စည်းများအား ထိန်းသိမ်းရန်မဖြစ်နိုင်သေးပါသဖြင့် အမွေပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ပါရန် ၎င်း၏တူအရင်းတော်စပ်သူ ဦးဌေးညွန့်[၅/ကနန(နိုင်)၀၃၂၉၅၈]နှင့် ကလေးများ၏ မိခင်ဖြစ်သော ဒေါ်ယဉ်ယဉ်ဦးတို့အား အမွေ ပစ္စည်းအုပ်ထိန်းသူများအဖြစ် စီမံခန့်အပ်၍ အမွေပစ္စည်းများအား ကြိုတင်စီမံခန့်ခွဲပေးခဲ့ကြောင်း (၄-၄-၂၀၂၀)စာချုပ်အားပြုလုပ်ချုပ်ဆိုပေး၍ အမွေလက်ခံသူကလေးများ အသက်(၁၈)နှစ်ပြည့်မှသာ အုပ်ထိန်းသူ(၁)ဦးဌေးညွန့်၊ (၂)ဒေါ်ယဉ်ယဉ်ဦးတို့မှ အပြီးအပြတ်လွှဲအပ်ရမည်ကိုလည်း ဒေါ်ယဉ်ယဉ်ဦး၏ လွှဲအပ်ချက်အရ သတင်းစာ၌ ထည့်သွင်းကြေညာသူ ဒေါ်သဲနုစံကိုယ်တိုင် စာချုပ်ပြုလုပ်ချုပ်ဆိုပေးခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ထို့ကြောင့် ဒေါ်ယဉ်ယဉ်ဦးကြေညာသကဲ့သို့ ဦးလှအောင်၏ အမွေများအား အမွေကြိုတင်စီမံ ခန့်ခွဲမှုစာချုပ်အရ ယခုအချိန်တွင် ၎င်း၏သားများနှင့် ၎င်းသာလျှင် အမွေ ထိန်းသိမ်းပိုင်ခွင့်ရှိသူများ မဟုတ်ဘဲ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ စံပြလမ်းနေ ဦးဌေးညွန့်သည်လည်း ယခုအချိန်တွင် အမွေထိန်းသိမ်းပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်ယဉ်ယဉ်ဦး၊ ဒေါ်သဲနုစံ(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၅၅၆၉)နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးဌေးညွန့်	**ဒေါ်တင်မာငြိမ်း**
ဖုန်း-၀၉-၉၇၁၀၁၀၇၅၉	**တရားလွှတ်တော်ရှေ့နေ**
	စဉ်-၁၂၄၃၀/၁၇
	ဖုန်း-၀၉-၂၁၁၁၂၀၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

[illegible]

တရားလွှတ်တော်ရှေ့နေ

[illegible]

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့နေ မစုနန္ဒာထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်အောင် ဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်အောင်**

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမိုးမင်းစိုး[၁၂/သဃက(နိုင်)၁၅၈၇၂၇]၏ all in one သင်္ဘောသား လက်မှတ်စာအုပ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၁၀၉၃၉၂

ပျောက်ဆုံးကြောင်း

Myanmar Toe Tat Aung Co.,Ltd ၏ ပို့ကုန်သွင်းကုန် မှတ်ပုံတင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

(ဖုန်း-၀၉-၄၂၆၈၅၅၅၅၆)

ပျောက်ဆုံးကြောင်း

SMART PLATINUM CO.,LTD ၏ WQILV 17 18 12020 (11-12-2017) သွင်းကုန် လိုင်စင်မူရင်းပါ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

(ဆက်သွယ်ရန် ၀၉-၅၅၀၄၇၈၆)

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အထက (ပိန်းကန်) ဒသမတန်းမှ မယုယုဝေ၏ ဖခင်အမည်မှန်မှာ ဦးအုံးကြိုင် [၁၂/ခရန(နိုင်)၀၆၉၇၇၀] ဖြစ်ပါကြောင်း။

ဦးအုံးကြိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အိုးအိမ်၊ မြေကွက်အမှတ်-၁၁၉/က၊ ဧရိယာ(၀.၀၂၇)၊ မြေကွက်တည်နေရာအမှတ်-၁၁၉/က၊ ဇီဇဝါလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်မြတ် [EE-၀၄၄၁၉၈] အမည်ပေါက်မြေကွက်အား အမည်ပေါက် ဦးအောင်မြတ် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုယ်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့

INVITATION TO QUOTE (ITQ)

EAST ASIA POVERTY REDUCTION COOPERATION PILOT PROJECT GRID READY CONSTRUCTION IN MIN PYIN VILLAGE

The Department of Rural Development (DRD) of the Ministry of Agriculture, Livestock and Irrigation as implementation agency (IA) of Myanmar, is being jointly implementing the East Asia Poverty Reduction Cooperation Pilot Project with International Poverty Reduction Center in China (IPRCC) under the Implementation Agreement between Chinese and Myanmar Governments. The project aims to share China's successful experiences in poverty reduction and to enhance cooperation and exchange in poverty reduction and rural development between China and Myanmar by conducting poverty alleviation activities in the two rural villages in the Nay Pyi Taw Territory; Aye Chan Thar Village (Tatkone Township) and Min Pyin Village in Lewe Township.

JPMO (Joint Project Management Office) intends to apply part of the proceeds toward payments under the Contract for: **GRID READY CONSTRUCTION WORK IN MIN PYIN VILLAGE** and now invites sealed bids from the eligible Local Companies and Chinese Companies having branch office registered in Myanmar.

Quotation competition will be conducted through the Shopping Procedures as specified in the Project Operation Manual: Procurement of Goods and Works.

Descriptions	Quantity	Location
1. Construction of 11KV Line (1500 feet) 2. Construction of 11/0.4KV and 315KVA sub station. 3. Construction of 0.4KV Line(4.53)Miles with Angle Iron, Shackle Insulator, D Iron and Insulated Cablc	1SET	Min Pyin Village, Lewe Township

1. The Construction Work is required to be completed within Ninety (90) days from the expected starting date of 10 August 2020.
2. The interested Myanmar and Chinese enterprises which meet the eligibility criteria below are invited to obtain a copy of the bidding documents free-of-charge from the address given below by submitting a written application. Bidding documents will be sent by e-mail only.

For the Myanmar enterprises:

a) Legally registered at the Directorate of Investment and Company Administration (DICA), Ministry of Finance and Planning.
b) Not be under any notice of disbarment issued by the Government, Ministry and Department organization.
c) Demonstrate that they are paying taxes to the Government

For the Chinese Enterprise:

a) Legally registered in Myanmar.
b) Must have been authorized by the Ministry of Commerce of the People's Republic of China to implement oversea China-Aid projects.
c) Qualified with the first-class and above in general contracting qualification for civil work construction in China.

3. Pre Bid Meeting will be held at 10 AM Local Time FRIDAY 17th JULY 2020 at the address below.
4. Bids must be delivered to the address given below at or before TUESDAY 30th JULY 2020 at 10 AM local time. Late bids will be rejected. Bids will be opened in public immediately thereafter at the address given below in the presence of the Bidders' representatives.
5. The JPMO shall award the Contract to the Bidder whose offer has been determined to be the lowest evaluated bid and is substantially responsive to the Bidding Documents, provided further that the Bidder is determined to be qualified to perform the Contract satisfactorily.
6. The address where the document may be inspected and obtained is:

U Ye Khaung (Director)
JPMO/ Office No (36), Department of Rural Development,
Ministry of Agriculture, Livestock and Irrigation
Telephone: + 95 067 418617, +95 9 43018216
Email: chinamyanmarjpmo@gmail.com,
CC to yy8231@126.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"၈၅"နှစ်ပြည့် မွေးနေ့ဆုတောင်း

မိခင်ကြီး ဒေါ်လှမြိုင်၏ (၁၀-၇-၂၀၂၀)ရက်တွင်ကျရောက်သော "၈၅"နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်ခင်ရသော သားသမီးမြေးမြစ်တို့နှင့် အတူတကွ နေထိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သားသမီးမြေးမြစ်
မိသားစု

(၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား၊ အချုပ်သားများအား(၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန် (၆၀၇၄၀) အိတ်ကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။	အိတ်ဖွင့်တင်ဒါ ရောင်းချမည့်ရက်	၂၄-၇-၂၀၂၀ ရက်၊ ၉:၀၀ နာရီမှ ၁၀-၈-၂၀၂၀ရက်၊ ၁၆:၀၀ နာရီထိ
၃။	အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်၊	၁၂-၈-၂၀၂၀ ရက်၊ ၁၀:၀၀ နာရီ
	နေရာ	အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့

၄။ တင်ဒါလျှောက်လွှာပုံစံ (၁)စောင်လျှင် (၁၅၀၀၀/-) ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

(က) ဖုန်း	၀၈၁-၂၀၈၅၄၉	ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန
	၀၈၁-၂၀၈၅၅၀	ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့

(၃-၇-၂၀၂၀) သောကြာနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)ပါ ဦးအောင်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန္တာလွင် (စဉ်-၈၃၆၅)၏ ကုန်အမှတ်တံဆိပ်အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် အသိပေးတားမြစ်ခြင်းအား ကန့်ကွက်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ ပန်းဘဲတန်းလမ်း၊ အမှတ် (၂၅)နေ ဦးသန့်ဇင် (ဘ) ဦးလျောင်ဝိုး(ခ)ဦးဘခိုင်၊ နိုင်ငံသားကတ်အမှတ် [၁၀/မလမ(နိုင်)၀၂၂၇၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း၏ (၃-၇-၂၀၂၀)ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)ပါ ''ကုန်အမှတ်တံဆိပ် အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် အသိပေးတားမြစ်ခြင်း" အား အောက်ပါအတိုင်း အသိပေးကန့်ကွက်အပ်ပါသည်။

လူကြီးမင်း၏ ကြေညာခြင်းပါ ဖလ်ဘူးကုန်အမှတ်တံဆိပ်၏ မူလပိုင်ရှင် မှာဦးလျောင်ဝိုး (ခ)ဦးဘခိုင် ဖြစ်ပါသည်။ ဦးလျောင်ဝိုး (ခ) ဦးဘခိုင်သည် လူကြီးမင်း၏ မိတ်ဆွေဖြစ်သူ ဦးအောင်သိန်းနှင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်တို့၏ ဖခင်ဖြစ်ပါသည်။ ဖခင် ဦးလျောင်ဝိုး (ခ) ဦးဘခိုင်မှာ (၁၆-၁၀-၁၉၈၁) ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ရိမ်မှာ (၉-၅-၂၀၁၇) ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပါသည်။

မိဘများကွယ်လွန်ပြီးနောက် သားသမီးအရင်းများဖြစ်ကြသော လူကြီးမင်း၏ မိတ်ဆွေဖြစ်သူ ဦးအောင်သိန်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင် အပါအဝင် ဒေါ်အေးရီ၊ ဒေါ်တင်ဝင်း၊ ဒေါ်အေးသန့်၊ ဦးသာဦး (ကွယ်လွန်)၊ ဒေါ်စန်းစန်းမြင့်ဟူသည့် သားသမီး(၇)ဦးကျန်ရစ်ခဲ့၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အညီ ဖလ်ဘူးကုန်အမှတ်တံဆိပ်ကို ပိုင်ဆိုင်သုံးစွဲခွင့် အမွေဆက်ခံခွင့်ရှိကြပါသည်။

ဖလ်ဘူးကုန်အမှတ်တံဆိပ်သည် ဖခင်ဦးလျောင်ဝိုး(ခ)ဦးဘခိုင် အမည်ဖြင့် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၁၀၆/ ၁၉၅၃) ဖြင့် အမည်ပေါက်တည်ရှိခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်မှာ အမွေစားအမွေခံတစ်ဦးဖြစ်၍ ဖလ်ဘူးကုန်အမှတ်တံဆိပ်အား ပိုင်ဆိုင်သုံးစွဲခွင့်ကို အမွေဆက်ခံနိုင်ပါသည်။ အမွေဆက်ခံရယူနိုင်သော ပစ္စည်းတစ်ရပ်ဖြစ်ခြင်းကြောင့် မူလပိုင်ရှင်ဖခင် ဦးလျောင်ဝိုး (ခ) ဦးဘခိုင် သေဆုံးသည့်အခါတွင် ဖလ်ဘူးကုန်အမှတ်တံဆိပ်ကို မိဘနှစ်ပါး၏ အမွေဆက်ခံသော သားသမီးအားလုံးတို့က ရယူသုံးစွဲနိုင်ခွင့်ရှိကြပါသည်။ အမွေဆက်ခံသူများ၏ အခွင့်အရေးမှာ ညီတူညီမျှဖြစ်၍ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ လူကြီးမင်း၏ မိတ်ဆွေတစ်ဦးတည်း ပိုင်ဆိုင်ခွင့်မရရှိပါ။

လူကြီးမင်းမိတ်ဆွေသုံးစွဲသော ကုန်အမှတ်တံဆိပ်မှာ လူကြီးမင်းမိတ်ဆွေ၏ ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ပထမဦးစွာ ပြုလုပ်သုံးစွဲသော ကုန်အမှတ်တံဆိပ်မဟုတ်ဘဲ ဖခင်၏ဉာဏ်စွမ်းဖြင့် နှစ်ပေါင်းများစွာပြုလုပ်သုံးစွဲလာခဲ့သော ကုန်အမှတ်တံဆိပ်သာဖြစ်ပါသည်။ အမွေဆက်ခံရရှိသော ကုန်အမှတ်တံဆိပ် ပစ္စည်းတစ်ခုကို လူကြီးမင်း မိတ်ဆွေတစ်ဦးတည်းပိုင်ပြုလုပ်၍ မရနိုင်ပါ။

(၃-၇-၂၀၂၀) ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)ရှိလူကြီးမင်း၏ မိတ်ဆွေဖြစ်သူ ဦးအောင်သိန်းကိုယ်စား ကုန်အမှတ်တံဆိပ်အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် အသိပေးတားမြစ်ခြင်းအား အမွေဆက်ခံသူ ကျွန်ုပ်၏ မိတ်ဆွေက ကန့်ကွက်အပ်ပါသည်။

ယခုကဲ့သို့ ကန့်ကွက်နေသည့်ကြားမှ ကျန်မောင်နှမများ၏ သဘောတူခွင့်ပြုချက်မရဘဲ တစ်ဦးတည်းပိုင်အဖြစ် ဆက်လက်ဆောင်ရွက်နေပါက ဥပဒေ နှင့်အညီ ဆက်လက်အရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**	
ဦးသန့်ဇင်	**ဒေါ်သင်းသင်းဝင်း**	**ဦးဉာဏ်ထက်ဝင်း**
[၁၀/မလမ(နိုင်)၀၂၂၇၆၁]	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
	(စဉ်-၈၁၆၂)	**(စဉ်-၄၅၆၅၄)**

အမှတ်-၂၈၊ ဇေယျာသီရိလမ်းမကြီး၊
ဇေယျာသီရိရပ်၊ မော်လမြိုင်မြို့။
H/P- 09-255812299

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း နေရာ(၉)နေရာတွင် CCTV Camera များတပ်ဆင်ခြင်းအတွက် စိတ်ပါဝင်စားသူ ပြည်တွင်း တိုင်းရင်းသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်နေရာ - ဒဂုံမြို့နယ်၊ပြည်လမ်း၊လွှတ်တော်ဝင်း အတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့ဌာန

(ခ) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၇-၂၀၂၀

(ဂ) တင်ဒါပုံစံပိတ်မည့်ရက် - ၉-၈-၂၀၂၀ ရက်နေ့ ၁၆:၀၀ နာရီ

(ဃ) တင်ဒါပုံစံတင်သွင်းရမည့်ရက် - ၁၀-၈-၂၀၂၀ ရက်နေ့ ၁၆:၀၀ နာရီ

၂။ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း နေရာ(၉)နေရာတွင် CCTV Camera များ တပ်ဆင်ခြင်းလုပ်ငန်းများအား စိတ်ပါဝင်စားသူပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ် အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၈၃၁၇၅၂၀၊ ၀၁-၈၃၁၇၅၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

အမည်ပြောင်း

(ဘ)ဦးကျော် သူမြင့် ၏သား နတ်တလင်းမြို့နယ်၊ တာပွန်မြို့၊ အထက၊ နဝမတန်းမှ မောင်စွမ်းဝေယံနိုင်အား မောင်သော်ဝေယံထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သော်ဝေယံထက်

အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဇေယျာသုခလမ်းနေ အဖ ဦးအောင်လင်း [၁၃/လရန(နိုင်)၀၀၃၉၂၂]၏သမီး ရှောင်ဟုန်အား ယနေ့မှစ၍ မပန်းနွေးအိမ်ဟု ပြောင်းလဲပါမည်။

မပန်းနွေးအိမ်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစန်းရှုပိုင်ဆိုင်သော "ဝင်းကျော်အောင်" (DMA/DPP/0002) ရေယာဉ်လိုင်စင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၃၅၉၃၂၃၃**

အမည်ပြောင်းလဲခေါ်ပါရန်

ရမည်းသင်းမြို့၊ အောင်ချမ်းသာကျေးရွာနေ အဖ ဦးကျော်နိုင်[၉/ရမသ(နိုင်)၁၆၉၄၂၈]-အမိ ဒေါ်သန်းသန်းတို့၏သား တပ်ကုန်းမြို့ တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း (A) ၂၀၁၉-၂၀၂၀ပညာသင်နှစ် မောင်ကျော်သိန်းအား မောင်အောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းခန့်

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ၄၇ဃ/၁၇၃၇၃၊ KENBO-125၊ အမည်ပေါက်သူ ဦးဆန်ပဲန်းလျန် [၄/ဟခန(နိုင်)၀၅၀၅၃၆]မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ချင်းပြည်နယ်ရုံး(ဟားခါး)

အမည်မှန်

အမှတ်(၁၁၀၀)၊ နဝဒေး(၂)လမ်း၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်၊ ဦးဘန်ကျဲအိုမှတ်ပုံတင်နံပါတ်[၅/တမန(နိုင်)၀၃၄၅၀၁]၊ နော်ဇာနည်ဝင်းမှတ်ပုံတင်နံပါတ်[၁၂/တတန(နိုင်)၁၁၅၄၆၈]ကိုင်ဆောင်သူ၏ သမီးဖြစ်သူ အထက(၈)အင်းစိန်မြို့နယ်၊ အဋ္ဌမတန်း(A)မှ မနော်ကရဏာသစ်၏ အမည်မှန်မှာ နော်ကရဏာသစ် ဖြစ်ပါကြောင်း။

နော်ကရဏာသစ်

ပျက်စီး/ပျောက်ဆုံးကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၄၅၅)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထွန်းဝင်း[၁၂/သကတ(နိုင်)၁၂၅၉၁၄]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဇော်ထွန်းဝင်းသည် (GREAT SHWE TAUNG DEVELOPMENT, LTD)၏ ကုမ္ပဏီကိုယ်စား- ဒါရိုက်တာဒေါ်မိမိခိုင်ထံမှ (၃၀-၄-၂၀၁၅)ရက်တွင် "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်" ချုပ်ဆိုဝယ်ယူခဲ့သည့် မြေကွက်စာချုပ်မူရင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့မှ ထုတ်ပေးထားသော ဆောက်လုပ်နေထိုင်ခွင့်လက်မှတ် သဃက(စီမံကိန်း)နှင့်ဥယျာဉ်/လိုင်စင်/၁၂၂/၀၉/သဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂+၅၃)၊ မြေကွက်အမှတ်(၂၀၀)၊ ဧရိယာ(၀.၀၅၃)ဧကရှိ ပါမစ်မူရင်းများ၊ ငွေသွင်းထားသည့်ငွေသွင်းချလန်မူရင်းများ ပျက်စီး/ပျောက်ဆုံးသွားသည့်အတွက် သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့၌ အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ခင်ဌေး(LL.B)တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၀၁၅)(၁၄-၂-၂၀၁၇)
အမှတ်(၃၀)၊ ဗမ္မူသီရိအနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၅)လမ်း၊ အမှတ် (၁၂၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံမှ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း အလျား (၁၂½)ပေX အနံ ပေ(၆၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးခွေးပု (DKU-၀၆၁၂၀၈)မှ (၉-၇-၂၀၁၄) ရက်စွဲပါ မိသားစုစီမံမှုသဘောတူကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ငွေငွေဝင်း [၁၂/သဃက(နိုင်)၀၇၀၃၀၈]အား ပေးအပ်ထားသော တိုက်ခန်းဖြစ်သော်လည်း ငွေကြေးလိုအပ်ချက်အရ ဖခင်ဖြစ်သူ ဦးခွေးပုမှ ၎င်း၏သမီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေငွေဝင်း [၁၂/သဃက(နိုင်)၀၇၀၃၀၈] ကိုင်ဆောင်ထားသူထံ (၄-၇-၂၀၂၀) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်အားချုပ်ဆို၍ ပြန်လည်ရောင်းချခဲ့ပြီးဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေမှလည်း တိုက်ခန်းဖိုးငွေအား အပြေအကျေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်လိပ်စာပါတိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေငွေဝင်း [၁၂/သကတ(နိုင်)၀၇၀၃၀၈]မှ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငွေငွေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နီလာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၉၂၃)
အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၇၂၇၆၆၇၁၆

လူပျောက်



ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ ၈၆/၉၀နေ ဒေါ်ဝင်းဝင်းတင့်၏သားဖြစ်သူ မောင်သာထက်နိုင်ဦး[၁၂/ပဘတ(နိုင်)၀၃၇၉၃၆] (၁၆)နှစ်သည် (၂၁-၆-၂၀၂၀) ရက်တွင် ဈေးဝယ်ခိုင်းရာမှ ပျောက်ဆုံးသွားပါသဖြင့် လက်ခံထားသူများ ဥပဒေအရအရေးယူမည်ဖြစ်ပြီး သတင်းပေးသူအား ထိုက်သင့်သောဆုငွေ ပေးပါမည်။

ဒေါ်ဝင်းဝင်းတင့်
[၁၂/ပဘတ(နိုင်)၀၂၆၅၀၁]
ဖုန်း-၀၉-၈၆၁၁၁၇၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ် ၅၄၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ ပျဉ်းကတိုးလမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသိန်းစိုးဦး[၁၂/ ရကန(နိုင်)၀၁၃၀၂၁]၊ ဒေါ်ခင်မြင့်မြင့်ဝင်း[၁၂/ ရကန(နိုင်)၀၁၃၀၄၆]၊ ဦးဇော်မြင့်ဝင်း[၁၂/မဘန(နိုင်) ၀၀၂၀၀၁]၊ ဒေါ်ခင်ချိုချိုဝင်း[၁၂/ ရကန(နိုင်)၀၁၃၀၄၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (၄)ဦးအနက် ဦးဇော်မြင့်ဝင်းသည် ၄-၈-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့၊ မကွယ်လွန်မီ ဇနီးဖြစ်သူ ဒေါ်ရတနာဝင်းနှင့် ၁၈-၁-၂၀၁၈ ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် (ဖခင်)ဖြစ်သူ ဦးဇော်မြင့်ဝင်း၏ ပိုင်ဆိုင်သည့်အစုအား တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သက်မြတ်နိုးဇော်[၁၂/တမန(နိုင်)၁၂၀၉၆၄]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးဇော်မြင့်ဝင်း၏ ကွာရှင်းပြတ်စဲခြင်းစာချုပ်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်သက်မြတ်နိုးဇော်မှ ကျန်ပူးတွဲအမည်ပေါက်များဖြစ်သော ဦးသိန်းစိုးဦး၊ ဒေါ်ခင်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ချိုချိုဝင်းတို့နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀-အေ)၊ စဥ့်ငူကွင်း၊ မြေကွက်အမှတ် (၁၁၉/၃)၊ အိမ်အမှတ် (၆၅၅)၊ အကျယ်အဝန်း (အလျားပေ၆၀xအနံပေ၁၂၀)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာသစ်အောင်ဆန်းရပ်ကွက်အား တရားဝင်ပိုင်ဆိုင်ကြသူများဖြစ်ကြသော (၁) ဒေါ်သန်းသန်းစိန် [၁၂/စခန(နိုင်)၀၁၅၂၇၉]၊ (၂) ဒေါ်ထွားထွားကြိုင် [၁၂/အစန(နိုင်)၁၁၁၈၅၈]၊ (၃) ဒေါ်ခင်မြကြိုင် [၁၂/မရက(နိုင်)၀၀၇၈၉၁]၊ (၄) ဒေါ်မြမြသန်း [၉/မခန(နိုင်)၀၄၉၃၂၈] ပိုင်ဆိုင်သူများက တရားဝင်ပိုင်ဆိုင်လာခဲ့ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သို့နှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်အေး (စဥ်-၁၉၁၂၁)၊ အထက်တန်းရှေ့နေ
အမှတ် (၂၄၈/ခ)၊ ဇေယျဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၃၀၃၀၅၂၁

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၇)လမ်း၊ အမှတ်(၅၇၄)၊ ၂ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ စတုတ္ထထပ်(တိုက်ကိုမျက်နှာမူလျှင် ညာဘက်အခန်း)(ခြေရင်း)အခန်း၊ ဧရိယာ(၉၆၉)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအေးဝင်း[၁၂/ဥကမ(နိုင်)၀၁၈၈၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်ဇော်ဦး[၇/ဝမန(နိုင်)၁၀၇၁၄၇]၊ ဦးသန်းဦး[၇/ဝမန(နိုင်)၀၆၇၁၉၄]၊ ဒေါ်တင်တင်မြင့်[၇/ဝမန(နိုင်)၁၁၀၅၉၅]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်ဇော်ဦး၊ ဦးသန်းဦး၊ ဒေါ်တင်တင်မြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၂၆)
Ph:09-7995602290,09-254508917
Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ လှိုင်မြစ်လမ်း အမှတ်-(၅၀)ရှိ (စ ၃)ထပ်၏ ဒုတိယထွာ(ခြေရင်းခန်း) ဧရိယာ (၁၅ x ၈၀)ပေ ရှိ တိုက်ခန်းမှာ [illegible] ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်မြို့မြို့မြင့်နိုင်သို့ ၎င်း၏မိခင်ဖြစ်သူ ဒေါ်တင်တင်ဌေး မှ ပေးအပ်သည့်တိုက်ခန်း ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြို့မြို့မြင့်နိုင်သိရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း ပေါင်နှံခြင်း ပေးကမ်းခြင်းတို့မပြုလုပ်ကြပါရန်နှင့် အထက်ဖော်ပြပါတိုက်ခန်းသည် ဒေါ်မြို့မြို့မြင့်နိုင် ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲဇေ(LL.B, D.B.L)
(စဥ်-၁၂၄၀၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း -၀၉ [illegible]

အများသိစေရန် အသိပေးကြော်ငြာခြင်း

[illegible]

အမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆)များ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ်(၃၊ ဦးကြီးခမ်းတောင်ရပ်)အတွင်းမှ ဦးညီညီအမည်ဖြင့် မြေငှားဂရန်ရရှိထားသော ဦးပိုင်အမှတ်(၁၃၁-ဠ)၊ ဧရိယာ(၀.၃၃၀)ဧကရှိ မြေကွက်အား ခွဲစိတ်၍ ဦးပိုင်မှတ်(၁၃၁-ပ)၊ ဧရိယာ(၀.၀၄၆)ဧကရှိ မြေကွက်အား ရောင်းဝယ်စာချုပ်အမှတ်(၂၉၆/၂၀၀၅)ဖြင့် (၈-၇-၂၀၀၅)ရက်တွင် ကျွန်တော်/ကျွန်မတို့မှ ဝယ်ယူ၍ ကျွန်မ ဒေါ်သီသီစိန်[၁၃/တကန(နိုင်)၁၂၆၉၁၅]၊ ကျွန်တော် ဦးသန်းအောင် [၁၃/တကန(နိုင်)၀၀၄၃၈၅]၊ [ကျွန်မ ဒေါ်ဆိုက်ရင်း ၁၃/တကန(နိုင်)၁၂၆၉၁၄၊ ဦးရန်ဟောင် ၁၃/တကန(နိုင်)၁၂၆၉၁၃ ၏ဇနီး]တို့မှ (၁၅-၈-၂၀၀၅)ရက်တွင် မြေစာရင်းပုံစံ (၁၀၅/၁၀၆)များထုတ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ (၁၅-၈-၂၀၀၅)ရက်တွင် ထုတ်ယူထားသော မြေစာရင်းပုံစံ (၁၀၅/၁၀၆)မူရင်းများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ယခုအခါ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေစာရင်းပုံစံ(၁၀၅/၁၀၆) လျှောက်ထားထုတ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ထိုသို့ မြေစာရင်းပုံစံ(၁၀၅/၁၀၆)များ၊ မြေငှားဂရန်များလျှောက်ထားထုတ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း တရားရုံးမှ တရားဝင်တားဝရမ်းများနှင့်အတူ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာဌာနများနှင့် ကျွန်တော်/ကျွန်မတို့ထံသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(ဒေါ်ဆိုက်ရင်း၊ ဒေါ်သီသီစိန်၊ ဦးသန်းအောင်)
တောင်ကြီးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ဒေစီလမ်း၊ နယ်မြေ(၇)၊
အိမ်အမှတ်(၃၅)၊ Ph:081-205764

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ပေါင်မြို့နယ်တရားရုံး ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၉

ဒေါ်ကျင်သိန်း	နှင့်	၁။ ဒေါ်လွင်လွင်မော်
ကဒုံစီးရပ်ကွက်		၂။ ဦးတင်ဆန်း
စကားဝါလမ်း၊ ပေါင်မြို့		ကျွဲခြံကျေးရွာ၊ မွန်စုပိုင်း၊
		ကမ်းနား၊ ရတနာပိုင်း၊ ပေါင်မြို့နယ်
တရားလို		**တရားပြိုင်များ**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ၊ မွန်စုပိုင်း၊ ကမ်းနား၊ ရတနာပိုင်းတွင် နေထိုင်သော ဒေါ်လွင်လွင်မော်နှင့် ဦးတင်ဆန်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေ သိန်း (၈၀၀၀၀၀၀) ကျပ်တိတိရလိုမှုစွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဥမ္မာဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး
ပေါင်မြို့နယ်တရားရုံး

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဆုတက်လီ ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီ လီမိတက် (Su Tet Li Travels & Tours Company Limited) အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအဥပဒေ ပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းခဲ့ "ဆုတက်လီ ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီ လီမိတက်"၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန် အတွက် နောက်ဆုံးအရပ်ရပ် အထွေထွေအစည်းအဝေးကြီးအား အမှတ် (၆၃၅-အေ-၁) အခန်းအမှတ် (အေ-၃)၊ ရိုးမရိပ်သာ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁-၈-၂၀၂၀)နေ့ မွန်းလွဲ (၁း၀၀)နာရီ၌ ကျင်းပမည်ဖြစ်သောကြောင့် အစည်းအဝေးတွင်ကုမ္ပဏီ အစုရှယ်ယာ ရှင်များ၏ သဘောတူညီချက်ကို ရယူရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရူ(ပ်)
အမှတ် (၆၃၅-အေ-၁)၊ အခန်းအမှတ် (အေ-၃) (ဘီ-၃)၊ ရိုးမရိပ်သာ၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

နိုင်ငံခြားသားနေရန် Condo တိုက်ခန်းအမြန် ငှားလိုသည်။

ရွှေမြင့်စံကုမ္ပဏီ 09 509 9696

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာနေ အဖဦးကျော်ထူး၏သမီး၊ ကျွန်တော် ဦးနေဝင်းထွန်း၏ဇနီးဖြစ်သူ ဒေါ်နန်းသူဇာမိုး(ခ)နန်းခင်သူဇာ အသက်(၄၅)နှစ်[၁၂/သကတ(နိုင်)၁၄၆၈၈၅]ကိုင်ဆောင်သူသည် (၂၂-၆-၂၀၂၀)ရက်နေ့ နေအိမ်မှ အကြောင်းမဲ့ထွက်သွားရာမှ ပြန်မလာပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးနေဝင်းထွန်း[၉/မသန(နိုင်)၀၉၁၂၈၂]
ဆက်သွယ်ရန် ဖုန်း-၀၉-၆၈၆၀၈၇၅၅၅၊ ၀၉-၄၂၀၇၀၈၂၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ အမှတ်(၃၆၁)၊ မြေကွက်ပေါ်ရှိ (၈)ထပ်တိုက်၏ ၇လွှာ/(၆ထပ်) တိုက်ခန်းအား အဆင့်ဆင့်အရောင်းအဝယ်စာချုပ်များဖြင့် ဒေါ်သိင်္ဂီဝင်း[၁၂/လသယ(နိုင်) ၀၃၅၁၃၆] ပိုင်ဆိုင်သောတိုက်ခန်းအား ဒေါ်သိင်္ဂီဝင်းထံမှ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စန်းချိုဦး (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)
ဖုန်း-၀၉-၂၅၂၉၉၄၉၈၈
အမှတ်(၆၄၆/၄၆၄)၊ အခန်း(၂/၄)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃၆)ရပ်ကွက်၊ မြေကွက်အမှတ်(၆၇၆)၊ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူ ဦးအောင်ကျော်[၁၃/နခန(ဧည့်)၀၀၀၀၀၁] ထံမှ ကျွန်ုပ် ဦးအောင်ကျော်စိုး[၁၂/မဂဒ(ဧည့်)၀၀၈၂၉၂]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား(မူရင်း)စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်စိုး
[၁၂/မဂဒ(နိုင်)၀၀၈၂၉၂]
ဖုန်း-၀၉-၅၁၅၃၂၄၄၊ ၀၉-၆၉၅၁၅၃၂၄၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၂၈၈/က)၊ မြေအကျယ်အဝန်း ပေ(၂၅x၆၀)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တင်မေရီ[၁၂/အစန(နိုင်)၀၁၁၈၉၀]ကိုင်ဆောင်သူမှ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ကျွန်တော် ဦးဇင်လင်း[၁၂/ဥကတ(နိုင်)၁၆၁၁၇၂] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးဇင်လင်း
[၁၂/ဥကတ(နိုင်)၁၆၁၁၇၂]
ဖုန်း-၀၉-၇၉၅၀၅၇၉၉၆

သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးခင်မောင်ရင်-ဒေါ်ခင်မာဦးတို့၏ သမီးကြီးဖြစ်သူ ဒေါ်နော်ဇာမွန်[၁၂/ဗဟန(နိုင်)၀၁၅၇၁၈]၊ ဒေါ်သဉ္ဇာမွန်[၁၂/ဗဟန(နိုင်)၀၁၅၇၂၁]၊ ဦးဇော်မိုး[၁၂/ဗဟန(နိုင်)၀၁၅၉၄၇] ကိုင်ဆောင်ထားသူတို့သည် အိုမင်းမစွမ်း မိဘနှစ်ပါးအား ပစ်ပယ်ထားသောကြောင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးခင်မောင်ရင်[၁၂/ဗဟန(နိုင်)၀၁၁၁၀၇]
ဒေါ်ခင်မာဦး[၁၂/ဗဟန(နိုင်)၀၁၃၅၅၅]

မိဘအမည်မှန်

တွံတေးမြို့နယ်၊ အလက အမှတ်ိ အဌမတန်းတွင် ပညာသင်ကြားနေသော မောင်စောမျိုးသာ၏ မိဘအမည်မှန်မှာ ဦးကျော်လွင်[၁၂/တတန(နိုင်)၁၅၄၂၄၉]၊ ဒေါ်ဇင်မာလာ[၁၂/တတန(နိုင်)၁၅၃၉၀၇] ဖြစ်ပါသည်။

ဦးကျော်လွင်
[၁၂/တတန(နိုင်)၁၅၄၂၄၉]
ဒေါ်ဇင်မာလာ
[၁၂/တတန(နိုင်)၁၅၃၉၀၇]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၇၁/ခ) ကွင်းအမည်(ရင်းတိုက်ပင်)၊ ဦးပိုင်အမှတ်(၂၇)နှင့် (၂၅/၁)၊ ဧရိယာ(၁.၀၃)နှင့် (၀.၂၀) ဧကအကျယ်ရှိ စုစုပေါင်း (၂) ကွက်တွဲ မြေကွက်နှင့် ထိုမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးကျော်ရွှေ[၁၂/ မဘန(နိုင်)၁၀၂၅၆၄]နှင့် ဒေါ်သီရိထွန်း[၁၂/မဘန(နိုင်) ၁၅၄၃၈၃]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်များနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသည့်မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိင်္ဂီအောင်
LL.B, Dip in Business Law
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၄)
အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၄၁၈

အကြင်လင်မယားအဖြစ် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်

ဦးဝင်းအောင်[၁၂/မရက(နိုင်)၁၀၅၁၈၇]နှင့် ဒေါ်သင်းလှိုင်ဆွေ[၁၂/မရက(နိုင်) ၁၂၉၅၂၈]တို့သည် (၁၄-၇-၂၀၁၀)ရက်က တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သားလေး (၁)ဦးထွန်းကားခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် (၉-၇-၂၀၂၀)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ဦးဝင်းအောင်နှင့် ဒေါ်သင်းလှိုင်ဆွေတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခြင်းမရှိတော့ဘဲ လုံးဝမသက်ဆိုင်တော့ပါကြောင်း၊ ဒေါ်သင်းလှိုင်ဆွေ၏ လူမှုရေးကိစ္စဝဝ၊ ငွေကြေးပြဿနာများအားလုံးတို့သည် ဦးဝင်းအောင်နှင့် လုံးဝပတ်သက်ခြင်းမရှိဘဲ ဦးဝင်းအောင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁/ဇမ္ဗူရပ်)၊ ဦးပိုင်အမှတ်(၅၄)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား မြေဧရိယာ (၀.၀၈၃)ဧကရှိသည့်အနက် (၀.၀၂၉)ဧကအား ဦးဇော်ထွန်း (ဘ)ဦးလှဒင်[၉/လဝန(နိုင်)၁၂၉၃၀၁]မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်နှင့် ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဥတုရာသီ တောကိုမှီ၏

စဉ်	အမည်	မှတ်ပုံတင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
မော်တော်ယာဉ်များဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံထုတ်ပေးခြင်းနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် မော်တော်ယာဉ်ဝယ်ယူခြင်းအတွက် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံများအား တုပပြုလုပ်ခြင်းမှ ကာကွယ်တားဆီးနိုင်ရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် မော်တော်ယာဉ်ဆိုင်ရာ အခွန်စည်းကြပ်မှုများကို စနစ်တကျမှတ်တမ်းတင် စစ်ဆေးနိုင်ရေးအတွက် အခွန်ဆိုင်ရာကိစ္စရပ်များ စိစစ်ဆောင်ရွက်ပြီးစီးပါက အခွန်ထမ်းသို့ ထုတ်ပေးသည့်အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံအပေါ်တွင် မော်တော်ယာဉ်ဝယ်ယူသူ၏ သတင်းအချက်အလက်များနှင့် မော်တော်ယာဉ်ဆိုင်ရာ သတင်းအချက်အလက်များကို QR Scanner Application ဖြင့် စိစစ်နိုင်မည့် လုံခြုံမှုအဆင့်အတန်းပါဝင်သော IRD Documentation Stamp Label ကပ်နှိပ်၍ ထုတ်ပေးခြင်းအား ၁-၆-၂၀၂၀ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံအပေါ်တွင် ကပ်နှိပ်ထားသည့် QR Code Stamp Label အား တယ်လီဖုန်းတွင်ပါရှိသော QR Scanner ဖြင့် ဖတ်ရှုခြင်းအားဖြင့် မိမိအခွန်ထမ်းဆောင်မှုအတွက် ထုတ်ပေးသော ထောက်ခံချက်များကို မှန်ကန်မှု ရှိ/မရှိ စစ်ဆေးကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

၃။ ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် တစ်ဦးတစ်ယောက်၏ အလွဲသုံးစားပြုမှုကြောင့် အချက်အလက်များ မှားယွင်းမှုဖြစ်ပေါ်ပါက မည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/အချုပ်သား/ရဲဘက်လုပ်အားရှင်များအတွက် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့်အရန်တစ်လစာအတွက် ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းအမည်	-	၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့်အရန်တစ်လစာရိက္ခာဆန်ဝယ်ယူခြင်းလုပ်ငန်း
၃။ ဝယ်ယူမည့်အရေအတွက်	-	ရိက္ခာဆန်(၅၉၀၅၅)အိတ်
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်	-	အိတ်ဖွင့်တင်ဒါတစ်စုံလျှင် (၁၅၀၀၀ိ/-) နှုန်းဖြင့် ၁၀-၇-၂၀၂၀ ရက်မှ ၉-၈-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ်။
၅။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်	-	၁၀-၈-၂၀၂၀ ရက်(တနင်္လာနေ့)
အချိန်	-	(၁၀:၀၀)နာရီ
နေရာ	-	ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။
(က) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး -၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁
(ခ) ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး -၀၁၃-၆၄၂၄၉၅၊ ၀၁၃-၆၄၂၄၉၆

တင်ဒါစိစစ်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁/၂)ကျောက်ထုတ်စခန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန်လိုအပ်သော ရိက္ခာဆန်(၆၄၄၀)အိတ်အား မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ်တန်ဖိုး ကျသင့်ငွေ၏ ၁%ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque)ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေး သွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ	-	၁၃-၇-၂၀၂၀ရက်မှ ၁၁-၈-၂၀၂၀ရက်ထိ (ရုံးချိန်အတွင်းသာ) နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ်
၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန်/နေရာ	-	၁၇-၈-၂၀၂၀ရက်၊ ၁၁:၀၀နာရီ ဖြစ်ပါသည်။ နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ်

၅။ တင်ဒါတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/(ကျပ်တစ်သောင်း)နှုန်းဖြင့် တာဝန်ခံအရာရှိ နေပြည်တော် အချုပ်ထောင်ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင် ဖုန်း-၀၉-၆၇၄၂၁၀၆၀၃၊ ၀၉-၄၂၀၇၂၃၁၃၁၊ ၀၆၇-၄၃၁၄၂၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ပင်မအလုပ်ရုံဝင်းအတွင်းနေ မောင်သက်လွင်အောင် (ဘ) ဦးတင်စန်း၏သား၊ မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၁၈၈၈၈၆] ကိုင်ဆောင်သူနှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မိကျောင်းတတ်ကျေးရွာနေ မယဉ်လှိုင်ထွေး (ဘ) ဦးရေပေါ်၏(သမီး) မှတ်ပုံတင်အမှတ် [၉/အမရ(နိုင်)၁၂၂၅၄၆]တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် စစ်ကိုင်းမြို့နယ်တရားရုံးတွင် (၆-၇-၂၀၂၀) ရက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေအပ်ပါသည်။

မောင်သက်လွင်အောင် [၉/ပမန(နိုင်)၁၈၈၈၈၆]
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်[illegible] (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])
[illegible]
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၂/ပေါင်းလောင်း-၂၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ်(၄၃၇၈)၊ အမည်ပေါက် ဒေါ်ပန်းဖြူဖွေးမိုး[၈/မကန(နိုင်)၂၀၃၂၆၃]မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး ဦးသန်းဇော်ဇော်အောင်[၁၂/ပဇတ(နိုင်)၀၂၆၅၁၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်၊ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

"ညီနှိုင်းဈေးဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)

✲ ဗဟန်း၊ သာယာဝတီလမ်း၊ မြေပိုင်	(60 x 60) 2RC ဈေးနှုန်း - 7990သိန်း
✲ ဗဟန်း၊ သံလွင်လမ်း မြေပိုင်	(50 x 40) မြေ+ကွက် ဈေးနှုန်း - 7500 သိန်း
✲ လှိုင်၊ သုခလမ်း	(50 x 60) 2RC ဂရန် ဈေးနှုန်း - 3700သိန်း

01-559320, 09450450908, 09450450977

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ်-၁၆/စ၊ တတိယထပ်၊ ခေါင်းရင်းခန်းဟု ခေါ်တွင်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကိုပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းဌေး [၇/မလန(နိုင်)၀၇၂၂၉၁] ထံမှ ကျွန်မနှင်းနန္ဒာအောင် [၁၂/ဒပန(နိုင်)၀၅၉၈၈၉၄]နှင့် ဦးသီဟလတ် [၁၂/ဒဂန(နိုင်)၀၃၀၄၁၉] မှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသီဟလတ် [၁၂/ဒဂန(နိုင်)၀၃၀၄၁၉]
ဒေါ်နှင်းနန္ဒာအောင် [၁၂/ဒပန(နိုင်)၀၅၉၈၈၉၄]
ဖုန်း-၀၉-၇၆၉၇၁၅၅၉၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၈-ရပ်ကွက်၊ ဗိုလ်ဆွန်ပက်(အထက်)လမ်း၊ အမှတ်-၃၆၃ မြေညီထပ်(ဝဲဘက်)+ ထပ်ခိုးပါဝင်သည့် အကျယ်အဝန်း(၁၂ $\frac{1}{2}$ ပေx ၆၀ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဥမ္မာ [၁၂/မဂတ(နိုင်)၀၉၃၈၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆိုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ယောမင်းကြီး(၄)လမ်း၊ မြေကွက်အမှတ်(၁၀၄၁)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြို့မြေစာရင်းတွင် ဒေါ်အေးအေးမြင့်[၁၂/မဘန(နိုင်)၀၂၂၉၈၉] အမည်ဖြင့် မှတ်သားထားသည့် မြေကွက်နှင့်အိမ်အကျိုးခံစားခွင့်များကို ယခုလက်ဝယ် ပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးတင့်[၁၁/ကဖန(နိုင်)၀၀၀၀၁၆]ထံမှ ဝယ်ယူရန် ကျွန်မ ဒေါ်တင်တင်အေး[၁၂/ကတတ(နိုင်)၀၁၂၆၀၆]မှ စရန်ငွေတချို့ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်တင်တင်အေး[၁၂/ကတတ(နိုင်)၀၁၂၆၀၆]
ဆက်သွယ်ရန်-၀၉-၄၃၁၇၃၆၆၂၊ ၀၉-၇၉၆၇၇၄၂၉၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Condo၊ (ကြယ်စင်အိမ်ရာ)၊ Zone A-3၊ အခန်းအမှတ်(၅၀၇)၊ (၅)လွှာ၊ Garden and Partial River View ဧရိယာ(၁၁၈၅)စတုရန်းပေအကျယ်ရှိ အိပ်ခန်း(၃)ခန်း၊ (ပရိဘောဂ)အစုံအလင်ပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားပိုင်ခွင့် အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး မိမိတို့သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဒေါ်မေဖြိုးသူ[၁၂/ဥကတ(နိုင်)၁၄၈၉၉၁] နှင့် ဒေါ်မိုးသဲဖြူ[၁၂/ဗတထ(နိုင်)၀၁၀၄၈၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့(ကိုယ်တိုင်) လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – LRE Law Firm

တရားလွှတ်တော်ရှေ့နေများ	**– ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)**	**ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)**
	ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)	**ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)**
အထက်တန်းရှေ့နေများ	**– ဦးမင်းမင်း(စဉ်-၂၇၃၂၀)**	**ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)**
	ဒေါ်စုမြတ်နွယ်(စဉ်-၃၃၄၅၉)	**ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)**

အမှတ်(၁၅၆)၊ အခန်း(၂/ခ)၊ ပထမထပ်၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၅၁၈၁၁၈၅

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ဖန်ချက်စက်လမ်းနှင့် ဆန်ဆက်လမ်းကြား၊ မုဒိတာတန်ဖိုးနည်း Condo-2, 2B-860 အား ဒေါ်ခင်မဥ္စူကျော်[၁၂/အစန(နိုင်)၁၈၇၉၂၁]၏ အမည်မှ ဦးတင်မျိုးဝင်း[၁၃/တကန(နိုင်)၂၁၉၁၁၀]၏အမည်သို့ ပြောင်းလဲလျှောက်ထားရယူသွားရန် ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ တော်ဝင် မိသားစု ကုမ္ပဏီသို့ဖြစ်စေ၊ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဥပဒေနှင့်အညီ ကန့်ကွက်နိုင်ခြင်းမရှိပါက ဦးတင်မျိုးဝင်းအမည်သို့ပြောင်းလဲရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်မျိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထွဋ်ဝင်း(ဥပဒေတွဲ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၅၅/၂၀၁၇)
အမှတ်-၅၆၊ ၁၅၇-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ရတနာမှာသည် ရတနာတန်ဖိုးသိသူတို့၏ မြတ်နိုးရာဖြစ်သကဲ့သို့ ပညာရှင်မှာသည် ပညာတန်ဖိုးသိသူတို့၏ ကိုင်းရှိုင်းရာဖြစ်သည်။

Professor Dr. ဦးစောင်းဆောင် (ရွှေဘို)၏ တပည့်
ဂုဏ်ထူးဆောင်လက္ခဏာပညာပါရဂူဆရာကြီး
ဒေါက်တာကျော်လွင် Hony . Doctor of Palmistry (Ph-D)

Ph - 09-450025482, 09-764525482
KBZ
Viber

ဆရာသတ်မှတ်ပေးသောရက်အတွင်း ထိုက်အိမ်၊ မြေ၊ ယာဉ်ကား သဘော်များ ရောင်းထွက်၍ ညာဏ်ပူဇော်ခငွေ တန်တော့ကြွသူများအတွက်
"အနုမောဒနာပြုစရာ မင်္ဂလာသတင်းလွှာ"
(20.12.2009) (31.12.2019)
ဒေါက်တာကျော်လွင် Hony. Doctor of Palmistry (Ph-D)

အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ နီလာလမ်းနေ ဦးမျိုးသန့်ထွန်း [၉/မရတ(နိုင်)၁၂၈၄၅၇]၏သမီး မြို့မဂုဏ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကမာရွတ်၊ Grade-II မှ မရှင်းသန့်ချိုအား မရှင်းသံသာအေးဟုလည်းကောင်း၊ သားမောင်ခန့်ထည်အား မောင်ဟန်ထူးဆက်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မရှင်းသံသာအေး
မောင်ဟန်ထူးဆက်

သာလွန်ကျော်
အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-447755486

VALENTIN STEFAN အသိပေးကြေညာခြင်း

Ten Mile Hotel အမှတ်(၈၈၇) ကျောင်းလမ်း စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၏ ညွှန်ကြားချက်အရ ... Ten Mile Hotel ... USD - 2,915 နှင့် မြန်မာကျပ် ... (၃-၆-၂၀၂၀) ... (၅-၆-၂၀၂၀) ... (၁၄) ရက်အတွင်း Ten Mile Hotel သို့ ... အသိပေးအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ) စဉ် - ၁၂၈၉၁
ရုံးခန်းလိပ်စာ - အမှတ်(၅၆၁)၊ အခန်း(၆၀၃)၊ ကုန်သည်လမ်း MAC Tower ၊ ကျောက်တံတားမြို့နယ်။

Notice to VALENTIN STEFAN

Under instruction of Ten Mile Hotel, No. 887, Kyaung Street, Sawbwargyi Gone, Insein Township, Yangon Region, it is hereby notified as follow. It was learnt to known that you, while lodging at Ten Mile Hotel invented and installed a car by own intellectual in Myanmar and it was kept at the hotel with you. Ten Mile Hotel also permitted to lodge for having trusted to your business and promise. But now, it is remained to pay USD 2,915 and Myanmar Kyat 1,194,983/- payable to Ten Mile Hotel by you. You were sent notice on (3-6-2020) and you left the hotel with effect from (5-6-2020) but no payment was made. Therefore, you are hereby notified to come and settle at Ten Mile Hotel within (14) days with effect from this notice date.

Under instruction
U Kyaw Swar Htet (Advocate), Sr. 12891
Office Address : No. (561), Room (603), Merchant Street, MAC Tower, Kyauktada Township

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ဒသမတန်းမှ မအင်ကြင်းမိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းမောင်မောင်မင်း[၁၂/ရပသ(နိုင်)၀၈၈၁၁၆] ဖြစ်ပါသည်။

ဦးသိန်းမောင်မောင်မင်း

ကွန်ဒိုတိုက်ခန်းငှားမည် (လှည်းတန်းစင်တာ)

အကျယ် ၁၃၅၀ စတုရန်းပေ၊ နှစ်ယောက်အိပ် (၁)ခန်း၊ တစ်ယောက်အိပ် (၂)ခန်း၊ စတို (၁)ခန်း၊ ဧည့်ခန်း နှင့် မီးဖိုခန်း၊ အဲကွန်း (၄)လုံး
ဖုန်း-၀၉ ၅၀၆၉၃၆၂

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၀၊ မြေကွက်အမှတ်-၁၆၉၊ အကျယ်အဝန်းပေ(၄၈x၆၀)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏ မြောက်ဘက်ခြမ်း၊ အကျယ်အဝန်းပေ(၂၃x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၀-ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၈၁)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော ဒေါ်ခင်ချိုဦး[၁၂/ဒပန(နိုင်)၀၀၄၄၆၃]+၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ... မြို့နယ်၊ (၁၂)ရပ်ကွက်၊ ... မြေကွက်အမှတ်(၅/က)၊ ... ဦးဝင်းကိုကိုမျိုး (၅/မခန(နိုင်)၂၅၁၃၁၁)၏ ...

လွှဲအပ်ညွှန်ကြားချက်အရ — ဦးစိုးပြည့်လင်း (စဉ်-၇၀၈၈၁)
LL.B, Diploma in International Law, WIPO (Switzerland)
အထက်တရားရုံးရှေ့နေ
အမှတ်(၁၆၄)၊ ဦးဝိသုဒ္ဓနိပထလမ်း(အပေါ်ဆုံး)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၄၀ ၆၄၈၅၇၊ ၀၉-၇၈ ၅၄၀ ၆၄၈၅

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ဗိုလ်မင်းခေါင်လမ်း၊ မြေကွက်အမှတ်(၁၃၅၂)၊ အကျယ်အဝန်း (၄၀.၂၈၆၁)ပေရှိ ... (၁၀/မလမ(နိုင်)၁၁၅၅၁၈) ... (၁၂/ဥကမ(နိုင်)၀၀၃၀၄၈) ... ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း ...

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်နွယ်နီအေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၄)
အမှတ်(၂/၁၁၄)၊ ... ရန်ကုန်မြို့ ဖုန်း-၀၉- ၅၅၂၂၁၀၈၁၃၇

အသိပေးကြေညာချက်

ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING OCEAN V.702 သင်္ဘောသည် ၁၂-၇-၂၀၂၀ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈ | ကိုယ်စားလှယ်လုပ်ငန်းဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၁၃၅ / - ၁၃၆ / - ၁၃၇

ဒေါ်ဇင်သူသူဝင်း ပါ-၂	နှင့်	ဒေါက်တာဒေါ်ခင်စောရီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးမင်းထက်)ပါ - ၂
ဦးထွန်းထွန်းလင်း	နှင့်	ဦးကျော်မြင့်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးဘိုဘိုဦး)ပါ - ၂
ဦးအောင်လင်း	နှင့်	ဦးကျော်မြင့်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဘိုဘိုဦး) ပါ - ၂
လျှောက်ထားသူများ		**လျှောက်ထားခံရသူများ**

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တပြင်ဆင်မှုအမှတ်-**၂၆၄/၂၀၁၆၊ ၂၆၅/ ၂၀၁၆၊ ၂၆၆/၂၀၁၆** ၏ ဒီကရီမှ ပြင်ဆင်မှုလျှောက်လွှာတို့နှင့်ပတ်သက်၍ လျှောက်ထားခံရသူ ဒေါက်တာဒေါ်ခင်စောရီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးမင်းထက်)၊ အမှတ်-၅၉၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီမှပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ရီရီတင် တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာတို့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက် နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်၊ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းသိန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ကြော်ငြာစာ
[မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၁(စ)]
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၂၀ ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်-၇၇
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၊ သီရိဂုဏ်အိမ်ရာ၊ (၁၆/၂) ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် (၅/၅၈)နေ (Golden State International Limited) (၎င်း၏ကိုယ်စားမန်နေဂျင်းဒါရိုက်တာ ဦးလှမိုး)က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ Online မှတ်ပုံတင်ရန် သတ်မှတ်ရက်ထက်ကျော်လွန်ခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ လွတ်ငြိမ်းခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ နံနက် (၁၀:၀၀) နာရီ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စာလှယ်တစ်ဦးအားဖြင့် သော်လည်းကောင်း လာရောက် ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော (Golden State International Limited)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ထောက်ကြန့်တိုးချဲ့ ၂/၁)၊ မြေကွက်အမှတ် (၂၇၄)၊ ဧရိယာ (၀.၀၂၈) ကေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ နီလာလမ်း၊ အမှတ် (၂၇၄) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးတင်ထွဋ် [၁၂/ပဘတ(နိုင်)၀၁၅၄၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကျော်သူ [၅/ဝလန(နိုင်)၁၁၁၆၃၂]၊ ဒေါ်ဇင်မာဝင်း [၁၂/မဘန(နိုင်)၁၄၉၆၁၂]တို့မှ အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးကျော်သူနှင့် ဒေါ်ဇင်မာဝင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)
Ph- 09-450023651, 09-793568375
Level ၅၊၆၊၇၊၈၊ တာဝါ(၂)၊ HAGL Myanmar Center Towerr အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၄)လမ်း၊ အမှတ်(၁၀၀၅)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ ပထမထပ်(တိုက်မျက်နှာမူလက်ဝဲဘက်အခန်း)၊ ဧရိယာ (၁၀၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ငွေး [၁၂/ဥကမ(နိုင်)၂၀၁၁၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းလွင် [၁၂/ရကန(နိုင်)၀၇၂၅၉၄]၊ ဒေါ်ခိုင်သင်းနွယ် [၁၂/တမန (နိုင်)၁၀၉၆၅၆]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းထွန်းလွင်နှင့် ဒေါ်ခိုင်သင်းနွယ် တို့၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)
Ph- 09-450023651, 09-793568375
Level ၅၊ ၆၊ ၇၊ ၈၊ တာဝါ(၂)၊ HAGL Myanmar Center Towerr အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

GRAND STYLE TILES EXPO'20

EVERYDAY LOW PRICE

GRAND STYLE

Special discount for flooring*

ကြမ်းခင်း ပစ္စည်းများအတွက် အထူးလျှော့ဈေး

20% + 3%

1/06 - 31/08, 2020

*except one price items

Tel. +95-9785088486,+95-95088488 www.grandstylemm.com GrandStyleMM

Thiriyadanar Wholesale Market Compound

RUBY ကားစီးလုံးဘသည်
09-51-77212, 519100, 535100
ရိုးစဉ်မျိုးစုံအတွက် ... Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Shine Condo ၊ အမှတ်-၁၁၀၅(၁၁လွှာ)နေ Bright ၏မွေးအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Shine Construction and Engineering Company သို့ မေ့တိုင်ကီ ဖြစ်ပေါ်ရေး ကိစ္စနှင့်ပတ်သက်၍ နားလည်မှုလွဲမှားသော မှတ်တမ်းစာချုပ်တွင် Bright မှ မှားယွင်းစွာပြောဆိုတိုက်ပါသည်။ အထက်ပါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းကိစ္စသည် Shine Construction and Engineering Company နှင့် သိုက် မသက်ဆိုင်ပါ။

သို့ဖြစ်ပါ၍ Shine Construction and Engineering Company မှ သက်ဆိုင်သူများနှင့် ဝန်ထမ်းများအား တောင်းပန်အပ်ပြီး အများပြည်သူ၏ ယုံကြည်မှုပြန်လည်ရရှိစေရန် မှတ်တမ်းစာချုပ်ပေါ်တွင် ရေးသားထားသည့်အကြောင်းအရာအား ပြန်လည်ဖျက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိုးလှဲ့လှဲ့နိုင် (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ(စဉ်-၄၂၉၇၈)
[illegible]

သီဟလင်း
အိပ်ခြေ/အိပ်ရွေ့ရှည်ပုံငွေ
(10',14',16',18',22')
[illegible]
01-7570307
09-5112729
09-73009734
09-73242979

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခံ
[illegible] ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းဆိုင်(၁) - အမှတ်(၂၉၈)၊ [illegible]
Ph: 09-5076661, 09-5076662, 09-5076663

အရောင်းဆိုင်(၂) - [illegible]
Ph: 09-5425251, 09-73225484

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ဂုဏ်တန်ရပ်)၊ ဦးပိုင်အမှတ်(၉၇)၊ မြေဧရိယာ(၀.၀၇၇)ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးထိန်လင်းမောင်(ဘ)ဦးအုန်းမြင့်[၉/လဝန(နိုင်)၁၂၄၂၁၉]မှ လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမှတ်(၁၂/၂၀၂၀) မှတ်ပုံတင်တရားရုံး ကျမ်းကျိန်လွှာ၊ အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားကတိစာချုပ်၊ ကိုယ်တိုင်ကတိဝန်ခံချက်မှုရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ဇော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်တားသွားဆူကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘီးသွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

အမြန်ရောင်းမည် (ပွဲစားမလိုပါ)

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသ္သဖယားလမ်း၊ ဘိုမင်္ဂြိုဟ်ဘုရားပိုင်မြေ အမည်ပေါက် မြေအကျယ် (၂၆×၆၈)ပေအကျယ်ရှိ မြေပေါ်တွင် ပေ(၂၀×၄၁)၊ (၂)ထပ်တိုက်အပေါ် ထပ်ရှာထိုးခင်းရေမီးအစုံ ရောင်းဈေး (၂၇၅၀)သိန်း။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၉၉၀၇၅၊ ၀၉-၇၉၉၉၉၉၈၅၄

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆၊ မြေကွက်အမှတ်(၁၅၉)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆-ရပ်ကွက်၊ ရဲကျော်သူလမ်းနှင့်ရဲရန်ပိုင်လမ်းထောင့်၊ အမှတ်(၁၅၉)ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးညီညီ[၁၃/တကန(နိုင်)၁၂၃၆၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဆောက်လုပ်ရေးအထူးအဖွဲ့(၅)၊ ဝန်ထမ်းအိမ်ရာ၊ ရန်အောင်(၁)လမ်း၊ (၂)ရပ်ကွက်နေ ဒေါ်ဥမ္မာစိုး (ဘ) ဦးစိုးမြင့် နိုင်ငံသားစိစစ်ရေးအမှတ် [၉/စကတ(နိုင်)၀၅၈၇၅၉] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။



အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ်စသည့် အရွယ်အစားအမျိုးအစားဖြင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ် အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့် ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည့်အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

